# မသန်စွမ်းသူများ၏
# အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ
# နှစ်ပတ်လည်အစီရင်ခံစာ

# National Committee on the Rights of Persons with Disabilities Annual Report

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ ၁ ရက်မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ၊ ၃၁ ရက်အထိ

From 1st January 2020 to 31st August 2021

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဥပဒေပေ ယျာဇဉ် | ၁ |
| ၂။ | အမှာစာ | ၃ |
| ၃။ | အမှတ်တံဆိပ် (LOGO)၏ အဓိပ္ပာယ်နှင့် ရှင်းလင်းချက် | ၅ |
| ၄။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၂၀) အစည်းအဝေး | ၆ |
| ၅။ | မသန်စွမ်းသူများ၏  အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၂၀) အစည်းအဝေး | ၇ |
| ၆။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၀) အစည်းအဝေး | ၈ |
| ၇။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၂/၂၀၂၀) အစည်းအဝေး | ၉ |
| ၈။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ | ၁၀ |
| ၉။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ | ၁၄ |
| ၁၀။ | ကာကွယ်ရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၇ |
| ၁၁။ | ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၉ |
| ၁၂။ | နိုင်ငံခြားရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောက်ရွက်ပေးခဲ့မှုများ | ၂၁ |
| ၁၃။ | နယ်စပ်ရေးရာဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏  အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၂၃ |
| ၁၄။ | ပြန်ကြားရေးဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၃၂ |
| ၁၅။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၄၇ |
| ၁၆။ | သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၄၉ |
| ၁၇။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၅၀ |
| ၁၈။ | စက်မှုဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၅၃ |
| ၁၉။ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၅၅ |
| ၂၀။ | အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၆၁ |
| ၂၁။ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၆၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၂။ | ပညာရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၆၄ |
| ၂၃။ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၇၀ |
| ၂၄။ | ကျန်းမာရေးဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၇၄ |
| ၂၅။ | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၇၆ |
| ၂၆။ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဗိသုကာဌာနခွဲ<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၈၂ |
| ၂၇။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၈၄ |
| ၂၈။ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၉၄ |
| ၂၉။ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၉၅ |
| ၃၀။ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီ<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၉၇ |
| ၃၁။ | ကချင်ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၉၉ |
| ၃၂။ | ကယားပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၀၀ |
| ၃၃။ | ကရင်ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၀၂ |
| ၃၄။ | ချင်းပြည်နယ် မသန်စွမ်းများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၀၄ |
| ၃၅။ | စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၀၅ |
| ၃၆။ | တနင်္သာရီတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၀၉ |
| ၃၇။ | ပဲခူးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၁၁ |
| ၃၈။ | မကွေးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၁၅ |
| ၃၉။ | မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၁၈ |
| ၄၀။ | မွန်ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၂၅ |
| ၄၁။ | ရခိုင်ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၂၈ |
| ၄၂။ | ရန်ကုန်တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာဆောင်ရွက်ပေးခဲ့မှုများ | ၁၂၉ |
| ၄၃။ | ရှမ်းပြည်နယ်မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၃၃ |
| ၄၄။ | ဧရာဝတီတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၃၅ |
| ၄၅။ | မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၃၆ |



## ဦးယျောဇဉ်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၃၂ (က)နှင့်အညီ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အခွင့်အရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးက ထုတ်ပြန်ကြေညာထားသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities – UNCRPD) ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ နိုင်ငံတော်အနေဖြင့် ကွန်ဗင်းရှင်းကို ထိရောက်စွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) နှင့် နည်းဥပဒေများ (၂၀၁၇) တို့ကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေနှင့် နည်းဥပဒေတို့ကို နိုင်ငံတစ်ဝန်း ထိထိရောက်ရောက် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ကော်မတီတို့ကို အသီးသီးဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် သက်ဆိုင်ရာ ကဏ္ဍအလိုက် မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရေးရာ၊ သုတေသန၊ စောင့်ကြည့်အကဲဖြတ်၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များ၊ သတင်းအချက် အလက်နည်းပညာနှင့် လက်လှမ်းမီရရှိနိုင်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ၊ တရားမျှတမှုရရှိပိုင်ခွင့် စသည့်ဆပ်ကော်မတီ (၉) ခုကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

၃။ မသန်စွမ်းသူများရင်ဆိုင်နေကြရသော နေ့စဉ်ဘဝ ရပ်တည်ရှင်သန်နေထိုင်မှုခက်ခဲခြင်း၊ ဆင်းရဲနွမ်းပါးမှု မြင့်မားခြင်း၊ ပညာသင်ယူတတ်မြောက်ခွင့်နည်းပါးခြင်းနှင့် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်းစသည့် မညီမျှမှုများကို တစ်ပြေးညီ လျှော့ချနိုင်ရေးသည် အားလုံးပါဝင်သော လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးဆောင်ရွက်ရာတွင် အလွန်အခြေခံကျပါသည်။ ထိုသို့ ဖန်တီးဆောင်ရွက်ရာတွင် ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းနှင့်သာမက ပြည်သူလူထုအပါအဝင် ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးရှိ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုသည်လည်း အရေးကြီးပါသည်။

၄။ ထို့ကြောင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် ပြည်သူလူထု အတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဆောင်ရွက်နေမှုအခြေအနေတို့ကို အသိပညာမြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာရေးသားရေးအဖွဲ့ကို ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်နှင့် အခြားမိတ်ဖက် အဖွဲ့အစည်းများအပါအဝင် မသန်စွမ်းအဖွဲ့အစည်းများ၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ပထမအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

၅။ အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာရေးသားရေးအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့အထိ (၁)နှစ်နှင့်(၈)လတာကာလ ဆောင်ရွက်ခဲ့သည့် မသန်စွမ်းမှုနှင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းအစီအစဉ်တို့ကိုလည်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီနှစ်ပတ်လည်အစီရင်ခံစာ ဒုတိယအကြိမ်အဖြစ် ပြုစုထုတ်ဝေခြင်းဖြစ်သည်။

၆။ ဒုတိယအကြိမ်အစီရင်ခံစာတွင် ကျင်းပပြီးစီးခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးတို့တွင် ချမှတ်ခဲ့သည့် အစည်း အဝေးဆုံးဖြတ်ချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် နှစ်စဉ်တိုးတက်ပြောင်းလဲမှု အားနည်းချက်၊ အားသာချက်တို့ကို ပြုစုဖော်ပြထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ တင်သွင်းရန်လိုအပ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအား အကောင်အထည်ဖော်ဆောင်ရွက်သည့် ပုံမှန်အစီရင်ခံစာများ ရေးသားပြုစုရာတွင်လည်း အထောက်အကူပြုစေမည် ဖြစ်ပါသည်။

၇။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာများအရ မသန်စွမ်းမှုသည် လူ့အဖွဲ့အစည်း အတွင်းရှိ စိတ်သဘောထားပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ အတားအဆီးများကြောင့်သာ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၃၀ အစီအစဉ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ၏ အခြေခံမူဖြစ်သော မည်သူမျှနောက်ကျမကျန်ရစ်စေရေး (Leaving no one behind) ကို ပြည့်မီစေရေး ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းသည် အဓိကကျ သည့် အချက်တစ်ခုဖြစ်ပါသည်။ အဆိုပါ အခြေခံမူနှင့်အညီ မသန်စွမ်းသူများသည်လည်း နိုင်ငံတော်၏ တန်ဖိုးရှိ လူ့စွမ်းအား အရင်းအမြစ်တစ်ခုဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်ဖြစ်ကြောင်း ပြည်သူ လူထုအနေဖြင့် လက်ခံယုံကြည်ပြီး အားလုံးပါဝင်သော ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဆီသို့ ရောက်ရှိ နိုင်ရန် လျှောက်လှမ်းရာတွင် ဤအစီရင်ခံစာသည် အရေးပါသည့် သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံ စာကို ရေးသားပြုစုခဲ့ကြသည့် အစီရင်ခံစာရေးသားရေးအဖွဲ့နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသော တာဝန်ရှိ ပုဂ္ဂိုလ်အသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုအပ်ပါသည်။



**ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း**
**ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ဥက္ကဋ္ဌ**
**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**



## အမှာစကား

၁။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မသန်စွမ်းမှုဆိုင်ရာစစ်တမ်းကို ၂၀၀၈-၂၀၀၉ တွင် ကောက်ယူခဲ့ပြီး နိုင်ငံ့လူဦးရေ၏ (၂.၃၂) ရာခိုင်နှုန်းခန့်သည် မသန်စွမ်းသူများဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်းစာရင်းကောက်ယူရာတွင်လည်း မသန်စွမ်းသူများနှင့် စပ်လျဉ်းသည့် အချက်အလက်များသိရှိရန် ထည့်သွင်းကောက်ခံခဲ့ရာ နိုင်ငံ့လူဦးရေ၏ (၄.၆) ရာခိုင်နှုန်းခန့်သည် မသန်စွမ်းသူများဖြစ်ကြောင်း သိရှိရပါသည်။

၂။ ယနေ့ကမ္ဘာကြီးသည် လူသားတို့ကြောင့် ဖြစ်ပေါ်လာသည့် လူမျိုးရေးနှင့် စီးပွားရေး ပဋိပက္ခများ၊ လက်နက်ကိုင် ပြဿနာများ၊ သဘာဝဘေးအန္တရာယ်များ၊ နာတာရှည်ခံစားနေရသော ရောဂါဝေဒနာများ၊ ယာဉ်မတော်တဆဖြစ်မှုများနှင့် မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရမှုများနှင့် အန္တရာယ်ဖြစ်နိုင်ခြေရှိသော လုပ်ငန်းပတ်ဝန်းကျင်များကြောင့် မသန်စွမ်းသူဦးရေနှင့် မသန်စွမ်းမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တို့ တိုးပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံအနေဖြင့် တိုးပွားလာသည့် မသန်စွမ်းသူဦးရေနှင့်အညီ မူဝါဒနှင့်လုပ်ငန်းစဉ်တို့ကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ချမှတ်ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများနှင့် ဆပ်ကော်မတီ (၉) ခုတို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၄။ တစ်နိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများ အကောင်အထည်ဖော်မှု အချက် အလက်များကို စုစည်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ယခု ထပ်မံပြုစုရေးသားထုတ်ဝေသည့် ဒုတိယအကြိမ်နှစ်ပတ်လည်

အစီရင်ခံစာသည် မသန်စွမ်းသူများအတွက် ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်တို့၏ လိုအပ်ချက်နှင့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့အတွက် များစွာအထောက်အကူဖြစ်သည်ဟု ယုံကြည်မိပါသည်။

၅။ ယခုရေးသားထုတ်ဝေသည့် ဒုတိယအကြိမ်နှစ်ပတ်လည်အစီရင်ခံစာသည် မသန်စွမ်းသူများအတွက် ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်တို့၏ လိုအပ်ချက်နှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်တို့ အတွက် များစွာအထောက်အကူဖြစ်ကြောင်း ယုံကြည်မိပါသည်။ သို့ဖြစ်ပါ၍ မသန်စွမ်းသူများ၏အခွင့်အရေး များဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာရေးသားရေးအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဆက်စပ်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် အမျိုးသားကော်မတီ၏နှစ်ပတ်လည်အစီရင်ခံစာ တို့ကို စဉ်ဆက်မပြတ်ပြုစု ထုတ်ဝေနိုင်ရန် တိုက်တွန်းအပ်ပါသည်။



ဒေါက်တာသက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ဒုတိယဥက္ကဋ္ဌ (၁)
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ
အမျိုးသားကော်မတီ

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ
National Committee on the Rights of Persons with Disabilities Annual Report

## အမှတ်တံဆိပ် (Logo) ၏ အဓိပ္ပာယ်နှင့် ရှင်းလင်းချက်

၁။ **လက်ဖဝါးပုံ (၄) ခုသင်္ကေတ** – လက်ဖဝါးပုံ(၄)ခု၏ သင်္ကေတမှာ– မသန်စွမ်း(၄)မျိုးအား ကိုယ်စားပြုလက်တွဲပြီး ၎င်းတို့ အခွင့်အရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သည့် သင်္ကေတဖြစ်ပါသည်။

၂။ **လက်ဖဝါးပုံ (ပြာနု) သင်္ကေတ** – လက်ဖဝါးပုံ (ပြာနု)၏ သင်္ကေတမှာ– လူ့အခွင့်အရေး (Human Right) ကို ကိုယ်စားပြုပါသည်။

၃။ **လက်ဖဝါးပုံ (ဝါ၊ စိမ်း၊ နီ) သင်္ကေတ** – လက်ဖဝါးပုံ (ဝါ၊ စိမ်း၊ နီ) ၏ သင်္ကေတမှာ– နိုင်ငံတော်အလံအရောင်ဖြစ်သဖြင့် နိုင်ငံတော်အား ကိုယ်စားပြုပါသည်။

၄။ **အလယ်အဝိုင်းသင်္ကေတ(ခရမ်း)** – အလယ်အဝိုင်းသင်္ကေတမှာ– မသန်စွမ်းသူများ၏ အခွင့်အရေးကို ကိုယ်စားပြုပါသည်။

၅။ **အဖြူရောင်ကွက်လပ်သင်္ကေတ** – အဖြူရောင်ကွက်လပ်သင်္ကေတ (Space)မှာ– အလယ်အဝိုင်းနှင့် **(Space)** လက်များ၏ကြားရှိ အဖြူရောင် ကွက်လပ် (Space) များသည် မသန်စွမ်း သူများကိုယ်တိုင် အခွင့်အရေးရဖို့ နေရာလပ်အဖြစ် လုပ်ပိုင်ခွင့် (Empowerment) ပေးထားသည်ကို သရုပ်ဖော်ပြခြင်းဖြစ်ပါသည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၂၀) အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌပြောကြားသည့် အမှာစကား ကောက်နုတ်ချက်

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်း မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အခြားကဏ္ဍများနည်းတူ နောက်ကျ မကျန်ရစ်စေရန် အရှိန်အဟုန်ဖြင့် တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အသိပညာပေးမှုအပိုင်းတို့တွင် မသန်စွမ်းမှုအလိုက် မျက်မမြင်လက်စမ်းစာဖြင့်လည်းကောင်း၊ လက်သင်္ကေတပြဘာသာစကားဖြင့်လည်းကောင်း၊ Video Clip များဖြင့်လည်းကောင်း၊ ကိုဗစ်-၁၉ ဆိုင်ရာ နေ့စဉ်ဆောင်ရွက်မှုအခြေအနေတို့ကို သိရှိနိုင်စေရေးအတွက် မသန်စွမ်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊

၂။ ဆင်းရဲနွမ်းပါးမသန်စွမ်းသူများနှင့် မိသားစုများ၊ Home Quarantine နေရသည့် မသန်စွမ်းသူများနှင့် မိသားစုများ၊ Facility Quarantine စင်တာသို့ အပို့ခံရသည့် မသန်စွမ်းသူများ၊ မိသားစုများနှင့် ကိုဗစ်-၁၉ ရောဂါကိုယ်တိုင်ခံစားနေရသည့် မသန်စွမ်းသူများအတွက် ငွေကြေးထောက်ပံ့ပေးခြင်းတို့ကို မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊

၃။ ကိုဗစ်-၁၉ အလွန်ကာလတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အမျိုးသားအဆင့်အစည်းအဝေး ကျင်းပပြုလုပ်သွားရန်နှင့် မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ရပ်ရွာပတ်ဝန်းကျင်ဖြစ်စေရန် အလေးထားဆောင်ရွက်ခဲ့သည့် နေပြည်တော် ရေပန်းဥယျာဉ်နှင့် မြို့မဈေးတို့ရှိ တည်ဆောက်ရေးလုပ်ငန်းတို့ကို စံနမူနာထား၍ အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ဆောင်ရွက်ရန်လိုပါကြောင်း၊

၄။ အလားတူ ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပမှ မသန်စွမ်းသူခရီးသွားများအတွက် အတားအဆီးကင်းမဲ့ပြီး အလွယ်တကူသွားလာလည်ပတ်နိုင်ရေးအတွက် Barrier Free Tourism Pilot Project ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

၅။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကော်မတီသို့ တင်သွင်းရမည့် ပုံမှန်အစီရင်ခံစာအတွက်လည်း အထောက်အကူပြုသောကြောင့် အင်္ဂလိပ်၊ မြန်မာ (၂) ဘာသာဖြင့် နှစ်စဉ်ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

၆။ မြန်မာနိုင်ငံမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ကနဦးအစီရင်ခံစာ (၂၀၁၅) နှင့် စပ်လျဉ်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကော်မတီမှ ပေးပို့သည့် Concluding Observation ပါ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်နိုင်ရေးအတွက် အစီရင်ခံစာရေးသားပြုစုရေး အဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊

၇။ မသန်စွမ်းသူများ၏အခွင့်အရေးအပြည့်အဝရရှိနိုင်ရန် ဆောင်ရွက်သည့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်၏ ရှေ့ပြေးစီမံကိန်းတို့ကို သတ်မှတ်နေရာများတွင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

၈။ ASEAN Enabling Masterplan အား အခြေခံပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan) နှင့် ချိတ်ဆက်ကာ ရေးဆွဲနေသော မဟာဗျူဟာ (၅) နှစ်စီမံကိန်းအား ကိုဗစ်-၁၉ အလွန်ကာလများတွင် အပြီးသတ်ရေးဆွဲနိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၂၀) အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌပြောကြားသည့် အမှာစကား ကောက်နုတ်ချက်

၁။ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊

၂။ မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မသန်စွမ်းသူများအားလုံး အကျိုးဝင်ပါဝင်စေရန် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်သည် အဓိကအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

၃။ မသန်စွမ်းသူများအနေဖြင့် ဂုဏ်သိက္ခာရှိစွာနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် မသန်စွမ်းမှု အမျိုးအစားအလိုက် သက်ဆိုင်ရာဒေသနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေများရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများအား နိုင်ငံတော်က ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊

၄။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကဏ္ဍသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လာသည့်အတွက် ရှေ့ဆက်ပြောင်းလဲလာသည့်အခြေအနေများကိုမူတည်ကာ ပိုမိုထိရောက်သည့်အကာအကွယ်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြန်လည်သုံးသပ် ညှိနှိုင်းခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊

၅။ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလမတိုင်မီ မသန်စွမ်းသူများပါဝင် မဲပေးနိုင်ရေး အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဲစာရင်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသည့် မသန်စွမ်းသူအားလုံး မဲပေးနိုင်ရေးအတွက် မဲရုံများတွင် မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ရေးအတွက် လျှောစောက်များ ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းမှုအလိုက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်းများ ဆောင်ရွက်ခဲ့ရာ မသန်စွမ်းသူစုစုပေါင်း (၈၇၀၀၀) ကျော် ပါဝင်မဲပေးနိုင်ခဲ့ပြီး ယခင်ရွေးကောက်ပွဲများထက် မသန်စွမ်းသူများ၏ ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်များပြားလာသည်ကို အသိအမှတ်ပြုရမည် ဖြစ်ပါကြောင်း၊

၆။ ပြီးခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးများတွင် ချမှတ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်ဆောင်ရွက်မည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်၍ မသန်စွမ်းသူများအပေါ် အကျိုးဖြစ်ထွန်းစေမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများကို အသိအမှတ်ပြုအလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၀) အစည်းအဝေး

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၀) ညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ (၁၃.၅.၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ အဖွင့် အမှာစကားပြောကြားခဲ့ပါသည်။

၂။ အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူမှုရေးဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိ သူများ၊ မသန်စွမ်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

၃။ ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၂/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား Power Point ဖြင့် ရှင်းလင်းဆွေးနွေးရာ အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပါသည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၂/၂၀၂၀) အစည်းအဝေး

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၂/၂၀၂၀) ညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ (၆.၁၀.၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၃:၀၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

၂။ အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူမှုရေးဝန်ကြီးများ၊ မြန်မာ နိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြား ရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မသန်စွမ်းအသင်းအဖွဲ့ များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

၃။ ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၀) အစည်းအဝေးဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား Power Point ဖြင့် ရှင်းလင်းဆွေးနွေးပြီးနောက် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးက ကျေးဇူးတင် စကားပြောကြားပါသည်။

၄။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများနှင့် ပတ်သက်၍ မူဝါဒပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာ စနစ် တကျဆောင်ရွက်နိုင်ခဲ့ခြင်းသည် ကြီးမားသောပြောင်းလဲမှုဖြစ်ပြီး မသန်စွမ်းသူများကိုယ်တိုင် မိမိတို့၏ အခွင့်အရေးများအား ဖော်ဆောင်ရာတွင် မိမိတို့ကိုယ်တိုင် ကြိုးစားဆောင်ရွက်ရမည်ဆိုသည့် အသိစိတ်နှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်မှုတို့ကို ဆက်တိုက်ရရှိခဲ့ခြင်းဖြစ်ပါကြောင်းနှင့် အောင်မြင်မှုများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက် သွားကြရန် ပြောကြားခဲ့ပါသည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီကို (၃၀-၉-၂၀၂၁)ရက်စွဲပါ စာအမှတ် ၃၁၁/၂၀၂၁ ဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | ဒုတိယဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| ၂။ | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ(၂) |
| ၄။ | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆။ | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇။ | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈။ | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) | အဖွဲ့ဝင် |
| ၉။ | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂) | အဖွဲ့ဝင် |
| ၁၀။ | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁။ | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၂။ | ဒုတိယဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၃။ | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၄။ | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၅။ | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၆။ | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၁၇။ | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၈။ | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၉။ | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၂၀။ | ဒုတိယဝန်ကြီး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၂၁။ | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၂၂။ | နေပြည်တော်ကောင်စီဥက္ကဋ္ဌက<br>တာဝန်ပေးအပ်သူကောင်စီဝင်(၁)ဦး | အဖွဲ့ဝင် |
| ၂၃။ | ကချင်ပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၂၄။ | ကယားပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၂၅။ | ကရင်ပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁) ဦး | အဖွဲ့ဝင် |
| ၂၆။ | ချင်းပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁) | အဖွဲ့ဝင် |
| ၂၇။ | စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၂၈။ | တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၂၉။ | ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၃၀။ | မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၃၁။ | မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁)ဦး | အဖွဲ့ဝင် |
| ၃၂။ | မွန်ပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၃၃။ | ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၃၄။ | ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၃၅။ | ရှမ်းပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၃၆။ | ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး(၁)ဦး | အဖွဲ့ဝင် |
| ၃၇။ | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၈။ | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၉။ | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄၀။ | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄၁။ | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄၂။ | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄၃။ | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄၄။ | အမြဲတမ်းအတွင်းဝန်<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄၅။ | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄၆။ | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄၇။ | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| ၄၈။ | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန၊<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄၉။ | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန၊<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅၀။ | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၅၁။ | ကိုယ်စားလှယ်(၁)ဦး<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| ၅၂။ | ကိုယ်အင်္ဂါမသန်စွမ်းသူများကရွေးချယ်စေလွှတ်သော<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ၅၃။ | အမြင်အာရုံမသန်စွမ်းသူများက ရွေးချယ်စေလွှတ်သော<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ၅၄။ | အကြားအာရုံမသန်စွမ်းသူများက ရွေးချယ်စေလွှတ်သော<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ၅၅။ | ဉာဏ်ရည်မသန်စွမ်းသူများက ရွေးချယ်စေလွှတ်သော<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ၅၆။ | မသန်စွမ်းတစ်မျိုးထက်ပိုသူများက<br>ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ၅၇။ | အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများက<br>ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ၅၈။ | စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များကရွေးချယ်ခြင်းခံရသော<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ၅၉။ | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ၆၀။ | အထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | တွဲဖက်အတွင်းရေးမှူး |

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို (၈-၁၀၂၀၂၁) ရက်စွဲပါ စာအမှတ် ၃/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂။ | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ(၂) |
| ၄။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၂။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၃။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၄။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၁၅။ | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၆။ | ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၇။ | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၈။ | ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၉။ | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၂၀။ | ကိုယ်စားလှယ်(၁)ဦး<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်) | အဖွဲ့ဝင် |
| ၂၁။ | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| ၂၂။ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ၂၃။ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| ၂၄။ | အမျိုးသားကော်မတီဝင်<br>အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများက<br>ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ၂၅။ | အမျိုးသားကော်မတီဝင်<br>စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များက<br>ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ၂၆။ | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး (၁) |

| | | |
|---|---|---|
| ၂၇။ | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး (၂) |
| ၂၈။ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| ၂၉။ | အထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | တွဲဖက်အတွင်းရေးမှူး (၂) |

## ကာကွယ်ရေးဝန်ကြီးဌာန
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ



E-BIKE မှတ်တမ်းဓာတ်ပုံများ



လျှပ်စစ်သုံးဘီး E-BIKE ထောက်ပံ့ပေးနေမှု
မှတ်တမ်းဓာတ်ပုံများ



ဘီးတပ်ကုလားထိုင် မှတ်တမ်းဓာတ်ပုံများ



ဘီးတပ်ကုလားထိုင် ထောက်ပံ့ပေးနေမှု
မှတ်တမ်းဓာတ်ပုံများ





နှစ်မျိုးစွန့်ရိက္ခာစရိတ် လစဉ် (၁၀,၀၀၀) ကျပ်နှုန်း ထောက်ပံ့နေမှု
မှတ်တမ်းဓာတ်ပုံ





နှစ်မျိုးစွန့်ရိက္ခာစရိတ် လစဉ် (၁၀,၀၀၀) ကျပ်နှုန်းထောက်ပံ့နေမှု
မှတ်တမ်းဓာတ်ပုံ





ဆေးနိမ့်စစ်သည်များအား ခြေတုပြုလုပ်ပြင်ဆင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအထိ ဘီးတပ်ကုလားထိုင်နှင့် လျှပ်စစ်သုံးဘီး E-Bike ထောက်ပံ့ပေးနိုင်မှုစာရင်း

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | ဘီးတပ်ကုလားထိုင် | ၂၀၄ | |
| ၂ | E-Bike | ၃၆ | |

၉/၂၀၂၁ လအထိ နှစ်မျိုးစွန့်စစ်သည် (၁၇၄) ဦးရှိပြီး ၂၀၁၀ ခုနှစ်မှစ၍ လစဉ် ၁၀,၀၀၀ ကျပ်နှုန်း ထောက်ပံ့ပေးခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအထိ (၉၈,၂၃၀,၀၀၀) ကျပ်အား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောက်ရွက်ပေးခဲ့မှုများ

၁။ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသော အကျဉ်းသား/အကျဉ်းသူများကို ရေချိုးချိန်၌ လူအများဖြင့်ရောနှောရေချိုးခြင်းမပြုစေဘဲသီးခြားစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်မှစတင်၍ ဆောက်လုပ်ခွင့်ပြုသော အကျဉ်းသား အိပ်ဆောင်များ၌ ရိုးရိုးအိမ်သာများအပြင် ဘိုထိုင်အိမ်သာကို ထည့်သွင်းဆောက်လုပ်စေလျက်ရှိရာလူ (၂၀၀) ဦး ဆန့် နှစ်ထပ်အိပ်ဆောင်သစ်တစ်လုံးဆောက်လုပ်ပါက အပေါ်ထပ်တွင် ဘိုထိုင်အိမ်သာ (၂)လုံး၊ အောက်ထပ်တွင် ဘိုထိုင်အိမ်သာ (၂) လုံး ထည့်သွင်းဆောက်လုပ်စေပါသည်။ အသစ်ဆောက်လုပ် ခွင့်ပြုသော အိမ်သာများ၌လည်း ဘိုထိုင်အိမ်သာကို ထည့်သွင်းဆောက်လုပ်စေလျက်ရှိပါသည်။ ဘိုထိုင်အိမ်သာ ထပ်မံဆောက်လုပ်ရန် နေရာမရှိသည့် အကျဉ်းထောင်များတွင် မိလ္လာထိုင်ခုံ ဝယ်ယူထားရှိပေးပါသည်။

၃။ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသော အကျဉ်းသား/ အကျဉ်းသူများကို အလုပ်ခိုင်းစေခြင်း မပြုဘဲ ၎င်းတို့ဝါသနာပါသည့် အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှု ဆောင်ရွက်စေခြင်း၊ စာကြည့်တိုက်မှ စာအုပ်များယူဆောင်စေ၍ အေးဆေးစွာစာဖတ်စေခြင်းတို့ကို ဆောင်ရွက်စေပါသည်။

၄။ အလုပ်ခိုင်းစေခြင်းမရှိသော်လည်း အကျဉ်းထောင်စည်းကမ်းဖောက်ဖျက်ခြင်း မရှိပါက လျှော့ရက်ခံစားခွင့်ကို အခြားသူများနည်းတူခံစားခွင့်ပြုပေးပါသည်။

၅။ ထမင်းနှင့်အစားအသောက် ဝေငှရာတွင် အများနည်းတူတန်းစီရန် မလိုအပ်ဘဲ သီးခြား ဝေငှပေးပါသည်။

၆။ ထောင်ဝင်စာတွေ့ဆုံချိန်များတွင် အပြန်အလှန်စကားပြောရန် အခက်အခဲရှိနိုင်သဖြင့် သတ်မှတ်အချိန်ထက် ပို၍တွေ့ဆုံပေးခြင်း၊ လိုအပ်ပါက သီးခြားတွေ့ဆုံပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

၇။ ICRC နှင့်ပူးပေါင်း၍ခြေတုတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ အကျဉ်းသား (၉) ဦးကို ခြေတု တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

၈။ အမြင်အာရုံချို့ယွင်းသူ ကျား (၁) ဦး၊ လက်တစ်ဖက်ပြတ်သူ ကျား (၉) ဦး၊ ခြေထောက်တစ်ဖက်ပြတ်သူ ကျား (၂၆) ဦး၊ လေဖြတ်/ကျန်းမာရေးမကောင်း၍ အိပ်ရာထဲလဲနေသူ ကျား (၇) ဦး ရှိပါသည်။ ၎င်းတို့သည် ထောင်ဝင်စာတွေ့ဆုံရာတွင် အများနှင့်ရောနှော တွေ့ဆုံရခြင်းမရှိဘဲ သီးခြားတွေ့ဆုံပေးပါသည်။ လိုအပ်ပါက မိသားစုဝင်များအား အကျဉ်းထောင်အတွင်းသို့ခေါ်ယူ၍ ၎င်းတို့၏ အိပ်ဆောင်၌ တွေ့ဆုံပေးပါသည်။ ထမင်းစားခြင်း၊ ရေချိုးခြင်းတို့၌ သီးခြားဆောင်ရွက်ပေးပါသည်။ ထောင်တွင်းကျန်းမာရေးစစ်ဆေးမှုကို ပုံမှန်ဆောင်ရွက်ပေးပြီး အထူးကုဆရာဝန်ကြီးများ လာရောက်ပါကလည်း ပြသပေးပါသည်။

၉။ အမြင်အာရုံအားနည်းသူ မှုန်ဝါးသူများကို မျက်စိအထူးကုဆရာဝန်ကြီးများဖြင့် ပြသပေးပြီး ပါဝါမျက်မှန်တပ်ရန် လိုအပ်ပါက အကျဉ်းထောင်အစီအစဉ်ဖြင့် ဝယ်ယူပေးပါသည်။

၁၀။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မသန်စွမ်းအကျဉ်းသား၊ အကျဉ်းသူအများစုကို ရေချိုးချိန် သီးခြားပေးခြင်း၊ ဘိုထိုင်အိမ်သာများ တည်ဆောက်ပေးခြင်း သို့မဟုတ် အိမ်သာများတွင် အထိုင်အထအဆင်ပြေစေရန် အစားထိုးထိုင်ခုံများပြုလုပ်ပေးခြင်း၊လက်ကိုင်တန်းများတည်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုခဲ့ရာ အဆိုပါအကြံပြုချက်အတိုင်း ဆောင်ရွက်ပေးထားပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောက်ရွက်ပေးခဲ့မှုများ

၈-၆-၂၀၂၀ ရက်တွင် ကျင်းပခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၀) တွင် ချမှတ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအနက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောက်ပါအချက်များကို ဆောင်ရွက်ထားပြီး ဖြစ်ပါသည်-

**(က) အစီရင်ခံစာများအား Simplified Reporting Procedure ဖြင့် တင်သွင်းရန်ကိစ္စ**

(၁) မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသို့ ဒုတိယ၊ တတိယနှင့် စတုတ္ထအကြိမ်မြောက် အစီရင်ခံစာများအား ၂၀၂၅ ခုနှစ်မတိုင်မီ တင်သွင်းရန်ရှိပြီး၊ Simplified Reporting Procedure ဖြင့် ရေးသားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန၏ ပြန်ကြားချက်အရ ၂၉-၆-၂၀၂၀ ရက်တွင် မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့မှတစ်ဆင့် ကုလသမဂ္ဂဘက်သို့ အကြောင်းပြန်ကြားခဲ့ပြီး ဖြစ်ပါသည်။

(၂) Simplified Reporting Procedure ၏ သဘောတရားအရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းမှပေးပို့လာသည့် List of issues များကို မိမိတို့ဘက်မှ ပြန်ကြားရမည်ဖြစ်သဖြင့် ၎င်းတို့ဘက်မှ မေးမြန်းလာနိုင်သည့် မေးခွန်းများ၊ ထောက်ပြလာနိုင်သည့် အားနည်းချက်များကို ကြိုတင်လေ့လာ၍ ထိရောက်စွာနှင့် လိုတိုရှင်း ဖြေကြားသွားနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ UN Committee မှ ပေးပို့လာနိုင်သည့် List of Issues များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကြိုတင်ပြင်ဆင် ညှိနှိုင်းထားသင့်ပါသည်။

**(ခ) Marrakesh Treaty ကိစ္စ**

(၁) နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Marrakesh Treaty နှင့်စပ်လျဉ်း၍ Focal အဖြစ် ဆောင်ရွက်လျက်ရှိသောစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(၂) နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Marrakesh Treaty နှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပနိုင်ရေး ကူညီပံ့ပိုးပေးနိုင်မှုရှိ-မရှိအား ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ WIPO ရုံးချုပ်သို့ ဆက်သွယ်မေးမြန်းခဲ့ပါသည်။ WIPO ရုံးချုပ်မှ မူပိုင်ခွင့်နှင့် တီထွင်ဖန်တီးမှုလုပ်ငန်းများဌာနခွဲ (Copyright and Creative Industries Sector) က ဆွေးနွေးပွဲ ပြင်ဆင်ဆောင်ရွက်ရေး အပေါ် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ ယင်းဌာနခွဲမှ ကိုယ်စားလှယ်များအနေဖြင့်လည်း ဆွေးနွေးပွဲ စီစဉ်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနီးကပ်စွာ ဆက်သွယ်

ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်ကြားလာပါသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သို့ ဆက်လက်အကြောင်းကြားထားပြီး ဖြစ်ပါသည်။

**(ဂ) CRPD ၏ နောက်ဆက်တွဲအခြေပြစာချုပ် (Optional Protocol) လက်မှတ်ရေးထိုးရန်ကိစ္စ**

(၁) CRPD ၏ Optional Protocol ကို လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ Focal ဝန်ကြီးဌာနဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်ကိုရယူ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်ရှိပြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လိုအပ်သည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ်နှစ်ရပ်အား အတည်ပြု ပါဝင်ထားပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များ၏ နောက်ဆက်တွဲအခြေပြစာချုပ်များအနက် ပြင်ပရှိ တိုင်ကြားမှုယန္တရား (Complaint Mechanism) သို့ မြန်မာနိုင်ငံမှ ဝင်ရောက်ခဲ့သည့် အစဉ်အလာ မရှိသေးပါကြောင်း တင်ပြအပ်ပါသည်။ CRPD ၏ Optional Protocol နှင့်စပ်လျဉ်း၍ စာချုပ်ပါ ပြဋ္ဌာန်းချက်များ၊ ပြည်တွင်းဥပဒေပြင်ဆင်ရန် လိုအပ်ချက်များ အကောင်အထည်ဖော်ရာတွင် အခြားနိုင်ငံများ၏ အလေ့အထကောင်းများကို လေ့လာသုံးသပ်မှုများပြုလုပ်၍ အဆင်သင့်ဖြစ်ချိန်တွင် စာချုပ်သို့ ဝင်ရောက်ရေးဆောင်ရွက်သင့်ပါသည်။

(၂) မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်တာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနမဟုတ်သော်လည်း ကုလသမဂ္ဂမျက်နှာစာတွင် မသန်စွမ်းသူများ အခွင့်အရေး အပါအဝင် လူ့အခွင့်အရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးရသဖြင့် Focal ဝန်ကြီးဌာနများမှ ဦးဆောင်ကျင်းပမည့် အစည်းအဝေးများ၊ လုပ်ရှားဆောင်ရွက်မှုများတွင် လိုအပ်သည့် အကြံဉာဏ်များပေးခြင်းဖြင့် ပံ့ပိုးဆောင်ရွက်သွားရန်ရှိပါသည်။

## နယ်စပ်ရေးရာဝန်ကြီးဌာန
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တပ်မတော်မှကူးပြောင်းလာသည့် မသန်စွမ်းများနှင့် အခြား မသန်စွမ်းသူများကို ဝန်ထမ်းများအဖြစ် ခန့်အပ်ထားရှိရာ စုစုပေါင်း အရာထမ်း(၁၇)ဦး၊ အမှုထမ်း(၁၄) ဦးတို့သည့် ရာထူးအဆင့်အလိုက် တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ အဆိုပါမသန်စွမ်းသူများ၏ စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမည် | ခန့်အပ် ရက်စွဲ | ခန့်အပ် ရာထူး | လက်ရှိ ရာထူး | မသန်စွမ်းမှု အခြေအနေ | လက်ရှိ ကျန်းမာရေး အခြေအနေ | သီးခြား ထောက်ပံ့ ပေးမှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးမြင့်စည် သူကျော် | ၂၉-၈- ၂၀၁၁ | ဦးစီး အရာရှိ | ဒုတိယ ညွှန်ကြား ရေးမှူး | ညာဒူး အောက်ပြတ် (EA-1) | ကောင်း မွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း)၊ ခလရ (၂၅၈) ရန် အောင် မြင် စစ် ဆင်ရေး နှင်းမိုင်း ထိ |
| ၂ | ဦးထွန်း ထွန်း အောင် | ၁၂-၁၂- ၂၀၁၁ | ဦးစီး အရာရှိ | ဒုတိယ ညွှန်ကြား ရေးမှူး | ဘယ်ဒူး အောက်ပြတ် (EA-1) | ကောင်းမွန် ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း)၊ ခလရ (၂၅၈) ရန် အောင် မြင် စစ် ဆင်ရေး နှင်းမိုင်း ထိ |
| ၃ | ဦးကျော် ကိုသန်း | ၃၁-၃- ၂၀၁၀ | ကထိက | ဒုတိယ ညွှန်ကြား ရေးမှူး၊ ဒီဂရီ ကောလိပ် (ရန်ကုန်) | ညာဒူး အထက်ပြတ် | ကောင်းမွန် ပါသည်။ | မရှိပါ | ဗိုလ်မှူး (ငြိမ်း)၊ ခမရ (၃၄၁) ဇွဲမာန် ဟိန်း စစ် ဆင်ရေး ဒေသန္တရ မိုင်းနှင်းမိ |

| စဉ် | အမည် | ခန့်အပ်ရက်စွဲ | ခန့်အပ်ရာထူး | လက်ရှိရာထူး | မသန်စွမ်းမှု အခြေအနေ | လက်ရှိ ကျန်းမာရေး အခြေအနေ | သီးခြားထောက်ပံ့ပေးမှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၄ | ဦးသန့်ဇင်ဝင်း | ၂၁-၂-၂၀၁၄ | ဦးစီးအရာရှိ | ဒုတိယ ညွှန်ကြားရေးမှူး (ရုံးချုပ်) | ခေါင်း၊ လက်၊ ခြေထောက်၊ လက်နက်ကြီးစမှန် | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး၊ (ငြိမ်း)၊ ခမရ (၅၀၁) SSA သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်စဉ် ဒဏ်ရာရရှိ |
| ၅ | ဦးကျော်ဇောလှိုင် | ၂၇-၄-၂၀၁၅ | ဦးစီးအရာရှိ | လက်ထောက် ညွှန်ကြားရေးမှူး | ဘယ်ပခုံးမှ ညာဘက်အဆုတ်သို့ လက်နက်ငယ်ကျည် ဖောက်ထွက် (EA-2) | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး၊ (ငြိမ်း)၊ ခမရ (၄၂၄) ရဲမာန် ဟိန်းစစ်ဆင်ရေး KIA သောင်းကျန်းသူများနှင့်တိုက်ပွဲဖြစ်စဉ် ဒဏ်ရာရရှိ |

| စဉ် | အမည် | ခန့်အပ် ရက်စွဲ | ခန့်အပ် ရာထူး | လက်ရှိ ရာထူး | မသန်စွမ်းမှု အခြေအနေ | လက်ရှိ ကျန်းမာရေး အခြေအနေ | သီးခြား ထောက်ပံ့ ပေးမှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၆ | ဦးမြတ်ဇော်ဦး | ၁၇-၈-၂၀၀၈ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး ကုန်ကြမ်းမြို့နယ်ရုံး | ဘယ်ဘက်ခြေထောက်ပြတ် | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခမရ (၁၁၄) စစ်ဆင်ရေးတွင် နင်းမိုင်းထိ |
| ၇ | ဦးစောလွင်မိုး | ၂၈-၆-၂၀၁၇ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး မိုင်းတုံမြို့နယ်ရုံး | ညာဘက်မျက်စိကွယ် | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခမရ (၅၀၃) စစ်ဆင်ရေး ဒဏ်ရာရ (လက်နက်ငယ်မှန်) |
| ၈ | ဦးဖြိုးဇင်ဝင်း | ၁၄-၉-၂၀၁၇ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး နေပြည်တော်၊ သို လှောင်ရုံ | ညာလက် ဖျံရိုးနှစ်ချောင်းကျိုး | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခလရ (၁၃) စစ် ဆင်ရေး ဒဏ်ရာရ (သေနတ်မှန်) |
| ၉ | ဦးသိန်းထွန်းကျော် | ၁၈-၁၀-၂၀၁၉ | ဦးစီးအရာရှိ | ဦးစီးအရာရှိ တနင်္သာရီတိုင်းဒေသကြီးရုံး | ညာဘက်ခြေသလုံးပေါက်ထွက် | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) စစ်ဆင်ရေး ဒဏ်ရာရ RPG ထိ |

| စဉ် | အမည် | ခန့်အပ်ရက်စွဲ | ခန့်အပ်ရာထူး | လက်ရှိရာထူး | မသန်စွမ်းမှုအခြေအနေ | လက်ရှိကျန်းမာရေးအခြေအနေ | သီးခြားထောက်ပံ့ပေးမှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၀ | ဦးအာကာစိုး | ၈-၅-၂၀၁၄ | လ/ထ အင်ဂျင်နီယာ | လက်ထောက်ညွှန်ကြားရေးမှူး (ရုံးချုပ်) | ဘယ်ခြေနိမ့် | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခမရ (၈၃) တိုင်အောင် စစ်ဆင်ရေး ရန်သူတိုက်မိုင်းထိခြင်း |
| ၁၁ | ဦးဖြိုးဝေခိုင် | ၁၀-၃-၂၀၁၁ | လ/ထ ကထိက | လက်ထောက်ညွှန်ကြားရေးမှူး (ရုံးချုပ်) | ဘယ်ဒူးအောက်ပြတ် | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခမရ (၂၁၇) ဖွဲမာန် ဟိန်းစစ်ဆင်ရေး ရန်သူ့မိုင်းနင်းမိခြင်း |
| ၁၂ | ဦးရဲမင်းကျော် | ၈-၆-၂၀၁၇ | ဦးစီးအရာရှိ | မော်ကွန်းထိန်းဖွံ့ဖြိုးရေးတက္ကသိုလ် | ဘယ်ခြေဖျားပြတ် | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခမရ (၃၈၅) ရဲမာန်အောင် စစ်ဆင်ရေး ရန်သူ့မိုင်းနင်းမိခြင်း |

| စဉ် | အမည် | ခန့်အပ် ရက်စွဲ | ခန့်အပ် ရာထူး | လက်ရှိ ရာထူး | မသန်စွမ်းမှု အခြေအနေ | လက်ရှိ ကျန်းမာရေး အခြေအနေ | သီးခြား ထောက်ပံ့ ပေးမှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၃ | ဦးငြိမ်း ချမ်းထွန်း | ၂၃-၇-၂၀၀၈ | လ/ထ ကထိက | ကထိက ဒီဂရီ ကောလိပ် (ရန်ကုန်) | ညာဒူးအောက် ပြတ် | ကောင်းမွန် ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခမရ (၅၀၅) ရန် အောင်မြင် စစ်ဆင်ရေး ရန်သူ့မိုင်း နင်းမိခြင်း |
| ၁၄ | ဦးသော် တာထွန်း | ၁၆-၉-၂၀၁၃ | လ/ထိ ကထိက | လ/ထ အင်ဂျင် နီယာဒီဂ ရီကောလိပ် (ရန်ကုန်) | ဦးခေါင်း လက်နက် ကြီးစမှန် | ကောင်းမွန် ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခမရ (၃၈၄) RPG အစ ဦခေါင်း ထိမှန် ဒဏ်ရာ ရရှိ |
| ၁၅ | ဦးဟိန်း ထက် | ၁၇-၁၀ ၂၀၁၆ | ဦးစီးအ ရာရှိ | ဦးစီးအရာရှိ (ရုံးချုပ်) | ဘယ်ဒူး အောက်ပြတ် | ကောင်းမွန် ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခမရ (၃၉)ရန် အောင်စိုး စစ်ဆင်ရေး ရန်သူ့မိုင်း နင်းမိခြင်း |

| စဉ် | အမည် | ခန့်အပ်ရက်စွဲ | ခန့်အပ်ရာထူး | လက်ရှိရာထူး | မသန်စွမ်းမှုအခြေအနေ | လက်ရှိကျန်းမာရေးအခြေအနေ | သီးခြားထောက်ပံ့ပေးမှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၆ | ဦးခင်မောင်ဝင်း | ၂၄-၃-၂၀၂၀ | ဦးစီးအရာရှိ | ဦးစီးအရာရှိ ဖွံ့ဖြိုးရေးတက္ကသိုလ် | ခြေထောက်မိုင်းစထိ | ကောင်းမွန်ပါသည်။ | မရှိပါ | ဗိုလ်ကြီး (ငြိမ်း) ခလရ (၂၉၇) ရဲမာန်အောင် စစ်ဆင်ရေး အဝေးထိန်းမိုင်းနင်းမိခြင်း |
| ၁၇ | ဦးအောင်မြင့်ထွန်း | ၁-၄-၂၀၀၆ | အငယ်တန်းစာရေး | ဦးစီးအရာရှိ ကျောက်ဖြူခရိုင်ရုံး | ညာဘက်ခြေထောက်သိမ် | ကောင်းမွန်ပါသည်။ | မရှိပါ | မွေးရာပါ |
| ၁၈ | ဦးထွန်းထွန်းဝင်း | ၁၄-၃၂၀၁၁ | အငယ်တန်းစာရေး | ဒုတိယဦးစီးမှူး သံတွဲမြို့နယ်ရုံး | ညာဘက်ခြေထောက်ပြတ် | ကောင်းမွန်ပါသည်။ | မရှိပါ | - |
| ၁၉ | ဦးနေထက်လင်း | ၂၆-၁၀-၂၀၁၆ | အကြီးတန်းစာရေး | ဒုတိယဦးစီးမှူး (ရုံးချုပ်) | ညာဘက်ခြေထောက်သိမ် | ကောင်းမွန်ပါသည်။ | မရှိပါ | မွေးရာပါ |
| ၂၀ | ဦးမြတ်စိုး | ၁-၈-၁၉၉၇ | နည်းပြ | နည်းပြလူငယ်ကျောင်း (လှိုင်ကော်) | ညာခြေထောက်ဒူးအောက်ပြတ် | ကောင်းမွန်ပါသည်၊ | မရှိပါ | တပ်သား (ငြိမ်း) ခလရ(၂၁) သူရိန်စစ်ဆင်ရေး ရန်သူ့မိုင်းနင်းမိ |

| စဉ် | အမည် | ခန့်အပ် ရက်စွဲ | ခန့်အပ် ရာထူး | လက်ရှိ ရာထူး | မသန်စွမ်းမှု အခြေအနေ | လက်ရှိ ကျန်းမာရေး အခြေအနေ | သီးခြား ထောက်ပံ့ ပေးမှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၂၁ | ဦးစိုး အောင် | ၁-၈-၁၉၉၇ | နည်းပြ | နည်းပြ လူငယ် ကျောင် (ကျိုင်းတုံ) | ညာခြေ ထောက်ပြတ် | ကောင်းမွန် ပါသည်။ | မရှိပါ | တပ်သား (ငြိမ်း) ခလရ (၂၁) သူရိန် ထွန်း စစ်ဆင်ရေး ရန်သူ့မိုင်း နင်းမိ |
| ၂၂ | ဦးသိန်း ကိုကို | ၁-၈-၁၉၉၇ | နည်းပြ | နည်းပြ လူငယ် ကျောင်း လွယ်မွေ | ဘယ်ခြေဒူး အောက်ပြတ် | ကောင်းမွန် ပါသည်။ | မရှိပါ | တပ်သား (ငြိမ်း) ခလရ (၂၁) သူရိန်ထွန်း စစ်ဆင်ရေး ရန်သူ့မိုင်း နင်းမိ |
| ၂၃ | ဦးမြင့်စိုး | ၁-၈-၁၉၉၇ | နည်းပြ | နည်းပြ လူငယ် ကျောင်း (တန့်ယန်း) | ညာခြေ ထောက်ပြတ် | ကောင်းမွန် ပါသည်။ | မရှိပါ | တပ်သား (ငြိမ်း) ခလရ (၆၇) မိုးဟိန်း စစ်ဆင်ရေး တံတားပေါ် ကပြုတ် ကျဒဏ် ရာရ |

| စဉ် | အမည် | ခန့်အပ် ရက်စွဲ | ခန့်အပ် ရာထူး | လက်ရှိ ရာထူး | မသန်စွမ်းမှု အခြေအနေ | လက်ရှိ ကျန်းမာရေး အခြေအနေ | သီးခြား ထောက်ပံ့ ပေးမှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၂၄ | ဒေါ်နီ နီသင်း | ၁၇-၅-၁၉၉၉ | အကူ နည်းပြ | နည်းပြ အိမ် တွင်းမှု ကျောင်း (မြဝတီ) | ခြေထောက် ခွင် | ကောင်းမွန် ပါသည်။ | မရှိပါ | ဆေးထိုး မှား |
| ၂၅ | ဦးဇော် မျိုးအောင် | ၁-၇-၂၀၀၇ | လ/ထ နည်းပြ | ဒုတိယ ဦးစီးမှူး ရှမ်းပြည် နယ်ရုံး | ဘယ်ခြေသ လုံးစတီးရိုး ထည့် | ကောင်းမွန် ပါသည်။ | မရှိပါ | လူငယ် ကျောင်း (ကွမ်းလုံ) ကျောင်း အမြန် လမ်းမိုင်း ပေါက်ကွဲ ဒဏ်ရာရ |
| ၂၆ | ဦးအောင် ကိုဦး | ၆-၂-၂၀၁၃ | ရုံးအကူ | အကြီးတန်း လက်နှိပ်စက် ဗဟို လေ့ကျင့် ရေးကျောင်း | ဘယ်မျက်လုံး အကြောသေ | ကောင်းမွန် ပါသည်။ | မရှိပါ | ဆေးထိုး မှား |
| ၂၇ | ဦးသန်း လှိုင် | ၁-၈-၁၉၉၇ | အငယ် တန်းစာ ရေး | ဌာနခွဲ စာရေး လူငယ် ကျောင်း (လားရှိုး) | ဘယ်ခြေ ထောက်ပြတ် | ကောင်းမွန် ပါသည်။ | မရှိပါ | တပ်သား (ငြိမ်း) ခလရ (၂၉) သူရိန်ထွန်း စစ်ဆင်ရေး ရန်သူ့ လက်နက် ကြောင့် ဒဏ်ရာရ |
| ၂၈ | ဦးကျော် စိုးဝင်း | ၆-၂-၂၀၁၅ | ရုံးအကူ/ သန့် ရှင်းရေး | အငယ်တန်း စာရေး လူငယ် ကျောင်း (မင်းပြား) | မွေးရာပါ ညာလက်မသန် | ကောင်းမွန် ပါသည်။ | မရှိပါ | မွေးရာပါ |

| စဉ် | အမည် | ခန့်အပ် ရက်စွဲ | ခန့်အပ် ရာထူး | လက်ရှိ ရာထူး | မသန်စွမ်းမှု အခြေအနေ | လက်ရှိ ကျန်းမာရေး အခြေအနေ | သီးခြား ထောက်ပံ့ ပေးမှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၂၉ | ဦးဇော် ဇော် | ၁-၈-၂၀၀၂ | ရုံးအကူ/ သန့် ရှင်းရေး | ပစ္စည်း ထိန်း-၄ လူငယ် ကျောင်း၊ လွယ်မွေ | ဘယ်ခြေ ထောက်မသန် | ကောင်းမွန် ပါသည်။ | မရှိပါ | ဆေးထိုး မှား |
| ၃၀ | ဦးမောင် ကျော် | ၂၀-၈-၂၀၀၁ | ထမင်း ချက် | စာဖိုမှူး၊ လူငယ် ကျောင်း (တန့်ယန့်) | ညာမျက်လုံး မှိုင်းစထိ | ကောင်းမွန် ပါသည်။ | မရှိပါ | တပ်သား (ငြိမ်း)၊ ခလရ (၃၃) လက်ပစ်ဗုံး ထိမှန် |
| ပဲခူး | ၄၄၀၅၃၈၂ | ၃၈၅၂၁၄၀ | ၅၅၃၂၄၃ | ၁၂.၆ | ၂၇၂၂၉၂ | ၉၇၅၈၉ | ၂၄၀၄၃၂ | ၁၉၃၁၄၁ | ၇၂၄၂၂ | ၆၃၁၉၅ |
| မကွေး | ၃၄၈၂၆၄၅ | ၂၈၈၉၆၃၅ | ၅၉၃၀၁၀ | ၁၇.၀ | ၂၇၄၈၇၉ | ၉၄၄၉၇ | ၂၂၇၉၀၄ | ၂၄၈၃၈၁ | ၈၈၀၆၀ | ၆၂၆၄၁ |
| မန္တလေး | ၅၆၅၁၀၆၂ | ၅၀၇၆၅၇၆ | ၅၇၄၄၈၆ | ၁၀.၂ | ၂၈၅၁၅၈ | ၁၁၀၉၉၇ | ၂၅၇၀၆၅ | ၁၃၃၃၇၃ | ၇၂၄၁၈ | ၅၆၈၁၂ |
| မွန် | ၁၇၂၅၆၁၁ | ၁၄၆၂၈၄၁ | ၂၆၂၇၇၁ | ၁၅.၂ | ၁၁၈၄၀၆ | ၄၀၂၇၉ | ၉၉၄၇၂ | ၉၆၆၉၅ | ၄၆၀၄၉ | ၃၃၉၃၀ |
| ရခိုင် | ၂၉၁၄၂၇၁ | ၂၄၀၈၇၆၈ | ၅၀၅၅၀၃ | ၁၇.၃ | ၂၀၇၀၁၂ | ၁၁၀၂၆၄ | ၁၉၈၅၅၅ | ၂၂၆၃၂၈ | ၁၂၆၅၅၆ | ၇၄၉၇၇ |
| ရန်ကုန် | ၇၂၁၀၅၉၂ | ၆၃၁၄၃၅၀ | ၈၉၆၂၄၂ | ၁၂.၄ | ၄၇၁၈၉၉ | ၁၃၂၉၂၃ | ၄၀၆၃၈၈ | ၂၂၃၄၂၅ | ၉၆၃၀၈ | ၈၃၂၇၃ |
| ရှမ်း | ၄၈၁၄၉၄၃ | ၄၃၉၉၈၀၈ | ၄၁၅၁၃၅ | ၈.၆ | ၁၇၂၆၈၄ | ၉၆၃၃၄ | ၁၇၅၅၁၉ | ၁၃၉၉၄၆ | ၅၉၄၅၈ | ၆၆၀၉၇ |
| ဧရာဝတီ | ၅၅၆၁၂၄၈ | ၄၅၉၇၅၈၅ | ၉၆၃၆၆၃ | ၁၇.၃ | ၄၈၉၃၂၃ | ၁၆၄၇၂၁ | ၄၁၆၅၂၄ | ၃၇၁၀၇၀ | ၁၅၄၉၆၅ | ၁၁၄၉၆၅ |
| နေပြည်တော် | ၁၀၇၂၂၅၇ | ၉၅၆၈၀၈ | ၁၁၅၄၄၉ | ၁၀.၈ | ၇၀၆၆၉ | ၂၀၂၁၇ | ၄၀၆၉၂ | ၂၉၂၀၉ | ၁၃၂၀၆ | ၁၀၄၈၃ |

## မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအခြေအနေကို မြို့ပြ/ကျေးလက်အလိုက် ကျား/မခွဲခြားဖော်ပြသော ဇယား (ပြည်ထောင်စု)

| မသန်စွမ်းမှု အမျိုး အစား | မသန်စွမ်းမှု အခြေအနေ | ပြည်ထောင်စု | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| အမြင် | စုစုပေါင်း | ၄၆၄၆၃၂၈၅ | ၂၁၅၉၉၀၈၃ | ၂၄၈၆၄၂၀၂ | ၁၃၅၇၈၉၈၈ | ၆၂၃၆၉၆၃ | ၇၃၄၂၀၂၅ | ၃၂၈၈၄၂၉၈ | ၁၅၃၆၂၁၂၁ | ၁၇၅၂၂၁၇၇ |
| | မခက်ခဲပါ | ၄၃၅၅၇၆၉၅ | ၂၀၄၀၀၅၀၆ | ၂၃၁၅၇၁၈၉ | ၁၂၇၀၄၅၉၈ | ၅၈၉၀၀၆၂ | ၆၈၁၄၅၃၆ | ၃၀၈၅၃၀၉၇ | ၁၄၅၁၀၄၄၅ | ၁၆၃၄၂၆၅၃ |
| | အနည်းငယ်ခက်ခဲ | ၂၆၁၂၉၄၆ | ၁၀၈၄၄၀၈ | ၁၅၂၈၅၃၈ | ၇၈၅၂၇၅ | ၃၁၄၁၈၆ | ၄၇၁၀၈၉ | ၁၈၂၇၆၇၁ | ၇၇၀၂၂၂ | ၁၀၅၇၄၄၈ |
| | အများကြီးခက်ခဲ | ၂၅၄၆၁၀ | ၁၀၀၁၆၁ | ၁၅၄၄၄၉ | ၇၇၈၄၁ | ၂၈၅၅၂ | ၄၉၂၉၀ | ၁၇၆၇၆၉ | ၇၁၆၀၉ | ၁၀၅၁၆၀ |
| | လုံးဝမကောင်းပါ | ၃၈၀၃၄ | ၁၄၀၀၈ | ၂၄၀၂၆ | ၁၁၂၇၃ | ၄၁၆၃ | ၇၁၁၀ | ၂၆၇၆၁ | ၉၈၄၅ | ၁၆၉၁၆ |
| အကြား | စုစုပေါင်း | ၄၆၄၆၃၂၈၅ | ၂၁၅၉၉၀၈၃ | ၂၄၈၆၄၂၀၂ | ၁၃၅၇၈၉၈၈ | ၆၂၃၆၉၆၃ | ၇၃၄၂၀၂၅ | ၃၂၈၈၄၂၉၈ | ၁၅၃၆၂၁၂၁ | ၁၇၅၂၂၁၇၇ |
| | မခက်ခဲပါ | ၄၅၃၇၀၄၆၂ | ၂၁၁၅၈၀၉၆ | ၂၄၂၁၂၃၆၆ | ၁၃၃၁၆၈၅၁ | ၆၁၃၂၈၈၃ | ၇၁၈၃၉၆၈ | ၃၂၀၅၃၆၁၁ | ၁၅၀၂၅၂၁၄ | ၁၇၀၂၈၃၉၇ |
| | အနည်းငယ်ခက်ခဲ | ၉၂၁၃၉၁ | ၃၆၈၈၈၄ | ၅၅၂၅၀၇ | ၂၂၀၉၉၈ | ၈၇၄၂၅ | ၁၃၃၅၇၄ | ၇၀၀၃၉၃ | ၂၈၁၄၅၉ | ၄၁၈၉၃၄ |
| | အများကြီးခက်ခဲ | ၁၄၄၂၄၂ | ၆၀၅၃၇ | ၈၃၇၀၅ | ၃၂၈၄၉ | ၁၂၇၅၁ | ၂၀၀၉၉ | ၁၁၁၃၉၃ | ၄၇၇၈၆ | ၆၃၆၀၇ |
| | လုံးဝမကောင်းပါ | ၂၇၁၉၀ | ၁၁၅၆၆ | ၁၅၆၂၄ | ၈၂၈၉ | ၃၉၀၅ | ၄၃၈၅ | ၁၈၉၀၁ | ၇၆၆၂ | ၁၁၂၃၉ |

| မသန်စွမ်းမှု အမျိုးအစား | မသန်စွမ်းမှု အခြေအနေ | ပြည်ထောင်စု | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| လမ်းလျှောက်/လှေကားတက် | စုစုပေါင်း | ၄၆၄၆၃၂၈၅ | ၂၁၅၉၉၀၈၃ | ၂၄၈၆၄၂၀၂ | ၁၃၅၇၈၉၈၈ | ၆၂၃၆၉၆၃ | ၇၃၄၂၀၂၅ | ၃၂၈၈၄၂၉၈ | ၁၅၃၆၂၁၂၁ | ၁၇၅၂၂၁၇၇ |
| | မခက်ခဲပါ | ၄၃၉၄၀၀၅၄ | ၂၀၆၄၆၆၂၂ | ၂၃၂၉၃၄၃၂ | ၁၂၈၄၄၉၁၀ | ၅၉၈၅၀၉၉ | ၆၈၅၉၈၁၁ | ၃၁၀၉၅၁၄၄ | ၁၄၆၆၁၅၂၃ | ၁၆၄၃၃၆၂၁ |
| | အနည်းငယ်ခက်ခဲ | ၂၀၉၄၅၄၁ | ၇၇၅၀၉၂ | ၁၃၁၉၄၅၀ | ၅၉၀၀၂၅ | ၁၉၆၄၂၆ | ၃၉၃၅၉၈ | ၁၅၀၄၅၁၇ | ၅၇၈၆၆၅ | ၉၂၅၈၅၁ |
| | အများကြီးခက်ခဲ | ၃၄၀၈၁၂ | ၁၃၄၂၈၈ | ၂၀၆၅၂၄ | ၁၁၃၅၈၄ | ၃၉၈၂၇ | ၇၃၇၅၇ | ၂၂၇၂၂၈ | ၉၄၄၆၁ | ၁၃၂၇၆၇ |
| | လုံးဝမကောင်းပါ | ၈၇၈၇၈ | ၄၃၀၈၁ | ၄၄၇၉၇ | ၃၀၄၆၉ | ၁၅၆၀၉ | ၁၄၈၅၉ | ၅၇၄၀၉ | ၂၇၄၇၂ | ၂၉၉၃၈ |
| မှတ်ဉာဏ်သင်ယူလေ့လာခြင်း | စုစုပေါင်း | ၄၆၄၆၃၂၈၅ | ၂၁၅၉၉၀၈၃ | ၂၄၈၆၄၂၀၂ | ၁၃၅၇၈၉၈၈ | ၆၂၃၆၉၆၃ | ၇၃၄၂၀၂၅ | ၃၂၈၈၄၂၉၈ | ၁၅၃၆၂၁၂၁ | ၁၇၅၂၂၁၇၇ |
| | မခက်ခဲပါ | ၄၄၃၉၉၂၄၉ | ၂၀၇၆၅၀၄၄ | ၂၃၆၃၄၂၀၆ | ၁၃၁၁၂၂၅၈ | ၆၀၅၂၇၂၉ | ၇၀၅၉၅၂၉ | ၃၁၂၈၆၉၉၁ | ၁၄၇၁၂၃၁၄ | ၁၆၅၇၄၆၇၇ |
| | အနည်းငယ်ခက်ခဲ | ၁၇၈၅၆၉၁ | ၇၁၉၈၂၃ | ၁၀၆၅၈၆၈ | ၃၉၇၉၂၅ | ၁၅၃၅၉၈ | ၂၄၄၃၂၇ | ၁၃၈၇၇၆၆ | ၅၆၆၂၂၅ | ၈၂၁၅၄၁ |
| | အများကြီးခက်ခဲ | ၂၃၅၉၈၂ | ၉၂၄၆၁ | ၁၄၃၅၂၁ | ၅၇၄၃၃ | ၂၅၃၆၁ | ၃၂၀၇၂ | ၁၇၈၅၄၉ | ၆၇၁၀၀ | ၁၁၁၄၄၉ |
| | လုံးဝမကောင်းပါ | ၄၂၃၆၃ | ၂၁၇၅၅ | ၂၀၆၀၈ | ၁၁၃၇၂ | ၅၂၇၄ | ၆၀၉၇ | ၃၀၉၉၂ | ၁၆၄၈၁ | ၁၄၅၁၁ |
| မိမိကိုယ်ကို မိမိစောင့်ရှောက်နိုင်မှု | စုစုပေါင်း | ၄၆၄၆၃၂၈၅ | ၂၁၅၉၉၀၈၃ | ၂၄၈၆၄၂၀၂ | ၁၃၅၇၈၉၈၈ | ၆၂၃၆၉၆၃ | ၇၃၄၂၀၂၅ | ၃၂၈၈၄၂၉၈ | ၁၅၃၆၂၁၂၁ | ၁၇၅၂၂၁၇၇ |
| | မခက်ခဲပါ | ၄၅၅၆၇၃၂၃ | ၂၁၁၉၇၇၀၆ | ၂၄၃၆၉၆၁၆ | ၁၃၃၅၈၈၃၁ | ၆၁၄၁၈၁၇ | ၇၂၁၇၀၁၄ | ၃၂၂၀၈၄၉၁ | ၁၅၀၅၅၈၈၉ | ၁၇၁၅၂၆၀၂ |
| | အနည်းငယ်ခက်ခဲ | ၆၈၇၅၁၀ | ၃၀၆၅၄၅ | ၃၈၀၉၆၆ | ၁၅၅၂၅၂ | ၆၅၄၅၂ | ၈၉၇၉၉ | ၅၃၂၂၅၉ | ၂၄၁၀၉၂ | ၂၉၁၁၆၆ |
| | အများကြီးခက်ခဲ | ၁၅၃၁၀၀ | ၆၆၂၃၇ | ၈၆၈၆၃ | ၄၇၃၃၈ | ၂၁၂၆၅ | ၂၆၀၇၄ | ၁၀၅၇၆၂ | ၄၄၉၇၂ | ၆၀၇၈၉ |
| | လုံးဝမကောင်းပါ | ၅၅၃၅၃ | ၂၈၅၉၆ | ၂၆၇၅၇ | ၁၇၅၆၆ | ၈၄၂၈ | ၉၁၃၈ | ၃၇၇၈၆ | ၂၀၁၆၇ | ၁၇၆၁၉ |
| အခြားသူများနှင့် ဆက်သွယ်မှု | စုစုပေါင်း | ၄၆၄၆၃၂၈၅ | ၂၁၅၉၉၀၈၃ | ၂၄၈၆၄၂၀၂ | ၁၃၅၇၈၉၈၈ | ၆၂၃၆၉၆၃ | ၇၃၄၂၀၂၅ | ၃၂၈၈၄၂၉၈ | ၁၅၃၆၂၁၂၁ | ၁၇၅၂၂၁၇၇ |
| | မခက်ခဲပါ | ၄၅၇၄၀၀၂၉ | ၂၁၂၇၇၀၇၁ | ၂၄၄၆၂၉၅၈ | ၁၃၄၀၅၂၅၆ | ၆၁၅၃၉၇၀ | ၇၂၅၁၂၈၆ | ၃၂၃၃၄၇၇၃ | ၁၅၁၂၃၁၀၂ | ၁၇၂၁၀၆၇၁ |
| | အနည်းငယ်ခက်ခဲ | ၅၆၈၃၃၉ | ၂၄၇၃၈၃ | ၃၂၀၉၅၆ | ၁၃၂၇၂၄ | ၆၁၄၈၅ | ၇၁၂၃၉ | ၄၃၅၆၁၅ | ၁၈၅၈၉၈ | ၂၄၉၇၁၈ |
| | အများကြီးခက်ခဲ | ၁၂၂၀၂၉ | ၅၇၆၂၇ | ၆၄၄၀၂ | ၃၁၁၄၅ | ၁၆၃၂၀ | ၁၄၈၂၄ | ၉၀၈၈၄ | ၄၁၃၀၇ | ၄၉၅၇၇ |
| | လုံးဝမကောင်းပါ | ၃၂၈၈၉ | ၁၇၀၀၂ | ၁၅၈၈၇ | ၉၈၆၃ | ၅၁၈၈ | ၄၆၇၆ | ၂၃၀၂၆ | ၁၁၈၁၅ | ၁၁၂၁၁ |

# အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီတို့တွင် အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ပြည်တွင်းအလုပ်သမားခန့်ထားမှုနှင့်ပတ်သက်၍ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေးအက်ဥပဒေနှင့်အညီ အလုပ်ရှာဖွေသူများ၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ အလုပ်ရှင်များ၏ လိုအပ်ချက်အရ သင့်လျော်သူများကိုရွေးချယ်ခန့်အပ်နိုင်ရန်စည်းကြပ်ဆောင်ရွက်လျက်ရှိပြီး တည်ဆဲအလုပ်သမားဥပဒေများတွင် သန်စွမ်းသူ၊ မသန်စွမ်းသူ၊ ကျား/မ ခွဲခြားမှုမရှိဘဲ၊ မြို့ပြ/ ကျေးလက်မကျန် အလုပ်အကိုင်နေရာချထားရေး၊ လုပ်ငန်းခွင်အေးချမ်း သာယာရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီမှ သတ်မှတ်သည့် ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း မသန်စွမ်းသူများအား အလုပ်ရှင်များက အလုပ်ခန့်ထားနိုင်ရေးအတွက်လည်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိသည့် အလုပ်ခန့်ထားမှုကန့်သတ်ရေးဥပဒေ(မူကြမ်း)တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)နှင့်အညီ ခန့်ထားနိုင်ရေး ထည့်သွင်းရေးဆွဲထားပြီးဖြစ်သည့်အပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ ခရိုင်နှင့်မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများအနေဖြင့် မသန်စွမ်းသူများကို အလုပ်ခန့်ထားလိုသော အလုပ်ရှင်များအား ၎င်းတို့လိုအပ်သော အရည်အချင်း၊ သတ်မှတ်ချက်နှင့်အညီ အလုပ်လုပ်ကိုင်လိုသည့် မသန်စွမ်းသူများနှင့်ချိတ်ဆက်ပေးပြီး အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးရန် အကြောင်း ကြားခဲ့ပြီးဖြစ်ပါသည်။

၄။ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင် ရွက်နိုင်ရေး အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအောက်တွင် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီ(၉)ခုအနက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၅။ ထို့ပြင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ချိတ်ဆက်ဆောင် ရွက်ပေးနိုင်ရန် ၁၀-၁-၂၀၂၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာများ၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အလုပ်ရှင်များနှင့် မသန်စွမ်းအသင်းအဖွဲ့များတွေ့ဆုံဆွေးနွေးခဲ့ပြီး မသန်စွမ်းသူများအလုပ်အကိုင်ရရှိရေးအတွက် အလုပ်ရှင်များနှင့် မသန်စွမ်းအဖွဲ့အစည်းများကို ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။

၆။ ဆက်လက်၍ ၁၅-၂-၂၀၂၀ ရက်နေ့တွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီ၊ အခြားဆပ်ကော်မတီ (၈) ခုမှ အတွင်းရေးမှူးများ၊ MCRB၊ AAR Japan၊ Japan Heart ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ အထည်ချုပ်စက်ရုံများမှ HR Manager များနှင့် တွေ့ဆုံ၍ မသန်စွမ်းသူများအား အလုပ်အကိုင် အခွင့်အလမ်း မြှင့်တင်ရေးနှင့်ပတ်သက်သော ဝေပုံကျနှုန်းထားအပါအဝင် မူဝါဒဆိုင်ရာ အကြံပြုစာတမ်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၊ Rose Garden Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၇။ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သော အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ကာလလတ် (၂၀၂၀-၂၀၂၅) မူကြမ်းပါ မဟာဗျူဟာ အခန်း (၃) လုပ်ငန်းနှင့် အလုပ်အကိုင်နှင့်စပ်လျဉ်း၍ ၉-၉-၂၀၂၀ ရက်နေ့တွင် ပထမအကြိမ်ဆွေးနွေးပွဲကိုလည်းကောင်း၊ ၂၀-၁၀-၂၀၂၀ ရက်နေ့တွင် ဒုတိယအကြိမ် ဆွေးနွေးပွဲကို လည်းကောင်း၊ ၂၈-၁၂-၂၀၂၀ ရက်နေ့တွင် တတိယအကြိမ် ဆွေးနွေးပွဲကိုလည်းကောင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီက ဦးဆောင်ပြီး Online ဖြင့် အခြားဆက်စပ် အဖွဲ့အစည်းများနှင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

၈။ ၂၀၂၁ ခုနှစ်အတွင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှကောက်ယူမည့် မြန်မာနိုင်ငံလုပ်သားအင်အား နှင့် ကလေးလုပ်သားစစ်တမ်းတွင် မသန်စွမ်းမှုအခြေအနေများကို အသက် ၅ နှစ်နှင့်အထက် အိမ်ထောင် စုဝင်များအား အောက်ပါမသန်စွမ်းမှုဆိုင်ရာ မေးခွန်း ၆ ခုကို ထည့်သွင်းမေးမြန်းရန် စီစဉ်ဆောင်ရွက်ထား ပါသော်လည်း COVID-19 ကူးစက်ရောဂါပျံ့နှံ့မှုကြောင့် ကောက်ယူနိုင်ခြင်းမရှိသဖြင့် ၂၀၂၅ ခုနှစ်တွင် ပြီးပြည့်စုံသည့် လုပ်သားအင်အားစစ်တမ်းတစ်ရပ်ကို ကောက်ယူနိုင်ရန် ရည်ရွယ်ထားပြီးအဆိုပါစစ်တမ်းတွင် မသန်စွမ်းမှုဆိုင်ရာ မေးခွန်းများ ထည့်သွင်းမေးမြန်းနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) (အမည်) အနေနဲ့ မျက်မှန်တပ်ထားသည့်တိုင် အမြင်အာရုံ အခက်အခဲရှိသလား။

(ခ) (အမည်) အနေနဲ့ နားကြားကိရိယာ တပ်ဆင်ထားသည့်တိုင် အကြားအာရုံ အခက်အခဲရှိပါသလား။

(ဂ) (အမည်)အနေနဲ့ လမ်းလျှောက်ခြင်း(သို့မဟုတ်) လှေကားတက်ခြင်းတွေမှာ အခက်အခဲရှိပါသလား။

(ဃ) မှတ်သားခြင်း (သို့မဟုတ်) အာရုံစူးစိုက်ခြင်းတို့မှာအခက်အခဲရှိသလား။

(င) ရေချိုးခြင်း၊ အဝတ်လဲခြင်းစတဲ့ တစ်ကိုယ်ရေလုပ်ဆောင်မှုတွေမှာ အခက်အခဲရှိသလား။

(စ) (သင်/သူ/သူမ)၏ မိခင်ဘာသာ/ပုံမှန်ပြောဆိုနေကျ ဘာသာစကားဖြင့် ဆက်သွယ် ပြောဆိုသည့် တိုင် နားလည်ရန်အခက်အခဲရှိသလား။ (ဥပမာ- အခြားသူတစ်ဦးနှင့် အပြန်အလှန်နားလည် သဘောပေါက်ခြင်း)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

(၂-၉-၂၀၂၁) ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ အစည်းအဝေးဆုံး ဖြတ်ချက်

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုဝန်ထမ်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ အခြားအဖွဲ့အစည်းများမှ အချက်အလက်တို့ကို ပြည့်စုံစွာ ရရှိနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စက်တင်ဘာလ (၃၀) ရက်နေ့ ရက်နေ့ နောက်ဆုံးထား၍ ညှိနှိုင်းတောင်းခံရန်။<br><br>**ဆောင်ရွက်ရမည့်ဌာနများ**<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြန်လည်ထူထောင်ရေးဦးစီးဌာန | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့် ဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ Marrakesh Treaty ကို ဝင်ရောက်နိုင်ရေးအတွက်လည်းကောင်း၊ Marrakesh Treaty နှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပရေးအတွက်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်သွားပါမည်။ |

# ပညာရေးဝန်ကြီးဌာန
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ မသန်စွမ်း ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ဆောင်ရွက်ပေးထားမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မသန်စွမ်းကလေးများအား အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၂-၁၃ ပညာသင်နှစ် မှစတင်၍ နှစ်စဉ် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊

(ခ) ကျောင်းများဖွင့်လှစ်ပြီး ပညာသင်ယူမှုများ ပြုလုပ်ရာတွင် နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေ ပေးထားသော ကျောင်းဝတ်စုံများ၊ ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် Mask နှင့် Face Shield များ ပံ့ပိုးပေးခြင်း၊

(ဂ) မသန်စွမ်းသူများရှိသည့် အခြေခံပညာကျောင်းများမှ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက နှစ်သိမ့်ဆွေးနွေးခြင်းနှင့် တတ်စွမ်းသရွေ့ ထောက်ပံ့ပေးခြင်း၊

(ဃ) မိဘအုပ်ထိန်းသူများနှင့် ဆွေးနွေးတိုင်ပင်ပြီး လိုအပ်သည်များအား ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊

(င) မြန်မာနိုင်ငံမသန်စွမ်းမှုဆိုင်ရာအဖွဲ့ချုပ်၊ ဒေဝမသန်စွမ်းသင်တန်းကျောင်း၊ Save the Children International တို့၏ ပံ့ပိုးကူညီမှုများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း၊

(စ) မသန်စွမ်းကလေးများရှိသည့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများကို သင်ကြားသင်ယူမှုနှင့် သက်ဆိုင်သည့် သင်တန်းများပေးခြင်း။

၂။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မသန်စွမ်း ကျောင်းသားကျောင်းသူစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ကျောင်းသားဦးရေ | | | |
|---|---|---|---|---|---|
| | | ထက် | လယ် | မူ | ပေါင်း |
| ၁ | ကချင် | | | | |
| ၂ | ကယား | | | | |
| ၃ | ကရင် | ၁၉ | ၁၂ | ၃၄ | ၆၅ |
| ၄ | ချင်း | ၃၅ | ၁၂၀ | ၂၃၈ | ၃၉၃ |
| ၅ | စစ်ကိုင်း | | | | |
| ၆ | တနင်္သာရီ | | | | |
| ၇ | ပဲခူး (အရှေ့) | ၂၈ | ၁၄၆ | ၂၉၀ | ၄၆၄ |
| ၈ | ပဲခူး (အနောက်) | | | | |
| ၉ | မကွေး | ၅ | ၂၃ | ၄၄ | ၇၂ |
| ၁၀ | မန္တလေး | | | | |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ကျောင်းသားဦးရေ | | | |
|---|---|---|---|---|---|
| | | ထက် | လယ် | မူ | ပေါင်း |
| ၁၁ | မွန် | ၂၂ | ၃၆ | ၄၈ | ၁၀၆ |
| ၁၂ | ရခိုင် | ၃၈ | ၈၉ | ၂၀၀ | ၃၂၇ |
| ၁၃ | ရန်ကုန် | ၃၂ | ၇၆ | ၉၈ | ၂၀၆ |
| ၁၄ | ရှမ်း (တောင်) | ၁၉ | ၆၂ | ၁၂၄ | ၂၀၅ |
| ၁၅ | ရှမ်း (မြောက်) | | ၂ | ၃ | ၅ |
| ၁၆ | ရှမ်း (အရှေ့) | | | | |
| ၁၇ | ရှာဝတီ | ၁၀၄ | ၁၉၂ | ၃၂၂ | ၆၁၈ |
| ၁၈ | နေပြည်တော် | ၄၁ | ၆၆ | ၅၂ | ၁၅၉ |
| စုစုပေါင်း | | ၃၄၃ | ၈၂၄ | ၁၄၅၃ | ၂၆၂၀ |

၃။ အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၁၉ ပညာသင်နှစ်အတွက် အမြင်အာရုံ အားနည်းသူ၊ အကြားအာရုံအားနည်းသူနှင့် ကိုယ်လက်အင်္ဂါအားနည်းသူ ကျောင်းသား ကျောင်းသူ ၂၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၀/-(သုံးသောင်းနှုန်း)ဖြင့် ပညာသင်နှစ်တစ်နှစ်လျှင် ၁၀ လ အတွက် ထောက်ပံ့ပေးလျက်ရှိပါသည်-

| စဉ် | အမည် | ခုံအမှတ် | အထူးပြု ဘာသာရပ် | တက်ရောက်နေသည့် တက္ကသိုလ် | မှတ်ချက် (ကိုယ်လက်အင်္ဂါ၊ အမြင်၊ အကြား အားနည်းသူ) |
|---|---|---|---|---|---|
| ၁ | မောင်ထင်လင်းအောင် | ၁သ-၂ | သမိုင်း | ရန်ကုန်တက္ကသိုလ် | အမြင်အာရုံ(မျက်လုံး နှစ်ဖက်စလုံးမမြင်) |
| ၂ | မောင်ရဲထက်နိုင် | ၁သ-၃ | သမိုင်း | ရန်ကုန်တက္ကသိုလ် | အမြင်အာရုံ(မျက်လုံး နှစ်ဖက်စလုံးမမြင်) |
| ၃ | မဝေဇာခိုင် | ၁မ-၁၇ | မြန်မာစာ | ရန်ကုန်တက္ကသိုလ် | အမြင်အာရုံ(မျက်လုံး နှစ်ဖက်စလုံးမမြင်) |
| ၄ | မောင်ဗျာယေရမိ | ၁နဆ-၃၆၆ | နိုင်ငံတကာ ဆက်ဆံရေးပညာ | ဒဂုံတက္ကသိုလ် | အမြင်အာရုံ(မျက်လုံး နှစ်ဖက်စလုံးမမြင်) |
| ၅ | မဂျီးမိုင် | ၁စ-၁၅၁ | စိတ်ပညာ | ဒဂုံတက္ကသိုလ် | အမြင်အာရုံ(မျက်လုံး နှစ်ဖက်စလုံးမမြင်) |

| စဉ် | အမည် | ခုံအမှတ် | အထူးပြု ဘာသာရပ် | တက်ရောက်နေသည့် တက္ကသိုလ် | မှတ်ချက် (ကိုယ်လက်အင်္ဂါ၊ အမြင်၊ အကြား အားနည်းသူ) |
|---|---|---|---|---|---|
| ၆ | မောင်ဝေယံဦး | ၁သ-၈၁ | သမိုင်း | စစ်တွေတက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ဘယ်လက်တစ်ဖက် မရှိ) |
| ၇ | မောင်အောင်ကျော်ထူး | ၁ရပ-၁၀၁ | ရူပဗေဒ | မုံရွာတက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ဘယ်လက်ချောင်းမှ စ၍ လက်ကောက် ဝတ်ထိမပါ) |
| ၈ | မယွန်းမီမီထွန်း | ၁အ-၁၁၂ | အင်္ဂလိပ်စာ | တောင်ငူတက္ကကိုလ် | အကြားအာရုံ (နားနှစ်ဖက်စလုံး မကြား) |
| ၉ | မောင်ထက်မျိုးအောင် | ၁မ-၃၆ | မြန်မာစာ | ပြည်တက္ကသိုလ် | အကြားအာရုံ (နားနှစ်ဖက်စလုံး မကြား) |
| ၁၀ | မထွေးသိမ့်ဇင် | ၁မ-၉၂ | မြန်မာစာ | ပြည်တက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ညာဖက်ပိုလီယို) |
| ၁၁ | မဂျူးဂျူးခင် | ၁ရပ-၃၀၈ | ရူပဗေဒ | ပြည်တက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ညာခြေထောက် မသန်စွမ်း) |
| ၁၂ | မမြသဇင်ကြူ | ၁အရ-၃၀ | အရှေ့တိုင်းပညာ | မိတ္ထီလာတက္ကသိုလ် | ကိုယ်လက်အင်္ဂါ (မွေးရာပါ ညာလက် တစ်ဖက် မသန်စွမ်း) |
| ၁၃ | မောင်ဖိုးချစ် | ၁ရပ-၄၀၅ | ရူပဗေဒ | မိတ္ထီလာတက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ဘယ်ခြေထောက် တစ်ဖက် ဒူးဆစ် အောက်မရှိ) |

| စဉ် | အမည် | ခုံအမှတ် | အထူးပြု ဘာသာရပ် | တက်ရောက်နေသည့် တက္ကသိုလ် | မှတ်ချက် (ကိုယ်လက်အင်္ဂါ၊ အမြင်၊ အကြား အားနည်းသူ) |
|---|---|---|---|---|---|
| ၁၄ | မောင်အားကိုက် | ၁ဒ-၂ | ဒဿနိကဗေဒ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် | အမြင်အာရုံ (မွေးရာပါ မျက်လုံးနှစ်ဖက် စလုံးကွယ်) |
| ၁၅ | မအွမ်ထွယ်ရာ | ၁ဒ-၃၀ | ဒဿနိကဗေဒ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် | အမြင်အာရုံ (မွေးရာပါ မျက်လုံးနှစ်ဖက် စလုံးကွယ်) |
| ၁၆ | မလနောင်ရွှယ်ဆန့် | ၁သ-၃ | သမိုင်း | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် | အမြင်အာရုံ (မွေးရာပါ မျက်လုံးနှစ်ဖက် စလုံးကွယ်) |
| ၁၇ | မောင်ညီမင်းမွန် | ၁ရပ-၄၈ | ရူပဗေဒ | ကျောက်ဆည် တက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ဘယ်ခြေထောက် ပေါင်ရင်း ထိဖြတ်ထား) |
| ၁၈ | နန့်နိုးနို | ၁သ-၈၂ | သမိုင်း | ဟသ်ာတတက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ခြေထောက်နှစ်ဖက် စလုံးခွင်) |
| ၁၉ | မောင်ကျော်ညီညီဇံ | ၁သတ-၄၅ | သတ္တဗေဒ | ဟသ်ာတတက္ကသိုလ် | ကိုယ်လက်အင်္ဂါ (မွေးရာပါ ညာဖက် တစ်ဖက်မသန်) |
| ၂၀ | မောင်ကောင်းထူးစံ | ၁သခ-၁၆၃ | သင်္ချာ | လားရှိုးတက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ဘယ်၊ ညာ လက်ချောင်း နှစ်ချောင်းစီ နှစ်ဖက် စလုံးတို) |
| ၂၁ | မောင်ပြည့်ဖြိုးအောင် | ၁သခ-၁၅ | သင်္ချာ | ဗန်းမော်တက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ဘယ်ခြေထောက် မသန်စွမ်း) |

| စဉ် | အမည် | ခုံအမှတ် | အထူးပြု ဘာသာရပ် | တက်ရောက်နေသည့် တက္ကသိုလ် | မှတ်ချက် (ကိုယ်လက်အင်္ဂါ၊ အမြင်၊ အကြား အားနည်းသူ) |
|---|---|---|---|---|---|
| ၂၂ | မောင်မင်းခန့်ကျော် | ၁ရခ-၁၂၀ | ရုက္ခဗေဒ | ရွှေဘိုတက္ကသိုလ် | ကိုယ်လက်အင်္ဂါ (ဘယ်ခြေထောက် ပိုလီယို) |
| ၂၃ | မောင်ဝနေဒ့ခေါင်ဒေါင် | ၁သတ-၁၀၀ | သတ္တဗေဒ | စစ်ကိုင်းတက္ကသိုလ် | အမြင်အာရုံ (မွေးရာပါ မျက်လုံးနှစ်လုံး စလုံး မမြင်) |
| ၂၄ | မောင်လင်းထက်နိုင် | ၁ဓ-၃၅ | ဓာတုဗေဒ | ရေနံချောင်းဒီဂရီ ကောလိပ် | အကြားအာရုံ (နားနှစ်ဖက်စလုံး အကြား အားနည်း) |
| ၂၅ | မောင်ရန်ရှင်းရှိန် | ၁မ-၃၀ | မြန်မာစာ | မြင်းခြံဒီဂရီ ကောလိပ် | ကိုယ်လက်အင်္ဂါ (မွေးရာပါ ကိုယ်ခန္ဓာ ဖွံ့ဖြိုးမှုနှေး ကွေး၍ သန်စွမ်းမှု အားနည်းပြီး ကျောရိုးတွင် အသား ပိုထွက် နေပါသော ကြောင့်) |
| ၂၆ | မောင်ရိုစန်း | ၁ဒ-၃၄ | ဒဿနိကဗေဒ | မန္တလာဒီဂရီ ကောလိပ် | အမြင်အာရုံ (မျက်လုံးနှစ်ဖက် စလုံးမမြင်) |
| ၂၇ | မောင်မောင်မြင့် | ၁ဒ-၄၂ | ဒဿနိကဗေဒ | မန္တလာဒီဂရီ ကောလိပ် | အမြင်အာရုံ (မျက်လုံးနှစ်ဖက် စလုံးမမြင်) |

၄။ အလုပ်ရုံဆွေးနွေးပွဲများ၏ မှတ်တမ်းဓာတ်ပုံများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-



**Save the Children International နှင့် ပူးပေါင်းဆောင်ရွက်သည့် လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပစဉ်**






**Save the Children International နှင့် ပူးပေါင်းဆောင်ရွက်သည့် လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်တွင် ကျင်းပစဉ်**

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

### ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ မသန်စွမ်းသူများတက်ရောက်ခဲ့သည့် သက်မွေး ပညာသင်တန်းဆိုင်ရာ သတင်းအချက်အလက်များ

| စဉ် | ကျောင်းအမည် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသား ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ) | အိမ်တွင်းလျှပ်စစ်ကြိုးသွယ်တန်းခြင်း သင်တန်း | ၆-၅-၂၀၁၉ မှ ၁၇-၅-၂၀၁၉ ထိ | ၁ | လက်မသန်စွမ်း |
| ၂ | အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) | အခြေခံစက်ချုပ် သင်တန်း | ၉-၁-၂၀၁၇ မှ ၇-၄-၂၀၁၇ ထိ | ၁ | လက်အင်္ဂါ မပြည့်စုံ |
| | | | ၂၃-၇-၂၀၁၈ မှ ၂၂-၁၀-၂၀၁၈ ထိ | ၂ | ခြေ၊ လက် မသန်စွမ်း အကြားအာရုံ ချို့တဲ့သူ |
| | | အဆင့်မြင့်စက်ချုပ် သင်တန်း | ၁၂-၆-၂၀၁၇ မှ ၁၁-၉-၂၀၁၇ ထိ | ၂ | ခြေ၊ လက် မသန်စွမ်း အကြားအာရုံ ချို့တဲ့သူ |
| | | | ၂၃-၇-၂၀၁၈ မှ ၂၂-၁၀-၂၀၁၈ ထိ | ၁ | ခြေ၊ လက် မသန်စွမ်း |
| | | | ၂၀-၅-၂၀၁၉ မှ ၉-၉-၂၀၁၉ ထိ | ၂ | ခြေ ၂ ဖက်မရှိ၊ အောက်ပိုင်းသေ |
| | | | ၃၀-၈-၂၀၁၉ မှ ၂၄-၁၂-၂၀၁၉ ထိ | ၂ | ခြေ၊ လက် မသန်စွမ်း ခြေမသန်စွမ်း |
| | | | ၂၀-၅-၂၀၁၉ မှ ၉-၉-၂၀၁၉ ထိ | ၂ | ခြေ ၂ ဖက်မရှိ၊ အောက်ပိုင်းသေ |
| | | | ၃၀-၈-၂၀၁၉ မှ ၂၄-၁၂-၂၀၁၉ ထိ | ၂ | ခြေ၊ လက် မသန်စွမ်း ခြေမသန်စွမ်း |

| စဉ် | ကျောင်းအမည် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသား ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၃ | အစိုးရနည်းပညာ အထက်တန်းကျောင်း (လှိုင်ကော်) | အခြေခံကွန်ပျူတာ သင်တန်း | ၁၈-၄-၂၀၁၈ မှ ၁၈-၇-၂၀၁၈ ထိ | ၁ | လက်မသန်စွမ်း |
| | | | ၂၃-၇-၂၀၁၈ မှ ၂၂-၁၀-၂၀၁၈ ထိ | ၁ | ခြေမသန်စွမ်း |
| | | အမျိုးသမီး ဆံပင်ညှပ်အလှပြင် သင်တန်း | ၁၂-၆-၂၀၁၇ မှ ၁၁-၉-၂၀၁၇ ထိ | ၁ | အကြားအာရုံ ချို့တဲ့သူ |
| | | အမျိုးသား ဆံပင်ညှပ်သင်တန်း | ၂၃-၇-၂၀၁၈ မှ ၂၂-၁၀-၂၀၁၈ ထိ | ၂ | ခြေမသန်စွမ်း |
| | | | ၃၀-၈-၂၀၁၉ မှ ၂၄-၁၂-၂၀၁၉ ထိ | ၄ | ခြေမသန်စွမ်း |
| | | ဟိုတယ် ဝန်ဆောင်မှု သင်တန်း | ၁၈-၄-၂၀၁၈ မှ ၁၈-၇-၂၀၁၈ ထိ | ၁ | လက်မသန်စွမ်း |
| | | | ၂၀-၅-၂၀၁၉ မှ ၉-၉-၂၀၁၉ ထိ | ၁ | ခြေမသန်စွမ်း |
| | | အိမ်တွင်းလျှပ်စစ် ဝါယာ သွယ်တန်း ခြင်း သင်တန်း | ၂၃-၇-၂၀၁၈ မှ ၂၂-၁၀-၂၀၁၈ ထိ | ၂ | ခြေမသန်စွမ်း |
| | | ဆိုင်ကယ်ပြင် သင်တန်း | ၁-၃-၂၀၁၇ မှ ၇-၄-၂၀၁၇ ထိ | ၁ | ခြေမသန်စွမ်း |
| | | | ၄-၃-၂၀၁၉ မှ ၄-၆-၂၀၁၉ ထိ | ၁ | အကြားအာရုံ ချို့တဲ့သူ |
| | | | ၁-၈-၂၀၁၉ မှ ၃၁-၁၀-၂၀၁၉ ထိ | ၁ | အမြင်အာရုံ ချို့တဲ့သူ |
| | | အခြေခံပန်းရံ သင်တန်း | ၁-၈-၂၀၁၉ မှ ၃၁-၁၀-၂၀၁၉ ထိ | ၁ | အမြင်အာရုံ ချို့တဲ့သူ |
| | | အခြေခံ ကွန်ပျူတာ သင်တန်း | ၄-၃-၂၀၁၉ မှ ၄-၆-၂၀၁၉ ထိ | ၂ | အာရုံကြော အား နည်း၊ အရိုးပျော့/ အကြောဆွဲ |
| | | | ၁-၈-၂၀၁၉ မှ ၃၁-၁၀-၂၀၁၉ ထိ | ၂ | ခြေမသန်စွမ်း |

| စဉ် | ကျောင်းအမည် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသား ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၄ | အစိုးရနည်းပညာ အထက်တန်းကျောင်း (မော်လမြိုင်) | ပုံမှန် (၂) နှစ်သင်တန်း | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် | ၂ | အာရုံကြောအားနည်း၊ အကြားအာရုံ အနည်းငယ် ချို့ယွင်း |
| ၅ | အစိုးရနည်းပညာ အထက်တန်းကျောင်း (ဗန်းမော်) | House Wiring (DP Camp) | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် | ၁ | ခြေမသန်စွမ်း |
| ၆ | အစိုးရနည်းပညာ အထက်တန်းကျောင်း (ကော့သောင်း) | ဆံပင်၊ မိတ်ကပ်၊ အလှပြင်သင်တန်း | ၂-၉-၂၀၁၉ မှ ၂၂-၁၁-၂၀၁၉ ထိ | ၁ | လက်မသန်စွမ်း |



အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)၌ ဖွင့်လှစ်ခဲ့သော အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းတွင် မောင်ရဲလင်းထွန်း (လက်မသန်စွမ်းသူ)



အစိုးရနည်းပညာအထက်တန်းကျောင်း (ကော့သောင်း)၏ ဆံပင်၊ မိတ်ကပ် အလှပြင်သင်တန်း



အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)၏ အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်း



အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)၏ ဟိုတယ်ဝန်ဆောင်မှုသင်တန်း



အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)၏
အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း



အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)၏
အမျိုးသမီး၊ အမျိုးသားဆံပင်ညှပ်သင်တန်း



အစိုးရနည်းပညာအထက်တန်းကျောင်း
(မော်လမြိုင်)၏ ဒုတိယနှစ်သင်တန်းမှ
မောင်ဘိုဘိုခန့် (အာရုံကြော အားနည်း)(2IT- 6)
လက်တွေ့သင်ကြားနေမှု



အစိုးရနည်းပညာအထက်တန်းကျောင်း
(မော်လမြိုင်)၏ ဒုတိယနှစ်သင်တန်းမှ
မောင်ဉာဏ်ဝင့်အောင်
(အကြားအာရုံအနည်းငယ်ချို့ယွင်း)





အစိုးရနည်းပညာအထက်တန်းကျောင်း(ဗန်းမော်)၏ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း

# ကျန်းမာရေးဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

**ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အနာကြီးရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းသွားသော မသန်စွမ်းလူနာများအတွက် ဆောင်ရွက်ပေးနေမှုများ-**ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။

- ➢ မိမိကိုယ်မိမိစောင့်ရှောက်ခြင်း(Self Care) ပြုလုပ်တတ်အောင် သင်ကြားပေးခြင်း။
- ➢ အနာကြီးရောဂါကြောင့် လက်ကောက်ကွေး(Claw hand)နှင့် ခြေသိုင်းကျ(Foot Drop)သော လူနာများကို လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်း။
- ➢ အနာပြုစုစောင့်ရှောက်ပေးခြင်း(Ulcer and Wound Care)။
- ➢ လက်၊ ခြေထောက် ချွေးမထွက်၍ ခြောက်သွေ့ခြင်း၊ အက်ကွဲခြင်း၊ အသားမာတက်ခြင်းရှိသူများ စိမ်၊ ခြစ်၊ လိမ်း (SOAKING, SCRAPPING AND OILING) ပြုလုပ်ပေးခြင်း။
- ➢ အနာကြီးရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းမှုရှိသော လူနာများမှ ခွဲစိတ်ပြုပြင်ရန် လိုအပ်သော လူနာများကို (Reconstructive Surgery) ကုသဆောင်ရွက်ပေးခြင်း။
- ➢ လိုအပ်သောဆေးဝါး ကုသမှုများပေးခြင်း။
- ➢ သင့်လျော်သောဖိနပ်နှင့် အခြားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်း (Provision of Assistive Devices) (မျက်မှန်၊ ချိုင်းထောက် စသည်ဖြင့်)
- ➢ Peer Educator အဖြစ် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ပြည်သူလူထုအတွင်း ပြန်လည်ဝင်ဆံ့လာစေရန် ဆောင်ရွက်ပေးခြင်း။
- ➢ အနာကြီးရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းမှုရှိသောလူနာများ၏ စိတ်ခံစားပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း (Counselling)။
- ➢ ပြည်သူ့လူထုအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း (Community Based Rehabilitation)။
- ➢ ကိုယ်ခန္ဓာချို့ယွင်းမှုပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း(Physical Rehabilitation)။
- ➢ စိတ်ခံစားရေးရာ၊ လူမှုရေးရာပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း (Psychosocial Rehabilitation)။
- ➢ စီးပွားရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း (Economic Rehabilitation)။
- ➢ Covid-19 Economic Relief Plan (CERP) အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ပူးပေါင်း၍ အနာကြီးရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်-၂ ရှိသူများအား အခြေခံအစားအသောက်နှင့် COVID-19 ရောဂါအကာအကွယ်ဆိုင်ရာပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် တစ်ဦးလျှင် ၅၀၀၀၀ ကျပ်နှုန်း ထောက်ပံ့ပေးခြင်း။



အနာကြီးရောဂါကြောင့်ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်(၂)ရှိသော လူနာများအား
ထောက်ပံ့ကြေး ၅၀၀၀၀ ကျပ် ပေးအပ်ခြင်း



အနာကြီးရောဂါကြောင့်ကိုယ်အင်္ဂါချို့ယွင်းမှု
အဆင့်(၂)ရှိသော လူနာများအား
ထောက်ပံ့ကြေး ၅၀၀၀၀ ကျပ် ပေးအပ်ခြင်း



အနာကြီးရောဂါကြောင့် ကိုယ်အင်္ဂါချို့
ယွင်းမှုအဆင့်(၂)ရှိသော လူနာ၏ခြေထောက်
အနာအား (Wound Debriment) ပြုလုပ်ပေးခြင်း



အနာကြီးရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းမှု
အဆင့်(၂)ရှိ ခြေသိုင်းကျနေသော လူနာအား
(Self Care) ပြုလုပ်တတ်စေရန် သင်ကြားပေးခြင်း



အနာကြီးရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းမှု
အဆင့်(၂)ရှိ လက်ချောင်းများ ကောက်ကွေးနေသော
လူနာအား (Self Care) ပြုလုပ်တတ်စေရန်
သင်ကြားပေးခြင်း

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

**မသန်စွမ်းမှုနှင့် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု**

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်း (၃)ရပ်တွင် ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) ပြည်တွင်း/ပြည်ပ မသန်စွမ်းအားကစားပြိုင်ပွဲများ (ကျင်းပခြင်း/စေလွှတ်ခြင်း)နှင့် အထွေထွေ

(ခ) အလုပ်အကိုင်ခန့်ထားပေးခြင်း

(ဂ) အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

**ပြည်တွင်း/ပြည်ပ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများ (ကျင်းပခြင်း/စေလွှတ်ခြင်း)နှင့် အထွေထွေ**

၂။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ကြီးကြပ်မှုအောက်တွင် အားကစားနည်းအလိုက် ဖွဲ့စည်းထားရှိသော အားကစားအဖွဲ့ချုပ် (၄၅)ဖွဲ့ရှိပါသည်။ အဆိုပါ (၄၅)ဖွဲ့တွင် ပါဝင်သော မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှုနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ပြည်တွင်းမသန်စွမ်းအားကစားပြိုင်ပွဲများဖြစ်သော ဒေသန္တရနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့်ပြည်ပပြိုင်ပွဲများဖြစ်သော နိုင်ငံတကာချစ်ကြည်ရေးနှင့် ဖိတ်ခေါ် မသန်စွမ်းအားကစားပြိုင်ပွဲများ၊ အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲများ၊ အာရှနှင့် ကမ္ဘာ့ အိုလံပစ်အားကစားပြိုင်ပွဲစသည်တို့အား လူရွေးချယ်၊ စခန်းသွင်းလေ့ကျင့်ပြီး ပြိုင်ပွဲများသို့စေလွှတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၀ ခုနှစ်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အခြေအနေများကြောင့် မသန်စွမ်းသူများ အားကစားဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိပါ။

**အလုပ်အကိုင်ခန့်ထားပေးခြင်း**

၃။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနသည် မသန်စွမ်း အားကစား သမားများအား ၎င်းတို့နှင့်သင့်တော်သော ရာထူး/နေရာများသို့ အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ခန့်အပ်တာဝန်ပေးလျက်ရှိပါသည်။

**အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း**

၄။ နိုင်ငံတော်မှ ဖွဲ့စည်းထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီဟူ၍ ဖွဲ့စည်းထားရှိပါသည်။ ၎င်းတို့၏အောက်တွင် ဆပ်ကော်မတီ (၉)ခုရှိပါသည်။

**မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သမိုင်းအကျဉ်း**

၅။ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်သည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ဦးဆောင်မှုအောက်ရှိ အားကစားအဖွဲ့ချုပ်များအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်နေသူများ၊ ကိုယ်ခန္ဓာစွန့်ထားသူများ၊ မျက်စိမမြင်သူများ၊ သူငယ်နာအကြောတင်းသူများ၊ ပိုလီယိုဖြစ်နေသူများ၊ အာရုံကြောမသန်စွမ်းသူများ၊ နားမကြားသူများ၊ ဉာဏ်ရည်မသန်စွမ်းသူများအား အားကစားလုပ် ဆောင်ပေးခြင်းဖြင့် ကျန်းမာသန်စွမ်းသူများဖြစ်စေရေး၊ မိမိကိုယ်ကိုတိုးတက်အောင် ဆောက်ရွက်နိုင်ရေး ပတ်ဝန်းကျင်တွင်ဝင်ဆံ့နိုင်ရေး၊ မိသားစုအတွက် အကျိုးဖြစ်စေရေး၊ နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက် တစ်လမ်းမှ ပါဝင်နိုင်ရေး၊ အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်ကိုဆောင်နိုင်ရေးများကို ရည်ရွယ်ဖွဲ့စည်း ထားပါသည်။

၆။ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကို ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့တွင် အဖွဲ့ချုပ်တစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ထားရှိမှု**

၇။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အပြည်ပြည်ဆိုင်ရာ ပါရာလံပစ်ကော်မတီ ၁၉၈၉

(ခ) အရှေ့အာရှနှင့် တောင်ပစိဖိတ်ပါရာလံပစ်ကော်မတီ ၁၉၇၅

(ဂ) အာရှပါရာလံပစ်ကော်မတီတွင်အဖွဲ့ဝင်ခြင်း ၂၀၀၅

(ဃ) အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ် ၂၀၀၁

(င) အပြည်ပြည်ဆိုင်ရာ ဉာဏ်ရည်မသန်စွမ်းသူများအားကစားအဖွဲ့ ၂၀၀၄

**အပြည်ပြည်ဆိုင်ရာမသန်စွမ်းအားကစားအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း**

၈။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အပြည်ပြည်ဆိုင်ရာမသန်စွမ်းအားကစားကော်မတီ (International Paralympic Committee)

(ခ) အာရှမသန်စွမ်းအားကစားကော်မတီ (Asian Paralympic Committee)

(ဂ) အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ် (Asean Para Sprots Federation)

(ဃ) အပြည်ပြည်ဆိုင်ရာဉာဏ်ရည်မသန်စွမ်းသူများအားကစားအဖွဲ့ (Special Olympic International)

**မသန်စွမ်းမှုအမျိုးအစား**

၉။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကိုယ်လက်အင်္ဂါစွန့်လွှတ်ထားသူများ (Amputees)

(ခ) ပိုလီယိုအကြောသေဖြစ်သူများ (Polio)

(ဂ) မျက်မမြင်သူများ (Visual Impaired)

(ဃ) သူငယ်နာအကြောတင်းသူများ (Cerebral Palsy)

(င) ဉာဏ်ရည်မသန်စွမ်းသူများ (Intellectual Disability)

(စ) ဆွံ့အနားမကြားသူများ (Deaf)

**မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ အမည်စာရင်း**

| စဉ် | ခုနှစ် | ဥက္ကဋ္ဌ | အတွင်းရေးမှူး | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၉၈၉-၁၉၉၀ | ဗိုလ်မှူးကြီးမျိုးဆွေ<br>ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်မှူးလှမြင့်<br>ကာကွယ်ရေးဝန်ကြီးဌာန | |
| ၂ | ၁၉၉၀-၁၉၉၅ | ဒုတိယဗိုလ်မှူးကြီးသိန်းဟန်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးသိန်းမြင့်<br>အားကစားဝန်ကြီးဌာန | |

| စဉ် | ခုနှစ် | ဥက္ကဋ္ဌ | အတွင်းရေးမှူး | မှတ်ချက် |
|---|---|---|---|---|
| ၃ | ၁၉၉၅-၁၉၉၈ | ဗိုလ်မှူးသိုက်ထွန်း | ဦးသိန်းမြင့်<br>အားကစားဝန်ကြီးဌာန | |
| ၄ | ၁၉၉၈-၁၉၉၉ | ဗိုလ်မှူးကြီး အောင်နိုင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးသိန်းမြင့်<br>အားကစားဝန်ကြီးဌာန | |
| ၅ | ၁၉၉၉-၂၀၀၀ | ဒုတိယဗိုလ်မှူးကြီးဝင်းမောင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးသိန်းမြင့်<br>အားကစားဝန်ကြီးဌာန | |
| ၆ | ၂၀၀၀-၂၀၀၁ | ဗိုလ်မှူးချုပ် အောင်သိန်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးသိန်းမြင့်<br>အားကစားဝန်ကြီးဌာန | |
| ၇ | ၂၀၀၁-၂၀၀၂ | ဗိုလ်မှူးချုပ် အောင်သိန်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးသောင်းထွန်း<br>အာကစားဝန်ကြီးဌာန | |
| ၈ | ၂၀၀၂-၂၀၀၄ | ဗိုလ်ချုပ်အောင်သိန်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးပီတာ<br>အားကစားဝန်ကြီးဌာန | |
| ၉ | ၂၀၀၄-၂၀၀၅ | ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)<br>မြန်မာ့စီးပွားရေး<br>ဦးပိုင်လီမိတက် | ဦးပီတာ<br>အားကစားဝန်ကြီးဌာန | |
| ၁၀ | ၂၀၀၅-၂၀၁၀ | ဗိုလ်မှူးကြီး ဋ္ဌေးနိုင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးပီတာ<br>အားကစားဝန်ကြီးဌာန | |
| ၁၁ | ၂၀၁၀-၂၀၁၄ | ဗိုလ်ချုပ်နေလင်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးပီတာ<br>အားကစားဝန်ကြီးဌာန<br>(ငြိမ်း) | |
| ၁၂ | ၂၀၁၄-၂၀၁၇ | ဗိုလ်ချုပ်စိုးဝင်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးပီတာ<br>အားကစားဝန်ကြီးဌာန<br>(ငြိမ်း) | |
| ၁၃ | ၂၀၁၈-၂၀၁၉ | ဗိုလ်ချုပ်ဝင်းလွင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးပီတာ<br>အားကစားဝန်ကြီးဌာန<br>(ငြိမ်း) | |
| ၁၄ | ၂၀၂၀မှ<br>ယနေ့အထိ | ဗိုလ်မှူးချုပ် ထိန်လင်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးပီတာ<br>အားကစားဝန်ကြီးဌာန<br>(ငြိမ်း) | |

## နိုင်ငံတကာအာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများ

| စဉ် | ကျင်းပသည့်ခုနှစ် | ကျင်းပသည့် နိုင်ငံ | ပါဝင်ယှဉ်ပြိုင်သူ ဦးရေ | ဆုရရှိမှုအခြေအနေ | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | ရွှေ | ငွေ | ကြေး | ပေါင်း | |
| ၁ | ၂၀၀၁ | မလေးရှားနိုင်ငံ | ၃၁ | ၄၁ | ၂၂ | ၁၁ | ၆၇ | |
| ၂ | ၂၀၀၃ | ဗီယက်နမ် | ၂၆ | ၂၄ | ၁၂ | ၁၁ | ၄၇ | |
| ၃ | ၂၀၀၅ | ဖိလစ်ပိုင် | ၂၂ | ၂၉ | ၁၃ | ၄ | ၄၆ | |
| ၄ | ၂၀၀၈ | ထိုင်း | ၂၅ | ၁၄ | ၁၆ | ၂၁ | ၅၁ | |
| ၅ | ၂၀၀၉ | မလေးရှား | ၂၅ | ၁၄ | ၁၉ | ၇ | ၅၀ | |
| ၆ | ၂၀၁၁ | အင်ဒိုနီးရှား | ၃၅ | ၁၁ | ၉ | ၁၄ | ၃၄ | |
| ၇ | ၂၀၁၄ | မြန်မာ | ၂၆၉ | ၃၄ | ၂၆ | ၃၆ | ၉၆ | |
| ၈ | ၂၀၁၅ | စင်ကာပူ | ၁၅၂ | ၁၆ | ၁၇ | ၂၉ | ၆၂ | |
| ၉ | ၂၀၁၇ | မလေးရှား | ၁၈၂ | ၁၁ | ၁၅ | ၁၇ | ၄၃ | |
| ၁၀ | ၂၀၂၀ | ဖိလစ်ပိုင် | ၁၈၅ | - | - | - | - | လေ့ကျင့်ဆဲ |

## မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများ အားကစားအဖွဲ့သမိုင်းအကျဉ်း

၁။ ၂၀၀၄ ခုနှစ် မေလ (၂၈) ရက်နေ့မှ (၂၉)ရက်နေ့တွင် Special Olympics ကို Mr. Simon Koh မှ မိတ်ဆက်ပေးခဲ့ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးသောင်းထိုက်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ဗိုလ်မှူးချုပ်အောင်သိန်း၊ မသန်စွမ်းအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးပီတာနှင့် အခြားတာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ ၂၀၀၄ စက်တင်ဘာလ (၂၂)၊ (၂၃) ရက်များတွင် Mr. Simon Koh မှ Special Olympics Asia Pacific Regional မှ Director Mr. Troy Grieson နှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ကြ၍ မြန်မာနိုင်ငံတွင် Specail Olympics လှုပ်ရှားမှုများစတင်ရန် သဘောတူညီမှုရရှိခဲ့ကြပြီး၊ မြန်မာနိုင်ငံဉာဏ်ရည်မသန်စွမ်းသူများ အားကစားအဖွဲ့ကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့တွင် အဖွဲ့တစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများ အားကစားအဖွဲ့သည် မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင်ရှိပါသည်။ ဉာဏ်ရည်မသန်စွမ်းသူများအား အားကစားလုပ်ဆောင်ပေးခြင်းဖြင့် ကျန်းမာ သန်စွမ်းသူများဖြစ်စေရေး၊ မိမိကိုယ်ကိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေး၊ ပတ်ဝန်းကျင်တွင် ဝင်ဆံ့နိုင်ရေး၊ မိသားစုအတွက် အကျိုးဖြစ်စေရေး၊ နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်နိုင်ရေး၊အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်ကိုဆောင်နိုင်ရေးများကိုရည်ရွယ်ဖွဲ့စည်းထားပါသည်။

၃။ မြန်မာနိုင်ငံဉာဏ်ရည်မသန်စွမ်းသူများ အားကစားအဖွဲ့မှ Special Olympics National Games များအား ၂၀၀၄ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပပေးခဲ့ရာ (၁၃)ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

၄။ ဉာဏ်ရည်မသန်စွမ်း အားကစားသမားများအား အမည်စာရင်းပေးသွင်းခြင်း အားကစားသမား (၁၈၄၆) အား ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မှတ်တမ်းတင်ခဲ့ပါသည်။

၅။ နှစ်စဉ်ကျင်းပပြုလုပ်သည့် ပြည်တွင်းပြိုင်ပွဲများနှင့် သွားရောက်ယှဉ်ပြိုင်ရသည့် ပြည်ပပြိုင်ပွဲများအတွက် ဉာဏ်ရည်မသန်စွမ်း အားကစားသမားမိဘများ၊ ဗန္ဓုလသသယ်ယူပို့ဆောင်ရေးလီမိတက်နှင့် Shine Hope Co;Ltd တို့မှ ထောက်ပံ့ပေးလျက်ရှိပါသည်။

## နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ထားရှိမှု

၁။ အပြည်ပြည်ဆိုင်ရာ ဉာဏ်ရည်မသန်စွမ်းအားကစားအဖွဲ့ ၂၀၀၄

၂။ Special Olympics Asia Pacific Regional ၂၀၀၄

မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများ အားကစားအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သော ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ အမည်စာရင်း

| စဉ် | ခုနှစ် | ဥက္ကဋ္ဌ | အတွင်းရေးမှူး | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂၀၀၄ | ဦးမောင်မြင့် | ဦးပီတာ (Sports Director) | |
| ၂ | ၂၀၀၅- ယနေ့ အထိ | ဗိုလ်မှူးကြီးမျိုးမြင့် | ဦးပီတာ (Sports Director) | |

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန
## အားကစားနှင့် ကာယပညာဦးစီးဌာန
## မသန်စွမ်းသူများအား အလုပ်အကိုင်ခန့်ထားပေးနိုင်မှုဇယား

| စဉ် | အမည် | ရာထူး | ကိုယ်စားပြုဌာန (ခန့်ထားသည့်) ဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးထိန်လင်း | နည်းပြ (နည်းစနစ်) | ယှဉ်/လေ့ -၁ | |
| ၂ | ဦးအောင်ထွန်းလင်း | နည်းပြ (နည်းစနစ်) | ယှဉ်/လေ့ -၁ | |
| ၃ | ဦးအောင်မြင့်မြတ် | နည်းပြ (နည်းစနစ်) | ယှဉ်/လေ့ -၁ | ရေကူး |
| ၄ | ဦးအန်အောင်ခွန် | အကြီးတန်း စာရေး (လက်မှတ်စစ်) | ကွင်း/ရုံ | |
| ၅ | ဦးအောင်ထူး | အကြီးတန်း စာရေး (လက်မှတ်စစ်) | ကွင်း/ရုံ | |

| စဉ် | အမည် | ရာထူး | ကိုယ်စားပြုဌာန (ခန့်ထားသည့်) ဌာန | မှတ်ချက် |
|---|---|---|---|---|
| ၆ | ဦးမျိုးဆွေ | နည်းပြ (နည်းစနစ်) | ရန်ကုန်တိုင်း၊ အင်းစိန် မြို့နယ် | |
| ၇ | ဦးအောင်မြင့်မြတ် | လုပ်သား | ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ပြေးခုန်ပစ် |
| ၈ | ဦးမျိုးမင်းဦး | နည်းပြ (နည်းစနစ်) | ပဲခူးတိုင်း၊ ဝေါမြို့နယ် | |
| ၉ | ဦးအောင်ဘုန်းမြတ် | နည်းပြ (နည်းစနစ်) | ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ် | |
| ၁၀ | ဒေါ်နော်လော်လာဝင်း | ရုံးအကူ | ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် | |

**အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ မသန်စွမ်းမှုနှင့် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း**

| စဉ် | အမည် ရာထူး | အဖွဲ့အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးကျော်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေး ဆပ်ကော်မတီ | ဒုတိယ ဥက္ကဋ္ဌ(၁) | |
| ၂ | ဦးဇော်ဇော်အောင် ဒုတိယညွှန်ကြားရေးမှူးချုပ် | ပညာရေး ဆပ်ကော်မတီ အဖွဲ့ဝင် | | |
| | | သဘာဝဘေးနှင့်အခြား အရေးပေါ် အခြေအနေများဆပ်ကော်မတီ | အဖွဲ့ဝင် | |

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဗိသုကာဌာနခွဲ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

**မသန်စွမ်းသူများအတွက် ထည့်သွင်းဆောင်ရွက်ပေးခဲ့သည့်အချက်အလက်များ**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဗိသုကာဌာနခွဲမှ ရေးဆွဲလျက်ရှိသည့် အများပြည်သူသုံးအဆောက်အဦများကို မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာအသုံးပြုသွားလာနိုင်ရန် ပုံစံထုတ်တာဝန်ခံဆောင်ရွက်ခြင်း။

၂။ မြန်မာနိုင်ငံဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ထုတ်ပြန်ထားသော မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ လိုက်နာမှုရှိစေရန် ကြပ်မတ်ကွပ်ကဲရေးကဏ္ဍတွင် အစိုးရကိုယ်စားပါဝင် ဆောင်ရွက်ပေးခြင်း။

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအဆောက်အဦလက်စွဲ ပြုစုထားရှိရန် အများပြည်သူသုံးအဆောက်အဦများတွင် မသန်စွမ်းသူများအတွက် ရည်ရွယ်ထားရှိရမည့် ဗိသုကာပိုင်းဆိုင်ရာ လမ်းညွှန်ချက်များရေးသားခြင်း။

### မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာ သွားလာသုံးစွဲဆောင်ရွက်နိုင်သည့် အိမ်ရာ သို့မဟုတ် အိမ်ခန်းများတွင် ပါရှိရမည့် အစီအမံများ

**အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် အငှားအိမ်ရာများတွင် မသန်စွမ်းသူများအတွက် ဦးစားပေးအိမ်ခန်းများထားရှိခြင်း**

၁။ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများသည် စုစုပေါင်းလူဦးရေ၏ ၄.၆ ရာခိုင်နှုန်းရှိပြီး မသန်စွမ်းသူများပါဝင်သည့် အိမ်ထောင်စုမှာ ၁၆ ရာခိုင်နှုန်းရှိပါသည်။ အစိုးရကဆောင်ရွက်သော ပြည်သူ့အငှားအိမ်ရာများတွင် မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာ နေထိုင်အသုံးပြုနိုင်သည့် အဆောက်အဦ ဒီဇိုင်းများကို ထည့်သွင်းတည်ဆောက်ရမည်။ အစိုးရအငှားအိမ်ရာများ၏ မြေညီထပ်အခန်းများကို မသန်စွမ်းသူများအတွက် ဦးစားပေးချထားရမည်။ အစိုးရ၏အငှားအိမ်ရာများတွင် အိမ်ခန်းအရေအတွက် ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ အခန်းများကို မသန်စွမ်းသူများအား ချထားပေးနိုင်ရန် ပြင်ဆင်ရပါမည်။

**အစိုးရ သို့မဟုတ် ပုဂ္ဂလိကမှ အကောင်အထည်ဖော် ဆောင်ရွက်သည့်အိမ်ရာ (သို့) အိမ်ခန်းများတွင် မသန်စွမ်းသူများအတွက် ရည်ရွယ်ထားရှိရမည့်အစီအမံများ**

၂။ မသန်စွမ်းသူများအတွက်ပါ ရည်ရွယ်ထားသည့် အိမ်ရာနှင့် အိမ်ခန်းများတွင် ၎င်းတို့လှုပ်ရှားမှုကို အထောက်အပံ့ဖြစ်စေသော အဆောက်အဦဒီဇိုင်းများ၊ အဆီးအတားနည်းသော ရိုးရှင်းသည့် အဆောက်အဦဒီဇိုင်းများနှင့် လက်ရမ်းပါဆင်ခြေလျှောလျှောက်လမ်းများ ပါဝင်ရမည်။ အိမ်ခန်းများအတွင်းတွင်လည်း တစ်နေရာမှတစ်နေရာသို့ အလွယ်တစ်ကူ သွားလာနိုင်ရန် နံရံများ၌ လက်ရန်းများကို တပ်ဆင်ထားရှိရမည်။ မသန်စွမ်းသူများ အသုံးပြုနိုင်သည့် မီးဖိုချောင်၊ လက်ဆေးဘေစင်နှင့် အထောက်အကူပစ္စည်းများကို တပ်ဆင်ထားရှိရမည်။ အိမ်ရာနယ်နိမိတ်အတွင်းရှိ အများသုံးရေိယာများနှင့် အများသုံးပစ္စည်းများကိုလည်း

မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာ အသုံးပြုသွားလာ နိုင်ရေးစီမံထားရှိရမည်။ ၎င်းတို့အတွက် ထားရှိပေးရမည့် အထောက်အကူပစ္စည်းများ၏ အမြင့်ပေစံနှုန်းနှင့် နေရာအကျယ်အဝန်း သတ်မှတ်ချက်များကို (International Organization for Standardization ISO 2011) တွင် ပြဋ္ဌာန်းထားပါသည်။

### အများပြည်သူသုံးအဆောက်အဦများနှင့် ဆက်စပ်ပတ်ဝန်းကျင်နေရာများတွင် မသန်စွမ်းသူများအတွက် ရည်ရွယ်ထားရှိရမည့်အစီအမံများ

၃။ အများပြည်သူသုံးအဆောက်အဦများ(ဥပမာ- ရုံး၊ ကျောင်း၊ ဈေး၊ ဆေးရုံစသည်)နှင့် အများပြည်သူနှင့်သက်ဆိုင်သော ဆက်စပ်ပတ်ဝန်းကျင် နေရာများတွင် ထိတွေ့နိုင်သော သတိပေးလျှောက်လမ်းများ၊ ဦးတည်ရာပြလျှောက်လမ်းများ၊ အသံဖြင့် သတိပေးလမ်းညွှန်သည့်စနစ်များ၊ ဦးစားပေး ကားပါကင်နေရာများနှင့် လမ်းနှင့်ဆိုင်သော အသုံးအဆောင်များကို စနစ်တကျ စီမံထားရှိရမည်။

### လမ်းနှင့်ဆိုင်သောအသုံးအဆောင်များ(Street Furniture)

၄။ အများပြည်သူ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖြည့်ဆည်းပေးထားသည့် ထိုင်ခုံ၊ ဘတ်စ်ကား မှတ်တိုင်၊ အမှိုက်ပုံး၊ စာတိုက်ပုံး၊ လမ်းမီးတိုင်၊ တယ်လီဖုန်းရုံ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ မီးပွိုင့်များ၊ အလှဆင်ပန်းအိုးနှင့် ပန်းပင်များ၊ ရေပန်းများ စသည်တို့ကို လမ်းနှင့်ဆိုင်သောအသုံး အဆောင်များ (Street Furniture) ဟုခေါ်ပါသည်။

အထက်ပါ Street Furniture များကို လူသွားလမ်းနှင့် လွတ်ကင်းသည့် တစ်ဖက်တည်းတွင်သာ တပ်ဆင်ထားရှိရမည်။ ယင်းသို့တပ်ဆင်ရာတွင် မသန်စွမ်းသူများသွားလာမှုကို အနှောင့်အယှက်မဖြစ် စေရေးနှင့် မသန်စွမ်းသူများ အလွယ်တကူတွေ့မြင်နိုင်ရေး စီမံထားရှိရမည်။

### ထိတွေ့နိုင်သော သတိပေးလျှောက်လမ်းများနှင့် ဦးတည်ရာပြလျှောက်လမ်းများ (Tactile Warning and Directional Floor)

၅။ ဖိနပ်ဖြင့်နင်းလျှောက်ရုံမျှဖြင့် ထိတွေ့နိုင်သော သတိပေးလျှောက်လမ်းများနှင့် ဦးတည်ရာ ပြလျှောက်လမ်းများကို အမြင်အာရုံချို့တဲ့အားနည်းသူများအတွက် စီမံထားရှိပေးရမည်။ အထူးသဖြင့် လမ်းဆုံ၊ လမ်းခွများ၊ အနိမ့်အမြင့် မညီညာသည့်လမ်းများ၊ ဆင်ခြေလျှောနေရာများနှင့် မျက်မမြင်များအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် နေရာများတွင် တပ်ဆင်ထားရှိပေးရမည်။

### ကားပါကင်နေရာများ

၆။ မသန်စွမ်းသူများအတွက် ဦးစားပေးထားရှိရမည့် ကားပါကင်နေရာများကို အဆောက်အအုံ၏ အဓိက ဝင်ပေါက်နှင့် အနီးဆုံးနေရာတွင် နေရာချထားပေးရမည်။ ယင်းသို့နေရာချထားရာတွင် ကားပါကင်ကို မျက်နှာစာနှစ်ဖက်မှ တည့်တည့်အနေအထားဖြင့် ဝင်ရောက်နိုင်အောင် စီမံထားရှိရန် လိုအပ်ပြီး တစ်စောင်း အနေအထားရပ်ရန် စီမံထားရှိသည့် ကားပါကင်များသည် မသန်စွမ်းသူများ အတက်အဆင်းပြုရာတွင် အခက်အခဲဖြစ်စေနိုင်သဖြင့် သတိပြုရှောင်ကြဉ်ရမည်။

Reference

- Accessibility of Housing : A Handbook of inclusive affordable housing solutions for persons with disabilities and older persons by UNHABITAT

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

### လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအထိ ဆောင်ရွက်ခဲ့သော မသန်စွမ်း သူများပြုစုစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ

၁။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၄.၆ရာခိုင်နှုန်း သည်မသန်စွမ်းသူများဖြစ်ကြပြီး၊ မျက်မမြင် ၂.၅ ရာခိုင်နှုန်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ၁.၉ ရာခိုင်နှုန်း၊ နားမကြားသူ ၁.၃ ရာခိုင်နှုန်း၊ ဉာဏ်ရည်ချို့ယွင်းအားနည်းသူ ၁.၇ ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများအား သင်တန်းကျောင်းအခြေပြု စောင့်ရှောက်ရေးအဖြစ် သင်တန်းကျောင်း(၈)ကျောင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ-

(က) မျက်မမြင်ကျောင်း(၂)ကျောင်း (ရန်ကုန်၊ စစ်ကိုင်း)

( ခ) နားမကြားသောကလေးများကျောင်း(၂)ကျောင်း (ရန်ကုန်၊ မန္တလေး)

( ဂ) မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(၂)ကျောင်း (ရန်ကုန်၊ မန္တလေး)

(ဃ) မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ (၁) (ရန်ကုန်)

( င) မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(၁)ကျောင်း (ရန်ကုန်)

၂။ မျက်မမြင်ကျောင်း(၂)ကျောင်းကို ရန်ကုန်မြို့နှင့် စစ်ကိုင်းမြို့တို့တွင် ဖွင့်လှစ်၍ အသက် (၆)နှစ်မှ (၁၈) နှစ်အတွင်းရှိ မျက်မမြင်ကလေးငယ်များအား မျက်မမြင်လက်စမ်းစာ (Braille Letter)ဖြင့် မူလတန်းပညာကို ကျောင်းတွင်းပညာရေးအဖြစ် သင်ကြားပေးပြီး၊ Inclusive Education အရ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားပေး လျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များ အဖြစ် အကြောပြင်အနှိပ်သင်တန်း၊ ဗေဒင်သင်တန်း၊ ကြိမ်ထိုးသင်တန်း၊ ကွန်ပျူတာသင်တန်းများတွင် သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။

၃။ နားမကြားသောကလေးများကျောင်း (၂)ကျောင်းကို ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် ဖွင့်လှစ်လျက်ရှိပြီ ကျောင်းသို့ရောက်ရှိလာသော အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်းရှိ နားမကြားကလေးငယ်များအား Audio ၊ Speech များ လေ့ကျင့်သင်ကြားပေးပြီး စာပေသင်ကြားရာတွင် လက်သင်္ကေတပြဘာသာစကားဖြင့် သင်ကြား ပေးပြီး၊ စာပေပညာသင်ကြားနိုင်စွမ်းမရှိသော နားမကြားသူများအတွက် ဇာထိုးပန်းထိုး၊ ဆွယ်တာထိုး၊ ကွန်ပျူတာ ပန်းထိုး၊ စက်ချုပ်၊ အချက်အပြုတ်စသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ ထို့အပြင် နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်မှုမြင့်မားစေရန်ရည်ရွယ်၍ လက်သင်္ကေတပြ ဘာသာစကား ကူညီပံ့ပိုးသူများ(၁နှစ်ခွဲ)သင်တန်းကို ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပြီး ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍအသီးသီးတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(၂)ကျောင်းကို ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် ဖွင့်လှစ်၍ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်းရှိဉာဏ်ရည်မသန်စွမ်းကလေးများနှင့် ကိုယ်အင်္ဂါမသန်စွမ်း သူကလေးများအား လက်ခံစောင့်ရှောက်ပြီး ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများ(Activities of Daily Living ADL)ကို ကိုယ်တိုင် လုပ်ဆောင်တတ်စေရန်အတွက်လည်းကောင်း၊ လူမှုပတ်ဝန်းကျင်အတွင်း လိုက်လျောညီထွေ နေထိုင်တတ် စေရန်အတွက်လည်းကောင်း၊ အကြိုသက်မွေးပညာရပ်များ တတ်မြောက်စေရန်အတွက်လည်းကောင်း၊ စာပေ သင်ကြားနိုင်သော ဉာဏ်ရည်ရှိသည့် ကလေးငယ်များကို မူလတန်းပညာသင်ကြားပေးသည့်အပြင် စာပေ

သင်ကြားနိုင်စွမ်းမရှိသည့် ကလေးငယ်များကို အထူးပညာရေးစနစ်အဖြစ် အရေး၊ အဖတ်၊ အတွက် ပညာများ သင်ကြားပေးလျက်ရှိပါသည်။

၅။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ဌာနငယ်သင်တန်းကျောင်းများမှ မသန် စွမ်းကလေးများနှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့်ပေးပို့သော ရပ်ရွာအတွင်းရှိ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများ အတွက် မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးဂေဟာကို ရန်ကုန်မြို့တွင် ဖွင့်လှစ်လျက် နေ့စဉ်လုပ်ငန်းဆောင် တာများ ဆောင်ရွက်တတ်စေရန်အတွက်လည်းကောင်း၊ စာပေသင်ကြားနိုင်စွမ်းရှိသော ကလေးငယ်များကို မူလတန်းပညာကိုလည်းကောင်း သင်ကြားပေးလျက်ရှိပါသည်။

၆။ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် မသန်စွမ်း သက်ကြီးသင်တန်း ကျောင်း (၁)ကျောင်းကို ရန်ကုန်မြို့တွင် ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြစ်သော ခတ်ပုံ၊ ဆံသ၊ ကွန်ပျူတာ၊ တံဆိပ်ရိုက်၊ စက်ချုပ်၊ အီလက်ထရောနစ် သင်တန်းများကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းတက်ရောက်အောင်မြင်ပြီးပါက ကိုယ်ပိုင်ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေး လျက်ရှိပါသည်။

၇။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ဖွင့် လှစ်ထားသော အသိအမှတ်ပြုမသန်စွမ်းကျောင်း(၁၂)ကျောင်းကိုလည်း နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေး လျက်ရှိပါသည်။

၈။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မသန်စွမ်းသူများအား နိုင်ငံတော်၏ဘတ်ဂျက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ထောက်ပံ့ကြေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တစ်ဦးလျှင်(၃၀၀၀၀ိ/-) နှုန်းဖြင့် မသန်စွမ်းသူ(၁၅၈ )ဦးအား (၅.၀၁၀)သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၉။ လူမှုဝန်ထမ်းဦးစီးဌာနသည် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် နားလည်မှု စာချွန်လွှာရေးထိုး၍ မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ JICA နှင့် ပူးပေါင်း၍ နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့မှု မြှင့်တင်နိုင်ရေးစီမံချက်( Phase- 1 ) (Phase -2)ကို ဆောင်ရွက်နိုင်ခဲ့ပြီး (Phase- 3)ကို ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများကို AAR နှင့် ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အမြင်အာရုံ ချို့တဲ့သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်ပြီး အကြောပြင်ပညာသင်တန်းများကို Japan Heart နှင့်ပူးပေါင်း၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းသူများသည် သတင်းအချက်အလက်နှင့် နည်း ပညာ ပိုမိုလက်လှမ်းမီစေရန်အတွက် နီပွန်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ (ICT Training Center) ကို ဖွင့်လှစ်ပြီး မသန်စွမ်းသူများအား (IT) နည်းပညာများ သင်ကြားပေးလျက်ရှိပါသည်။

၁၀။ မသန်စွမ်းမှုအမျိုးအစားအလိုက် အသိပညာပေးခြင်းနှင့် အထူးလိုအပ်ချက်ရှိသော ကလေးများ ပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်(၇)ခုတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၇)ကြိမ်၊ သင်တန်းသား(၂၁၀)ဦးကို အသိပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၁၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံ အထူးပညာရေးအသင်းနှင့် ပူးပေါင်း၍ အထူးပြုစုစောင့်ရှောက် ရန်လိုအပ်သော မသန်စွမ်းကလေးများအား ပြုစုပျိုးထောင်ပေးသည့် ဆရာ/ဆရာမများ မွေးထုတ်ပေးသည့်

သင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး အစီရင်ခံသည့်ကာလ အတွင်းသင်တန်း(၄)ကြိမ်တွင် သင်တန်းသား/သူ(၁၉၀) ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

၁၂။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မသန်စွမ်းသင်တန်းကျောင်း(၈)ကျောင်းတွင် ပြုစုစောင့်ရှောက်ထားသော မသန်စွမ်းသူများ၏စာရင်း၊ ပြုစုစောင့်ရှောက်ထားသော မသန်စွမ်းသူများအား အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနိုင်မှုအခြေအနေတို့အား နောက်ဆက်တွဲဖြင့် ပူးတွဲပေးပို့အပ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မသန်စွမ်းသင်တန်းကျောင်း(၈)ကျောင်းတွင် ပြုစုစောင့်ရှောက်ထားသော မသန်စွမ်းသူများစာရင်း**

| စဉ် | ကျောင်းအမည် | ခွင့်ပြုအင်အား | ၂၀၂၀ခုနှစ် မတ်လအထိ ဦးရေ | လက်ရှိဦးရေ |
|---|---|---|---|---|
| ၁ | မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်) | ၂၅၀ | ၂၂၁ | - |
| ၂ | မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) | ၁၀၀ | ၁၀၀ | - |
| ၃ | ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (ရန်ကုန်) | ၂၀၀ | ၁၉၈ | - |
| ၄ | စစ်ကိုင်းမျက်မမြင်ကျောင်း (စစ်ကိုင်း) | ၁၀၀ | ၅၉ | - |
| ၅ | နားမကြားသောကလေးများကျောင်း (မန္တလေး) | ၂၀၀ | ၂၃၀ | ၁၅ |
| ၆ | နားမကြားသောကလေးများကျောင်း (ရန်ကုန်) | ၁၀၀ | ၁၂၂ | - |
| ၇ | မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) | ၁၀၀ | ၈၁ | |
| ၈ | မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်) | ၁၀၀ | ၁၁၂ | ၁၁၂ |
| စုစုပေါင်း | | ၁၁၅၀ | ၁၁၂၃ | ၁၂၇ |

## လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မသန်စွမ်းသင်တန်းကျောင်းများတွင် ပြုစုစောင့်ရှောက်ထားသော မသန်စွမ်းသူများအား အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနိုင်မှုအခြေအနေ

### မသန်စွမ်းသက်ကြီးသင်တန်းကျောင်း

| စဉ် | ပညာသင်နှစ် | သင်တန်းကာလ | | အီလက် ထရောနစ် (၁)နှစ် | | စက်ချုပ် | | ဓါတ်ပုံ | | တံဆိပ်ရိုက် | | ဆံသ | | ကွန်ပျူတာ | | စုစုပေါင်း | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | |
| ၁ | ၂၀၁၉-၂၀၂၀ | ၇.၁.၂၀၂၀ | ၃.၄.၂၀၂၀ | - | | ၄ | ၁၂ | ၅ | ၁ | ၁၁ | ၃ | ၁၁ | - | ၁၆ | ၄ | ၄၇ | ၂၀ | |

### စစ်ကိုင်းမျက်မမြင်ကျောင်း

| စဉ် | ခုနှစ် | အနှိပ် သင်တန်း | | ဖန်စီ သင်တန်း | | ကြိမ်ထိုး သင်တန်း | | ဗေဒင် သင်တန်း | | လုပ်ငန်းခွင် ဝင်ရောက် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | |
| ၁ | ၂၀၂၀ပြည့်နှစ် | ၁၀ | ၁၀ | - | - | - | - | - | - | ၁ | - | ၁.၆.၂၀၁၉ မှ ၂၉.၂.၂၀၂၀ ထိ |
| စုစုပေါင်း | | ၁၀ | ၁၀ | - | - | - | - | - | - | ၁ | - | |

### ကြည့်မြင်တိုင်မျက်မမြင်ကျောင်း

| စဉ် | ပညာသင်နှစ် | အနှိပ်(၂)နှစ် သင်တန်း | | အလုပ်အကိုင် ရရှိမှု | | အနှိပ်(၁)နှစ် သင်တန်း | | အလုပ်အကိုင် ရရှိမှု | | အနှိပ်(၃)လ သင်တန်း | | အလုပ်အကိုင် ရရှိမှု | | ကြိမ်ထိုး သင်တန်း | | အလုပ်အကိုင် ရရှိမှု | | ဗေဒင် သင်တန်း | | အလုပ်အကိုင် ရရှိမှု | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | |
| ၁ | ၂၀၁၉-၂၀၂၀ | ၈ | ၉ | - | - | ၇ | ၈ | ၇ | ၈ | ၈ | ၆ | ၈ | ၆ | ၁၂ | - | ၂ | - | ၄ | ၁၃ | - | - | |
| စုစုပေါင်း | | ၈ | ၉ | - | - | ၇ | ၈ | ၇ | ၈ | ၈ | ၆ | ၈ | ၆ | ၁၂ | - | ၂ | - | ၄ | ၁၃ | - | - | |



မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် ကွန်ပျူတာအခြေခံသင်တန်း သင်ကြားပေးနေခြင်း



မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် တံဆိပ်ရိုက်သင်တန်း သင်ကြားပေးနေခြင်း



မျက်မမြင်ကလေးများ ကြိမ်ထိုးသင်တန်းလက်တွေ့
ဆောင်ရွက်နေခြင်း



မျက်မမြင်သင်တန်းကျောင်းမှ
အနှိပ်ပညာသင်ကြားနေပုံ



နားမကြားသောကလေးများအား လက်သင်္ကေတပြ
ဘာသာစကားဖြင့်စာသင်ကြားနေခြင်း



နားမကြားသောကလေးများကျောင်းတွင်
စက်ချုပ်သင်တန်းပေးနေခြင်း



မသန်စွမ်းကလေးများအား ကွန်ပျူတာလေ့ကျင့်သင်
ကြားပေးနေခြင်း



မသန်စွမ်းသက်ငယ်သင်တန်းကျောင်းတွင်
ငွေကြေးအသုံးပြုပုံ သင်ကြားနေခြင်း

**ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း (ECI)အချက်အလက်များ (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ၂၀၂၁ခုနှစ်၊ ဩဂုတ်လအထိ)**

၁။ ၂၀၁၇ ခုနှစ်တွင် Early Childhood Intervention, ရှေးဦး အရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး အခြေအနေတိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုကို မွေးစမှ အသက် ၅ နှစ်အထိ ကလေးများအတွက် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ် (၄) ခုမှ ECI Center(၇)ခုကို ရွေးချယ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ ရှမ်းတဲကြီး ကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရပ်ကွက်(၁)နှင့် ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာ၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်နှင့် ချောင်းဦးမြို့နယ်၊ ငါးလုံးတင် ကျေးရွာ၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက်နှင့် ပေါင်မြို့နယ်၊ အလုပ်ကျေးရွာတို့တွင် အိမ်တိုင်ရာရောက်ရွေ့ပြောင်းဝန်ဆောင်မှုများ ဖြစ်သော အသက်(၅)နှစ်အောက် ကလေးများအားလုံး၏ အသက်အရွယ် အလိုက်ဖွံ့ဖြိုးမှုကို မေးခွန်းလွှာများဖြင့် အိမ်တိုင်ရာရောက် တိုင်းတာစစ်ဆေးပြီး လိုအပ်ချက်များအလိုက် ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါ သည်။

၂။ ECI လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများအား သုံးသပ်အကဲဖြတ်နိုင် ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သော လေ့လာဆန်းစစ်ခြင်း စီမံခန့်ခွဲမှုအဖွဲ့နှင့် နည်းပညာဆိုင်ရာ ရည်ညွှန်းအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက်ရှိပါသည်။

၃။ ECI ရွေ့ပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေး ပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့ရှိ ရွေးချယ်ထားသော ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၃၀) ရက် နေ့အတွင်း ၎င်းဒေသများ၌ ဝန်ဆောင်မှုမတိုင်မီ ချင့်ချိန်တွက်ဆခြင်း (Pre-assessment Evaluation)နှင့် လေ့လာစိစစ်ခြင်း (Situational Analysis) လုပ်ငန်း များကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ထိုသို့ တိုးချဲ့ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့ရှိ ရွေးချယ်ထားသောရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ အသက်(၃)နှစ်အောက် ကလေးများအား "ကလေး(၃)နှစ် အရွယ်အထိ ပုံမှန်ဖွံ့ဖြိုးမှု ရှိ/မရှိ စိစစ်သိရှိနိုင်ရန် အချက်များ" ကို အခြေခံ၍ ရေးဆွဲထားသော ဆန်းစစ်လွှာ (မူကြမ်း)ကို အသုံးပြု၍ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၅။ ECI ရွေ့ပြောင်းဝန်ဆောင်မှုဧရိယာများရှိ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းညွှန်းပို့ရန် လိုအပ်သော မသန်စွမ်းကလေးငယ်များအား Covid-19 ကာလအတွင်း ဌာနရန်ပုံငွေမှ ကလေးတစ်ဦးလျှင် (၃၀,၀၀၀/-) နှုန်းဖြင့် စုစုပေါင်းကလေး (၇၉) ဦးကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၆။ Covid-19 ကာလအတွင်း ECI ရွေ့ပြောင်းဝန်ဆောင်မှုဧရိယာများရှိ ကလေးငယ်များအား ဝန်ဆောင်မှုများ ဆက်လက်ပေးနိုင်ရန်အတွက် Tele-Communication နည်းလမ်းများ အသုံးပြု၍ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဦးစီးဌာနရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၇။ ECI ဆိုင်ရာအပြည်ပြည်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (Global Webinar) သို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ချုပ်နှင့် တာဝန်ရှိသူများသည် (၁၆-၆-၂၀၂၀) ရက်နေ့တွင် တက်ရောက်၍ ဆောင်ရွက်လျက်ရှိသည့် ECI ဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

၈။ ECI ရေရှည်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားစေရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ECI ဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ဝန်ထမ်းများနှင့် Home Visitor များအား ပံ့ပြင်စာအုပ်ဖတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို (၁၉-၆-၂၀၂၀) ရက်နေ့ ၊ (၂၀-၆-၂၀၂၀) ရက်နေ့၊ (၂၂-၆-၂၀၂၀)ရက်နေ့နှင့် (၂၃-၆-၂၀၂၀) ရက်နေ့တို့တွင်လည်းကောင်း၊ စကားပြောကုထုံးဆိုင်ရာ သင်ခန်းစာများပို့ချခြင်းကို Online မှ တစ်ဆင့် (၂၄.၈.၂၀၂၀) ရက်နေ့မှ (၂၉.၉.၂၀၂၀)ရက်နေ့ အထိလည်းကောင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် လေ့လာအကဲဖြတ်ခြင်း (Monitoring and Evaluation) စနစ်အတွက် အသုံးပြုမည့်ပုံစံများနှင့် လမ်းညွှန်ချက်များ အသုံးပြုနည်း သင်တန်းကို Zoom Application ဖြင့် (၅-၁၀-၂၀၂၀) ရက်နေ့မှ (၂၆-၁၀-၂၀၂၀) ရက်နေ့အထိလည်းကောင်း၊ တစ်ဦးချင်းနှင့်မိသားစုဝင်များအား ဝန်ဆောင်မှုပေးခြင်းအစီအစဉ် ( Individualized Family Service Plan) ရေးဆွဲနည်းနှင့် နေ့စဉ်ပုံမှန် လုပ်ငန်းများတွင် ဝန်ဆောင်မှုပေးခြင်း (Routine Based Intervention ) ဆိုင်ရာသင်တန်းကို (၁၂.၁၁.၂၀၂၀)ရက်နေ့မှ (၂၆.၁၁.၂၀၂၀) ရက်နေ့အထိလည်းကောင်း၊ အစာကျွေးမွေးမှုကုထုံးနှင့် စကားပြောမှုဆိုင်ရာကုထုံး သင်တန်းများကို (၁.၁၂.၂၀၂၀) ရက်နေ့မှ (၅.၁၂.၂၀၂၀) ရက်နေ့အထိလည်းကောင်း Online ဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

၉။ ထို့အပြင် (၁၀.၅.၂၀၂၁)ရက်နေ့တွင် ECI လုပ်ငန်းရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး ECI လုပ်ငန်းစီမံချက်(မူကြမ်း)ကို (၂၉.၆.၂၀၂၁)ရက်နေ့တွင် ECI သုံးသပ် ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြခဲ့ပါသည်။ ထိုအစည်းအဝေး၏ လမ်းညွှန်ချက်အရ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် ECI ကျွမ်းကျင်ပညာရှင်များမွေးထုတ်နိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများကို ECI လုပ်ငန်းခွင်အကြို သင်တန်းများနှင့် AEPS (Assessment, Evaluation & Programming System) လေ့လာဆန်းစစ်၊ သုံးသပ်အကဲဖြတ်၊ အစီအစဉ်ရေးဆွဲခြင်းသင်တန်းစသည့် ဘာသာရပ်ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို Online ဖြင့် ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

# ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၂၀) အစည်းအဝေး (၈.၆.၂၀၂၀) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ**

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၀) အား (၁၃.၅.၂၀၂၀) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေး ခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၀) အား (၆.၁၀.၂၀၂၀) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၂၀) အစည်းအဝေး (၈.၁၂.၂၀၂၀) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

၅။ (၂၄.၂.၂၀၂၁)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ လုပ်ငန်းတာဝန်များအား ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်း ပြုလုပ်ခဲ့ပါသည်။

၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို (၃၀.၉.၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၁၁/၂၀၂၁) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

၇။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကိုလည်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အမိန့်ကြော်ငြာစာ အမှတ် (၃/၂၀၂၁) ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၈။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၁) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်အမည် စာရင်းများ ရရှိမှုအခြေအနေများအား ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးအား (၆.၇.၂၀၂၁) ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)**

၉။ ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ASEAN Enabling Master Plan 2025 ကို အခြေပြု၍ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အဆင့်မဟာဗျူဟာ (၅)နှစ် စီမံကိန်း (၂၀၂၂-၂၀၂၇)ကို တတိယ (မူကြမ်း) အဖြစ် ရေးဆွဲထားရှိပြီးဖြစ်ရာ အချောသတ်(မူကြမ်း)၊ English ဘာသာပြန်ဆိုနိုင်ရေးနှင့် အချောသတ်မူကြမ်းအား အတည်ပြုထုတ်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ်အစိုးရဌာနများ၊ ဆက်စပ်အဖွဲ့အစည်း

များနှင့် အစည်းအဝေးကျင်းပပြုလုပ်၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၁၀။ အဆိုပါ မဟာဗျူဟာ(၅)နှစ်စီမံကိန်းတွင် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ အလွယ်တကူလက်လှမ်းမီရရှိရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများ စသည်တို့ကို ဦးစားပေးကဏ္ဍ (၆) ရပ် အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ထည့်သွင်းထားရှိပါသည်။

## မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) အစည်းအဝေးများကျင်းပပြုလုပ်ခြင်း

၁၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ် စီမံကိန်း အောင်မြင် စွာရေးဆွဲနိုင်ရေးအတွက် လျာထားအခန်း (၆) ခန်းဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းနှင့်အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့်အခြား အရေးပေါ်အခြေအနေ၊ အလွယ်တကူလက်လှမ်းမီရယူအသုံးပြုနိုင်မှုများကို သက်ဆိုင်ရာဆပ်ကော် မတီဝင်များ၊ ဆက်စပ်အစိုးရဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် မသန်စွမ်းကိုယ်စားလှယ်များဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးအားလည်းကောင်း၊ အောက်တိုဘာလတွင် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးအားလည်းကောင်း၊ ဒီဇင်ဘာလတွင် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတို့အားလည်းကောင်း အသီးသီးကျင်းပပြုလုပ်ခဲ့ပါသည်။

၁၂။ (၆.၅.၂၀၂၁) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း အောင်မြင်စွာရေးဆွဲနိုင်ရေးအတွက် Technical Core Group (TCG)၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ စောင့်ကြည့်အကဲဖြတ် ဆပ်ကော်မတီနှင့် သုတေသနဆပ်ကော်မတီတို့၏ညှိနှိုင်းအစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၃။ (၂၁.၅.၂၀၂၁) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း အောင်မြင်စွာရေးဆွဲနိုင်ရေးအတွက် Technical Core Group (TCG)၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီနှင့် သုတေသနဆပ်ကော်မတီ တို့၏ ညှိနှိုင်းအစည်းအဝေးအား ဒုတိယအကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၄။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ (၆.၇.၂၀၂၁) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ် စီမံကိန်း (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများအား ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ပါသည်။

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့်မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်

၁၅။ ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေပါ ပြဌာန်းချက်နှင့်အညီ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အားကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၁၆။ မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် မသန်စွမ်းသူများအတွက် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေပါပြဌာန်းချက်များကို ဥပဒေအရ အပြည့်အဝ အကာအကွယ်ပေးနိုင်ခြင်းနှင့် ဥပဒေပါ မသန်စွမ်း

သူများ၏ အခွင့်အရေးများကို ထောက်ပံ့ကူညီပေးနိုင်ခြင်းတို့အတွက် အရေးကြီးသည့်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါသည်။ ထို့အတူ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်း လုပ်ငန်းစဉ်ဖြစ်သည့် မသန်စွမ်းမှုအမျိုးအစား၊ မသန်စွမ်းမှုအဆင့်နှင့် မသန်စွမ်းသူအရေအတွက်များကို သိရှိခြင်းသည် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လုပ်ငန်းအလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စီမံကိန်းများ ရေးဆွဲရာတွင် မသန်စွမ်းသူများအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်ပါသည်။

**မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း**

၁၇။ (၁၀.၂.၂၀၂၁) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ချက်များအား ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။

**အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့**

၁၈။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂ အဖွဲ့ကြီး၏ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ်(၄၇/၃) အရ နှစ်စဉ် ဒီဇင်ဘာလ (၃) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ၁၉၉၂ ခုနှစ် မှစတင်၍ ဂုဏ်ပြုသတ်မှတ် ကျင်းပခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်မှ စတင်၍ နှစ်စဉ်ဒီဇင်ဘာလ (၃) ရက်နေ့တွင် ဂုဏ်ပြုကျင်းပပြုလုပ်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် (၂၇) ကြိမ်၊ ၂၀၂၁ ခုနှစ်တွင် (၂၈) ကြိမ် ပြည့်မည်ဖြစ်ပါသည်။

၁၉။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မသန်စွမ်းသူများ သီတင်းပတ်ဖြစ်သည့် နိုဝင်ဘာလ (၂၆) ရက်နေ့မှ ဒီဇင်ဘာလ (၂) ရက်နေ့အထိ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အွန်လိုင်းဥာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၇)ရက်နေ့တွင်ကျင်းပခဲ့သည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၀)တွင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် မသန်စွမ်းသူများအတွက် အတား အဆီးကင်းမဲ့ပြီး အလွယ်တကူခရီးသွားလာနိုင်ရေး (Barrier Free Tourism Pilot Project) ကို နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပုဂံမြို့တို့တွင် အကောင်အထည်ဖော်နိုင်ရေးအတွက် ရှေ့ပြေး စီမံချက်ရေးဆွဲ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်သွားမည့်ကိစ္စအား ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးဆုံးဖြတ်ချက်အရ နေပြည်တော်ကောင်စီနယ်မြေတွင် ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့မဈေး၊ ရေပန်းဥယျာဉ်နှင့်ကန်တော်မင်္ဂလာ အပန်းဖြေနေရာတို့တွင် မသန်စွမ်းသူများ အတားအဆီးကင်းမဲ့ပြီး အလွယ်တကူသွားလာနိုင်ရေးအတွက် စံနမူနာပြအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃။ အလားတူမန္တလေးတိုင်းဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့်မန္တလေးတိုင်းဒေသ ရှိ ဟိုတယ်များ၊ ဘုရားများတွင် မသန်စွမ်းသူများအသုံးပြုနိုင်သည့် Toilet များ၊ Wheel Chair လမ်းများကို ထည့်သွင်းဆောင်ရွက်ထားရှိပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ဟိုတယ်များတွင် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားမည့်အပြင် ဟိုတယ်တည်ဆောက်ခွင့်များ တင်ပြလာသည့်အခါ ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံအဆောက်အဦဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက် များ(၂၀၂၀)ပါ မသန်စွမ်းသူများအတွက် ဖွဲ့စည်းပေးရမည့် အနည်းဆုံးလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ ထိုအပြင် Barrier Free Tourism Pilot Project အား အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသား အဆင့် (သို့) ပြည်ထောင်စုအဆင့်အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သည့် အကြိုညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ၁၇-၁၂-၂၀၂၀ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

၆။ COVID-19 အလွန်ကာလ ခရီးသွားလုပ်ငန်းများ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အချိန်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မသန်စွမ်းသူများ အတွက် အတားအဆီးကင်းမဲ့ပြီး အလွယ်တကူခရီးသွားလာနိုင်ရေး ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များတွင် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများရှိ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း "တိုင်းရင်းသားအခွင့် အရေးဆိုင်ရာပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်း အစီအစဉ်" ကို တိုင်းဒေသကြီး/ ပြည်နယ် (၁၄)ခုတွင် (၃၂)ကြိမ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်တွင် (၂) ကြိမ် ဆောင်ရွက်ခဲ့ပြီး အဆိုပါအစီအစဉ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အခွင့်အရေးများနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များအား တိုင်းရင်းသားပြည်သူများ ကျယ်ပြန့်စွာ သိရှိနားလည်နိုင်စေရန် တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းရင်းသားပြည်သူများ စုစုပေါင်း (၃၅၆၃)ဦးတို့ကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂။ (၂၄-၅-၂၀၂၀) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ အထက်မြတ်လှဲအုပ်စု၊ ကန်သစ်ကျေးရွာမှ ဝါးခုတ်သွားစဉ် မိုင်းနင်းမိ၍ ခြေထောက်ပြတ်ဒဏ်ရာ ရရှိခဲ့သော မြို(မရူစာ) တိုင်းရင်းသားနှစ်ဦးအတွက် အကူအညီအထောက်အပံ့များ ရရှိနိုင်ရန် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနသည် ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနများသို့ ညှိနှိုင်းတင်ပြ၍ အထောက်အပံ့များ ရရှိနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

၃။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မာလာကျေးရွာအုပ်စု၊ ခပေါ်ရွာနေ မြိုတိုင်းရင်းသူ ဒေါ်ခင်မေစံ၊ အသက် (၄၃) နှစ်သည် (၄-၁-၂၀၂၁)ရက်နေ့တွင် ကျေးရွာအနီး၌ မိုင်းနင်းမိ၍ ထိခိုက်ဒဏ်ရာများရရှိခဲ့ပါသဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ပါသည်။



(၁၃-၅-၂၀၂၁) ရက်နေ့တွင် တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ဒုတိယညွှန် ကြားရေးမှူး ဒေါ်သိန်းဦးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ စစ်တမ်းကောက်ယူရခြင်း ရည်ရွယ်ချက်၊ မသန်စွမ်းအခွင့်အရေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြနေစဉ်



(၂၃-၈-၂၀၂၀) ရက်နေ့တွင်တောင်ငူမြို့နယ် အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ငွေးငွေးမြင့်က အမျိုးသမီး၊ ကလေးသူငယ်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို၊ ရှေးဦး ကလေးသူငယ်၊ လူငယ်ရေးရာမူဝါဒတို့နှင့် ပတ်သက်၍ အသိပညာပေးပြောကြားနေစဉ်



(၁၃-၅-၂၀၂၁) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး၊ လူငယ်ရေးရာမူဝါဒ၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေများကိုရှင်းလင်းတင်ပြစဉ်



(၄-၁-၂၀၂၁) ရက်နေ့တွင် မိုင်းနင်းမိ၍ ထိခိုက်ဒဏ်ရာများရရှိခဲ့သော ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မာလာကျေးရွာအုပ်စု၊ ခပေါ်ရွာနေ မြို့တိုင်းရင်းသူ ဒေါ်ခင်မေစံအား ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီး ဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ် စောင့်ရှောက်ရေးဦးစီးဌာနတို့ ပူးပေါင်းထောက်ပံ့ပေးနေပုံ

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ










ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိထောက်ပံ့ရန်ကျန်ရှိသည့်မသန်စွမ်းသူ(၉၀၂)ဦးအား ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့များမှ ထောက်ပံ့ကြေးပေးအပ်ခဲ့ခြင်း အခမ်းအနား



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိထောက်ပံ့ရန်ကျန်ရှိသည့်မသန်စွမ်းသူ(၉၀၂)ဦးအား
ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့များမှ ထောက်ပံ့ကြေးပေးအပ်ခဲ့ခြင်း အခမ်းအနား



နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊
နတ်သရဲအုပ်စုကျေးရွာများတွင်
မသန်စွမ်းသူများအားထောက်ပံ့ကြေးပေးအပ်ခဲ့ခြင်း



နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊
ညောင်ပင်သာအုပ်စုကျေးရွာများတွင်
မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ခဲ့ခြင်း



နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ သစ်လေးလုံးအုပ်စု၊
ပုရွက်ဆိတ်ကုန်းကျေးရွာတွင်
မသန်စွမ်းသူများအားထောက်ပံ့ကြေးပေးအပ်ခဲ့ခြင်း



နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊
နတ်သရဲအုပ်စုကျေးရွာများတွင်
မသန်စွမ်းသူများအားထောက်ပံ့ကြေးပေးအပ်ခဲ့ခြင်း

# ကချင်ပြည်နယ်
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

| စဉ် | ရက်စွဲ | ဆောင်ရွက်မှုမှတ်တမ်းအကျဉ်းချုပ် | မှတ်ချက် |
|---|---|---|---|
| ၁ | ၂၀၂၀-၂၀၂၁ | COVID-စီးပွားရေး ကုသမှုအစီအစဉ်၏ ပန်းတိုင်အမှတ် ၄.၁.၂(ဂ) အရ ကချင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူ (၇၆၀၆) ဦးအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် (၃၀၀၀၀/-)နှုန်းဖြင့် စုစုပေါင်းငွေကျပ်(၂၂၈၁၈၀၀၀၀/-)ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန(ကိုယ်စား) ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ နောက်တိုးအနေဖြင့် ထောက်ပံ့ရန်ကျန်ရှိသည့် မသန်စွမ်းသူ (၁၇၇) ဦးအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ | |
| ၂ | ၂-၉-၂၀၂၁ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပ.လ.န တိုက်နယ်အတွင်းရှိ မသန်စွမ်းသူ (၃၈) ဦးအတွက် စုစုပေါင်းငွေကျပ်(၂,၅၀၀,၀၀၀/-)(ကျပ်ပေါင်း နှစ်ဆယ့်ငါးသိန်း) တိတိကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ မိုးရာသီအသုံးစရိတ်အဖြစ် ထောက်ပံ့ပေးနိုင်ရန် ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့ရာတွင် ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ဒေသအရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ အဆိုပါ မသန်စွမ်း (၃၈) ဦးအား ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ရန်ပုံငွေမှ တစ်ဦးလျှင်ငွေကျပ်(၃၀၀၀၀/-) နှုန်းဖြင့် စုစုပေါင်းငွေကျပ် (၁,၁၄၀,၀၀၀/-) (ကျပ်တစ်ဆယ့် တစ်သိန်းလေးသောင်းတိတိ) ကို ထပ်မံထောက်ပံ့ပေးအပ်ရန်အတွက် လွှဲပြောင်းပေးအပ်ခဲ့ရာ ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ (၂၅-၉-၂၀၂၀) ရက်နေ့တွင် သွားရောက်ထောက်ပံ့ပေး အပ်ခဲ့ပါသည်။ | |

# ကယားပြည်နယ်
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းထောက်ပံ့ခြင်း

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ဒီးမော့ဆိုမြို့နယ်မှ မသန်စွမ်းကလေး(၁)ဦးအတွက် မတည်ငွေ (၅၀၀၀၀ဝိ/)ကျပ်နှင့် ဖရူဆိုမြို့နယ်မှ မသန်စွမ်းကလေး(၁) ဦးအတွက် မတည်ငွေ (၃၃၉၀၀ဝိ/)ကျပ်တို့အား ပညာရေး၊ ကျန်းမာရေးနှင့် မိသားစုအသက်မွေးဝမ်းကျောင်း အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးခဲ့ပြီး၂၀၂၁ခု၊ ဇူလိုင်လတွင် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နယ်မှ(၇) ဦး၊ ဒီးမော့ဆိုမြို့နယ်မှ(၇) ဦး၊ ဖရူဆိုမြို့နယ်မှ(၁၂) ဦး၊ ဘောလခဲမြို့နယ်မှ(၁၇) ဦး၊ မယ်စဲ့မြို့နယ်မှ(၁၃) ဦး၊ စုစုပေါင်း မသန်စွမ်းသူ(၅၆) ဦးအတွက် (၁) ဦးလျှင် (၃၀၀၀ဝိ/)ကျပ်နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေ (၁၆၈၀၀၀ဝိ/)ကျပ် ထောက်ပံ့ပေးခဲ့ပါသည်။

## အလုပ်အကိုင်ရေးရာ

၂။ မသန်စွမ်းအမျိုးသမီးငယ်(၁)ဦးအား ဖရူဆိုမူလတန်းကြိုကျောင်းတွင် လူမှုဝန်ထမ်း- ၅ ရာထူးဖြင့် (၆.၉.၂၀၂၁)ရက်နေ့မှစ၍ အလုပ်ခန့်ထားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် အကြမ်းဖက်ခြင်းခံရသည့် ဉာဏ်ရည် မသန်စွမ်းအမျိုးသမီး(၁)ဦးအား ဆေးကုသစရိတ်နှင့် အသက်မွေးဝမ်းကျောင်းအတွက် (၅) သိန်း ထောက်ပံ့ ပေးခဲ့ပါသည်။

၃။ ကယားပြည်နယ်အတွင်းရှိမသန်စွမ်းအမျိုးသမီးများအပါအဝင် အမျိုးသမီးများ အလုပ်လက်မဲ့လျော့နည်းပြီး အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ အမျိုးသမီးများအသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို တစ်မြို့နယ်လျှင် (၅) မျိုးစီ ဖွင့်လှစ်ပို့ချ သင်ကြားပေးခဲ့ရာ သင်တန်းအကြိမ် စုစုပေါင်း (၃၈)ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

## မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာ

၄။ မသန်စွမ်းသူအမျိုးသမီးများအပါအဝင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်းနှင့် ပတ်သက်၍ ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန် အသိပညာပေး ဟောပြောပွဲနှင့် သင်တန်း (၁၆)ကြိမ်ကို လူဦးရေ (၃၀၀) ဦးအား အသိပညာပေးခဲ့ပါသည်။

၅။ မသန်စွမ်းသူကလေးသူငယ်များအပါအဝင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေး သင်တန်း/ ဟောပြောပွဲကို ကယားပြည်နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများတွင် (၃၁)ကြိမ် ကျင်းပခဲ့ပြီး လူဦးရေ (၇၉၅) ဦးအား အသိပညာပေးနိုင်ခဲ့ပါသည်။

## သတင်းအချက်အလက်၊ နည်းပညာနှင့် လွယ်ကူစွာ သွားလာနေထိုင်အသုံးပြုနိုင်ရေးဆိုင်ရာ

၆။ သတင်းအချက်အလက်၊ နည်းပညာနှင့် လွယ်ကူစွာ သွားလာနေထိုင်အသုံးပြုနိုင်ရေးဆိုင်ရာ ကြုံတွေ့နေရသည့် ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအပါအဝင် ပြည်သူလူထုများအား ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ဖရူဆိုမြို့နယ်ရှိ မသန်စွမ်းသူများအတွက်ဝှီးချဲ (၅)စီးနှင့် ဖားဆောင်းမြို့နယ်အတွက် ဝှီးချဲ(၃)စီး ထောက်ပံ့ ပေးခဲ့ပါသည်။

## သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာ

၇။ ၂၀၂၁ခု၊ ဩဂုတ်လ လှိုင်ကော်မြို့နယ်တွင် မီးဘေးကြောင့် ပျက်စီးသွားသည့် နေအိမ်(၁)လုံးအတွက် (၂၁၂၆၀ဝိ/)ကျပ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးတွင် ရေဘေးကြောင့် ပျက်စီးသွားသည့် နေအိမ်(၂)လုံးအတွက် (၂၀၈၄၀ဝိ/)ကျပ် ကယားပြည်နယ်အတွင်း မြို့နယ်များမှ လေဘေးကြောင့် ပျက်စီးသွားသည့် နေအိမ်(၁၈) လုံးအတွက် (၁၇၁၅၄၀ဝိ/)ကျပ် ထောက်ပံ့ပေးခဲ့ပါသည်။

## တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာ

၈။ အကြမ်းဖက်ခံရခြင်းနှင့် အခြားပြဿနာများပေါ်ပေါက်လာပါက ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

# ကရင်ပြည်နယ်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

**ကော်မတီများဖွဲ့စည်းထားရှိမှု**

၁။ အောက်ပါအတိုင်းဆောင်ရွက်ထားရှိပါသည်။

(က) ပြည်နယ်အဆင့်ဖွဲ့စည်းပြီး

(ခ) ခရိုင်အဆင့်(၂)ခရိုင်ဖွဲ့စည်းပြီး ( ဘားအံ၊ ဖာပွန် )

(ဂ) မြို့နယ်အဆင့်(၃) မြို့နယ်ဖွဲ့စည်းပြီး ( ဘားအံ၊ ဖာပွန်၊ ကြာအင်းဆိပ်ကြီး )

(ဃ) ကျန်ခရိုင်နှင့်မြို့နယ်အဆင့်များဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

**မသန်စွမ်းသူများအတွက်အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင်ဆောင်ရွက်ထားရှိမှု**

၂။ အောက်ပါအတိုင်းဆောင်ရွက်ထားရှိပါသည်။

(က) လူစည်ကားရာနေရာတစ်ခုဖြစ်သော ကမ်းနားလမ်းရှိ ပြည်သူများအပန်းဖြေရာ နေရာအချို့နှင့် Food Villa တွင် မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့ သောပတ်ဝန်းကျင်တစ်ခုအဖြစ် ဆောင်ရွက်ပေးထားခြင်း၊

(ခ) အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ဘန့်ဘွေးကုန်း၊ ထုံးတောင်ရွာမူလတန်းကျောင်းများ၊ ကံကြီးရွာအလယ်တန်းကျောင်း၊ ဘားအံမြို့အမှတ် (၁) နှင့် (၃)၊ ကော့ကတာအထက်တန်းကျောင်း တို့၏ ကျောင်းဆောင်များတွင် မသန်စွမ်းကလေးများအတွက် အတားအဆီးကင်းမဲ့သော ကျောင်းပရဝဏ်ဖြစ်စေရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**မသန်စွမ်းသူများအတွက် ထောက်ပံ့ပေးနိုင်မှုအခြေအနေ**

၃။ အောက်ပါအတိုင်းဆောင်ရွက်ထားရှိပါသည်။

(က) မသန်စွမ်းအမျိုးအစား(၄)မျိုးစလုံးအတွက် တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် (၄၆၁၆) ဦး၊ (၂၀၁၇ –၂၀၁၈ ) ဘဏ္ဍာရေးနှစ်

(ခ) မသန်စွမ်းအမျိုးအစား(၄)မျိုးစလုံးအတွက် တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် (၅၇၉၂)ဦး၊ ( ၂၀၁၈ – ၂၀၁၉ ) ဘဏ္ဍာရေးနှစ်

(ဂ) COVID –19 ကာလ CERP အရ မသန်စွမ်းအမျိုးအစား(၄)မျိုးစလုံးအတွက် တစ်ဦးလျှင် ကျပ် သုံးသောင်းနှုန်းဖြင့် (၆၉၃၂) ဦး၊ ( ၂၀၁၉ – ၂၀၂၀) ဘဏ္ဍာရေးနှစ်

(ဃ) ထပ်မံထောက်ပံ့ရန် ကျန်ရှိနေသော မသန်စွမ်းသူစာရင်းများအား စုစည်းတင်ပြထားပြီး ဖြစ်ပါ သည်။

**အသိပညာပေးသင်တန်းများဆောင်ရွက်ထားရှိမှု**

၄။ အထူးမသန်စွမ်းကလေးငယ်များအတွက် ပြုစုလေ့ကျင့်မှုအသိပညာပေးသင်တန်းကို (၁၉.၂.၂၀၂၀ ရက်နေ့မှ(၂၁.၂.၂၀၂၀)ရက်နေ့အထိ ဘားအံမြို့နယ်တွင် ကျင်းပခဲ့ပါသည်။

**မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့်မှတ်ပုံတင်ခြင်းများဆောင်ရွက်ရန် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေ**

၅။ အောက်ပါအတိုင်းဆောင်ရွက်ထားရှိပါသည်။

(က) ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့်ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းကနဦးစီမံချက်အဖြစ် ၂၀၂၀ခုနှစ် ဇန်နဝါရီလနှင့် မတ်လအတွင်း ဆရာဖြစ်သင်တန်းများနှင့် မှတ်ပုံတင်ကြီးကြပ်ရေးမှူး သင်တန်းများဆောင်ရွက်ခဲ့ပါသည်။

(ခ) ဆရာဖြစ်သင်တန်းသားဦးရေ ( ၁၂၅ )ဦး ( ဘားအံ – ၆၀၊ ကြာအင်းဆိပ်ကြီး– ၆၅ )

(ဂ) မှတ်ပုံတင်ကြီးကြပ်ရေးမှူးသင်တန်းသားဦးရေ ( ၇၂၃ )ဦး ( ဘားအံ – ၄၉၁ ၊ ကြာအင်းဆိပ်ကြီး – ၂၃၂ )

(ဃ) COVID –19 ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အဝေးရောက်အကဲဖြတ်ခြင်း နည်းစနစ် Remote Assessment Methodology နှင့် မသန်စွမ်းမှုသတင်းအချက် အလက်စနစ် (Information Management System) တည်ဆောက်၍ စတင် အကောင်အထည်ဖော်ဆောင်ရန် ယူနီဆက်မြန်မာနှင့် ပူးပေါင်းဆောင်ရွက်နေပြီး Digitalization System ဖြင့်ဆက်လက်ဆောင်ရွက်ရန်စီစဉ်ထားရှိခြင်း၊

(င) ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ်၊ မေလကုန် အထိ (၆) လတာကာလအတွင်း လုပ်ငန်းများဆောင်ရွက်ရန် UNICEF မှထောက်ပံ့ထားသော လျာထားကုန် ကျငွေ ကျပ်သိန်း (၈၀၀) အား မြန်မာ့ရှေ့ဆောင်ဘဏ်၊ ဘားအံဘဏ်ခွဲတွင် လူမှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Kayin Local Social Plan အမည်ဖြင့် Cheque Book ဖွင့်လှစ်ထားရှိပြီး ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကုန်ကျငွေကျပ် ၄၄၄,၇၇၅/– ရှိခဲ့ပြီး စီမံကိန်းကာလ ကုန်ဆုံးသွား၍ ကျန်ငွေများအား ပြန်လည်အပ်နှံပါရန် UNICEF မှ အကြောင်းကြားချက်အရ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ခွင့်ပြုချက်ဖြင့် ကျန်ငွေ ကျပ် ၇၉,၅၅၅,၂၂၅/– အား (၁၀.၆.၂၀၂၁) ရက်နေ့တွင် ရန်ကုန်မြို့၊ ပထမပုဂ္ဂလိက ဘဏ်ရှိ UNICEF Bank Account သို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။

**လူထုဗဟိုပြုစီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိခြင်း**

၆။ COVID–19 တုံ့ပြန်မှုများအတွက် လူထုဗဟိုပြုလူမှုရေးစီမံကိန်းရေးဆွဲခြင်း Local Social Plan တစ်ခုကို ဧပြီလမှစတင်ပြီး သက်ဆိုင်ရာအစိုးရဌာနများအပါအဝင် သက်ဆိုင်သူများ အားလုံးပါဝင်မှုဖြင့်စီမံကိန်း (၉)ခု ရေးဆွဲခဲ့ပြီး မသန်စွမ်းသူများအတွက် တိုက်ရိုက်အကျိုးပြုစေမည့် စီမံကိန်းတစ်ခုပါဝင်ပါသည်။

# ချင်းပြည်နယ်
## မသန်စွမ်းများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

(၁၅.၈.၂၀၂၀) ရက်နေ့ ဒုတိယသမ္မတခရီးစဉ်တွင် COVID-19 Economic Relief Plan (CERP) ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ချင်းပြည်နယ်အတွင်းရှိ မသန်စွမ်းသူ (၆၁၃၀)ဦးအတွက် (၁) ဦးလျှင် (၃၀,၀၀၀/-)ကျပ် သုံးသောင်းနှုန်းဖြင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ (၁၈၃,၉၀၀,၀၀၀/-) (ကျပ်သိန်းတစ်ထောင့်ရှစ်ရာသုံးဆယ့်ကိုးသိန်းတိတိ) အား ထောက်ပံ့ပေးခဲ့ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မသန်စွမ်းသူများ ထောက်ပံ့မှုစာရင်းချုပ်

| စဉ် | ခရိုင် | မြို့နယ် | လူဦးရေ | ထောက်ပံ့မှုနှုန်း | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဟားခါး | ဟားခါး | ၆၅၈ | ၃၀၀၀၀/- | ၁၉၇၄၀၀၀၀/- | |
| ၂ | ဟားခါး | ထန်တလန် | ၃၉၃ | ၃၀၀၀၀/- | ၁၁၇၉၀၀၀၀/- | |
| ၃ | ဖလမ်း | ဖလမ်း | ၈၉၄ | ၃၀၀၀၀/- | ၂၆၈၂၀၀၀၀/- | |
| ၄ | | တီးတိန် | ၁၆၃၂ | ၃၀၀၀၀/- | ၄၈၉၆၀၀၀၀/- | |
| ၅ | | တွန်းဇံ | ၁၃၁ | ၃၀၀၀၀/- | ၃၉၃၀၀၀၀/- | |
| ၆ | မင်းတပ် | မင်းတပ် | ၇၇ | ၃၀၀၀၀/- | ၂၃၁၀၀၀၀/- | |
| ၇ | | ကန်ပက်လက် | ၃၁၆ | ၃၀၀၀၀/- | ၉၄၈၀၀၀၀/- | |
| ၈ | မတူပီ | မတူပီ | ၇၀၉ | ၃၀၀၀၀/- | ၂၁၂၇၀၀၀၀/- | |
| ၉ | | ပလက်ဝ | ၁၃၂၀ | ၃၀၀၀၀/- | ၃၉၆၀၀၀၀၀/- | |
| စုစုပေါင်း | | | ၆၁၃၀ | | ၁၈၃၉၀၀၀၀၀/- | |

# စစ်ကိုင်းတိုင်းဒေသကြီး
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီကို ကော်မတီဝင် (၁၉) ဦးဖြင့် (၂၀-၈-၂၀၁၈) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

၂။ (၁၄-၇-၂၀၂၀) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီကို အဖွဲ့ဝင်(၂၃)ဦးဖြင့် မသန်စွမ်းအမျိုးအစား (၄)မျိုး၏ ကိုယ်စားလှယ်များပါဝင်သည့် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ (၂၈-၂-၂၀၂၀)ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေး ဆွေးနွေးပွဲကို တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးတွင် ကျင်းပခဲ့ရာ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများမှ တာဝန်ခံဆရာမများတက်ရောက်ခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၊ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၄။ (၉-၆-၂၀၂၀)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး၌ မသန်စွမ်းသူများ ဖွံ့ဖြိုးရေး ဥပဒေမူကြမ်း အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

၅။ (၁၀-၆-၂၀၂၀)ရက်နေ့တွင် ဆားလင်းကြီးမြို့နယ်၊ ငွေသာရွာသစ်နေ ဦးကျော်စန်းဝင်း (မသန်စွမ်းသူ) အား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေးငွေ(၁၀၀၀၀၀/-) (ကျပ် တစ်သိန်း တိတိ)ကို ထောက်ပံ့ပေးခဲ့ပါသည်။ (၁၅-၇-၂၀၂၀)ရက်နေ့တွင် COVID-19ကာလအတွင်း ရောင်ခြည်သစ်မျက်မမြင်ကျောင်းနှင့် ချမ်းမြဝတီမသန်စွမ်းကျောင်းရှိ မသန်စွမ်းကျောင်းသား/သူများ အဆင်ပြေမှုရှိ/မရှိ သွားရောက်စစ်ဆေးခဲ့ပါသည်။

၆။ စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးလက်အောက်ရှိစစ်ကိုင်းမျက်မမြင်ကျောင်းမှ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအနေဖြင့် သီချင်းဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲများအား ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ဦးဇေယျာထွန်း အဆိုပြိုင်ပွဲ (ပထမဆု)၊ မသဲစုအောင်ပန်းချီပြိုင်ပွဲ(ပထမဆု)နှင့် မောင်စိုးထွေးအောင် စစ်တုရင်ပြိုင်ပွဲ (တတိယဆု) ရရှိခဲ့ပါသည်။

၇။ (၉-၈-၂၀၂၀) ရက်နေ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စစ်ကိုင်းမျက်မမြင်ကျောင်းမှ ဖြေဆိုသူခြောက်ဦးအနက်နှစ်ဦး အောင်မြင်ခဲ့ပါသည်။ အောင်မြင်သူနှစ်ဦးတွင် တစ်ဦးမှာ ပထဝီနှင့် သမိုင်းဂုဏ်ထူး(၂) ခုဖြင့် အောင်မြင်ခဲ့ပြီး ကျန်တစ်ဦးမှာ ရိုးရိုးအောင်မြင်ခဲ့ပါသည်။

၈။ (၇-၁၀-၂၀၂၀)ရက်နေ့တွင် မုံရွာမြို့ ချမ်းမြဝတီမသန်စွမ်းကျောင်းမှ Grade-11 သင်ကြားနေသော ကျောင်းသားတစ်ဦးအား ဝှီးချဲလ် (၁)စီးထောက်ပံ့ပေးခဲ့ခြင်းနှင့် (၁၄-၂-၂၀၂၀) ရက်နေ့တွင် ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ကျေးရွာအုပ်စုမှ မသန်စွမ်းကလေးငယ် (၁) ဦးအား ဝှီးချဲတစ်စီး ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

၉။ (၁၂-၈-၂၀၂၀)ရက်နေ့နှင့် (၂၅-၉-၂၀၂၀)ရက်နေ့တို့၌ ချောင်းဦးမြို့နယ်၊ ငါးလုံးတင် ကျေးရွာရှိ ဖွံ့ဖြိုးမှုနှောင့်နှေးသော ကလေးငယ်(၆)ဦးအား တစ်ဦးလျှင် (၃၀၀၀၀/-)ကျပ်နှုန်းဖြင့် ထောက်ပံ့ကြေးငွေ (၁၈၀,၀၀၀/-)(ကျပ်တစ်သိန်းရှစ်သောင်းတိတိ)ကို ထောက်ပံ့ပေးခဲ့ပါသည်။

၁၀။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများ ဖွံ့ဖြိုးရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

၁၁။ COVID-19 ကာလအတွင်း မသန်စွမ်း(၄၀)ဦးအား (၁)ဦးလျှင် (၅၀၀၀၀ိ/-)ကျပ် နှုန်းဖြင့် ထောက်ပံ့ကြေးငွေ (၂,၀၀၀,၀၀ဝိ/-)(ကျပ် နှစ်ဆယ်သိန်းတိတိ) စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းနှင့် ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးခဲ့ပါသည်။

၁၂။ ပထမအကြိမ်အနေဖြင့် (၃၀-၃-၂၀၂၀)ရက်နေ့၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် မသန်စွမ်းသူ (၉၅)ဦးအတွက် တစ်ဦးလျှင် (၃၀၀၀၀ိ/-)ကျပ်နှုန်းဖြင့် ထောက်ပံ့ကြေး ငွေ (၂၈,၅၀,၀၀ဝိ/-)(ကျပ် နှစ်ဆယ့်ရှစ်သိန်းငါးသောင်းတိတိ)ကို ထောက်ပံ့ပေးခဲ့ပါသည်။

၁၃။ ဒုတိယအကြိမ်အနေဖြင့် (၉-၉-၂၀၂၀)ရက်နေ့၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် မသန်စွမ်းသူ (၁၉၈၇၅)ဦးအတွက် တစ်ဦးလျှင် (၃၀၀၀၀ိ/-) ကျပ်နှုန်းဖြင့် ထောက်ပံ့ကြေး ငွေ (၅၉၆၂,၅၀,၀၀ဝိ/-) (ကျပ် ငါးထောင့်ကိုးရာခြောက်ဆယ့်နှစ်သိန်း ငါးသောင်းတိတိ)ကို ထောက်ပံ့ပေးခဲ့ပါသည်။

၁၄။ တတိယအကြိမ်အနေဖြင့် (၂၈-၁၀-၂၀၂၀)ရက်နေ့၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် မသန်စွမ်းသူ (၆၄၄၃)ဦးအတွက် တစ်ဦးလျှင် (၃၀၀၀၀ိ/-)ကျပ်နှုန်းဖြင့် ထောက်ပံ့ကြေးငွေ (၁၉၃၂,၉၀,၀၀ဝိ/-) (ကျပ် တစ်ထောင့်ကိုးရာသုံးဆယ့်နှစ်သိန်းကိုးသောင်းတိတိ)ကိုလည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်းမှ ကျောင်းသား/သူ(၅၈)ဦးအတွက် တစ်ဦးလျှင် (၃၀၀၀၀ိ/-)ကျပ်နှုန်းဖြင့် ထောက်ပံ့ကြေးငွေ (၁၇,၄၀,၀၀ဝိ/-) ကျပ် (တစ်ဆယ့်ခုနှစ်သိန်း လေးသောင်း)တိတိတို့ကို ထောက်ပံ့ပေးခဲ့ပါသည်။

၁၅။ COVID-19 ကာလအတွင်း ရောင်ခြည်သစ်မျက်မမြင်ကျောင်းနှင့် ရေဦးမြို့ရှိ ဉာဏရောင်ခြည် မျက်မမြင်ပညာသင်ကျောင်းသို့ (၁) ဦးလျှင် (၃၀၀၀၀ိ/-) ကျပ်နှုန်းဖြင့် (၆၆)ဦးအတွက် ထောက်ပံ့ကြေးငွေ (၁,၉၈၀,၀၀ဝိ/-)ကျပ် (တစ်ဆယ့်ကိုးသိန်းရှစ်သောင်း)တိတိ ထောက်ပံ့ပေးခဲ့ပါသည်။

၁၆။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် တည်ထောင်ခွင့်ပြုမိန့်ရရှိထားသော ရောင်ခြည်သစ် ပရဟိတဂေဟာအား (၁၁၃၄၀၀ဝိ/-) (ကျပ်ဆယ့်တစ်သိန်းသုံးသောင်းလေးထောင်တိတိ)ကို (၉.၇.၂၀၂၁) ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

၁၇။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Quarantine Center များ၌ လုပ်အားပေးလျက်ရှိသော စေတနာ့ဝန်ထမ်းများအား သင်တန်းပေးရာတွင် မသန်စွမ်းသူများ၏ ခံစားချက်နှင့် လိုအပ်ချက်များ၊ မသန်စွမ်းသူများနှင့် ပြောဆိုဆက်ဆံရာတွင် လိုက်နာရမည့်ကျင့်ဝတ်များကို ထည့်သွင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါသင်တန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ (၃၄)မြို့နယ်၌ စေတနာ့ဝန်ထမ်း ဆရာဖြစ်သင်တန်း(၁၅၂)ဦး၊ ဆင့်ပွားသင်တန်းအတွက် (၃၇၁၁)ဦးအား အသိပညာပေးနိုင်ခဲ့ပါသည်။

၁၈။ (၅.၈.၂၀၂၁)ရက်နေ့တွင် သင်တန်းသား(၈၄)ဦးအား စစ်ကိုင်းတိုင်းဒေသကြီးစီမံ အုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် Online သင်တန်းဖြင့် Quarantine Center, Treament Center နှင့် Hospital များတွင် တာဝန်ထမ်းဆောင်နေသော Volunteer များအား သင်တန်းပေးအပ်နိုင်ခဲ့ပါသည်။

၁၉။ ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် (၃-၁၂-၂၀၂၀) ရက်နေ့တွင် နံနက်ပိုင်းတွင် “ မေးမယ် ဖြေမယ် ပျော်ပျော်ကွယ် ” အစီအစဉ်ဖြင့် မသန်စွမ်းသူများ သိသင့်သိထိုက်သော မေးခွန်းများမေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းကို ချမ်းမြဝတီ မသန်စွမ်းဘက်စုံ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါနေ့ နေ့လယ် (၁၃:၀၀)နာရီတွင် ၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ Online အခမ်းအနားကို ကျင်းပခဲ့ပါသည်။

၂၀။ (၂၂-၁၂-၂၀၂၀)ရက်နေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကော်မတီ Online အစည်းအဝေးကို နံနက်(၁၀:၀၀)နာရီတွင် ကျင်းပခဲ့ပါသည်။

၂၁။ (၄-၉-၂၀၂၁)ရက်နေ့တွင် စစ်ကိုင်းမြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းအတွင်းရှိ မသန်စွမ်းသူများ၊ အသက်(၈၅)နှစ်နှင့်အထက်ရှိ ဘိုးဘွားများ၊ Quarantine Center, Positive Centerများတွင် Quarantine ဝင်ခဲ့သော ထိခိုက်လွယ်အုပ်စုများ၊ ရေဘေးရှောင်မိသားစုဝင်များမှ ထိခိုက်လွယ် အုပ်စုများ၊ Covid–19 ရောဂါဖြစ်ပွားသည့်ကာလအတွင်း ဆွမ်းကိစ္စအခက်အခဲရှိသော ဘုန်းကြီးကျောင်း နှင့် သီလရှင်ကျောင်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာတွင် မသန်စွမ်းသူ (၁၆၂၃၉)ဦးအတွက် တစ်ဦးလျှင် ၃၀၀၀၀ိ/–ကျပ်နှုန်းဖြင့် ထောက်ပံ့ကြေးငွေ(၄၈၇၁၇၀၀၀ိ/–)ကျပ် ( လေးထောင့်ရှစ်ရာခုနှစ်ဆယ့်တစ်သိန်းခုနှစ်သောင်း ကျပ်) တိတိအား ပေးအပ်ခဲ့ပါသည်။

၂၂။ (၄-၉-၂၀၂၁)ရက်နေ့တွင် စစ်ကိုင်းမျက်မမြင်ကျောင်းသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်တို့သည် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

၂၃။ Covid– 19 ကူးစက်ရောဂါကာကွယ်ဆေးများကို (၂၀.၉.၂၀၂၁)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ချမ်းမြဝတီမသန်စွမ်းဘက်စုံဖွံ့ဖြိုးရေးကျောင်း၊ ရောင်ခြည်သစ်မျက်မမြင်ကျောင်းနှင့် စွမ်းအားသစ်ဂျပန်နည်းပညာ မျက်မမြင်လက်နှိပ်အကြောပြင် သင်တန်းကျောင်းရှိ မသန်စွမ်းသူများအား ထိုးပေးခဲ့ပါသည်။




(၄-၉-၂၀၂၁)ရက်နေ့တွင် စစ်ကိုင်းမြို့၌ လူမှုဝန်ထမ်း၊
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်မှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊
ဝန်ကြီးချုပ် ဦးမြတ်ကျော်သို့ မသန်စွမ်းသူများအတွက် ထောက်ပံ့ကြေးငွေ
ပေးအပ်ခြင်းမှတ်တမ်းဓာတ်ပုံ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က
မသန်စွမ်းတစ်ဦးချင်းစီအား
မသန်စွမ်းထောက်ပံ့ငွေ ပေးအပ်ခြင်း




(၄-၉-၂၀၂၁)ရက်နေ့တွင် စစ်ကိုင်းမြို့၌ လူမှုဝန်ထမ်း၊
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်မှ
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်
ဦးမြတ်ကျော်သို့ မသန်စွမ်းသူများအတွက်
ထောက်ပံ့ကြေးငွေ ပေးအပ်ခြင်းမှတ်တမ်းဓာတ်ပုံ



၂၀၂၀ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာ
မသန်စွမ်းသူများနေ့ အထိမ်းအမှတ်
" မေးမယ်၊ ဖြေမယ် ပျော်ပျော်ကြွယ် "
အစီအစဉ်မှ မှတ်တမ်းဓာတ်ပုံ



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ
မသန်စွမ်းကျောင်းများမှ မသန်စွမ်းသူများအား
Covid-19 ကာကွယ်ဆေးထိုးခြင်း မှတ်တမ်းဓာတ်ပုံ



စစ်ကိုင်းတိုင်းဒေသကြီးလက်အောက်ရှိ
စစ်ကိုင်းမျက်မမြင်ကျောင်း၏ အပြည်ပြည်ဆိုင်ရာ
မသန်စွမ်းသူများနေ့အခမ်းအနားမှတ်တမ်းဓာတ်ပုံ



စစ်ကိုင်းတိုင်းဒေသကြီးလက်အောက်ရှိ
စစ်ကိုင်းမျက်မမြင်ကျောင်း၏ အပြည်ပြည်ဆိုင်ရာ
မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှု
မြို့နယ်အဆင့်ပြိုင်ပွဲ ဆုရရှိခဲ့သည့် ကျောင်းသားအား
ဆုချီးမြှင့်ခြင်းမှတ်တမ်းဓာတ်ပုံ

# တနင်္သာရီတိုင်းဒေသကြီး
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းမှုနှင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ရှားဆောင်ရွက်ချက်များ

| စဉ် | ဆောင်ရွက်ချက်များ | မှတ်ချက် |
|---|---|---|
| ၁ | တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)တို့ ပူးပေါင်းပြီး မသန်စွမ်းသူများအခွင့်အရေးဥပဒေ၊ နည်းဥပဒေနှင့် (ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးများ ဆိုင်ရာသဘောတူစာချုပ်) UNCRPD ဆိုင်ရာ အသိပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲကို (၂၇.၁.၂၀၂၀)မှ(၂၈.၁.၂၀၂၀) အထိ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး (၂၀၂၀) ပြည့်နှစ်၊ မတ်လ (၃၀)ရက်နေ့တွင် ဖွဲ့စည်းနိုင်ရန် ရည်ရွယ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကိစ္စကြောင့် ခေတ္တဆိုင်းငံ့ထားရပါသည်။ | |
| ၂ | တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိမသန်စွမ်းသူ (၂၆၈၇)ဦးအား နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် တစ်ဦးလျှင် ကျပ် ၃၀၀၀၀/- နှုန်းဖြင့် ထောက်ပံ့ခဲ့ပြီး COVID -19 Economic Relief Plan (CERP) အစီအစဉ်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ (၃၆၀၄)ဦးအား တစ်ဦးလျှင် ကျပ် ၃၀၀၀၀/- နှုန်းဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ | |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များမှ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)တို့ ပူးပေါင်းပြီး မသန်စွမ်းသူများ အခွင့်အရေးဥပဒေ၊ နည်းဥပဒေနှင့် (ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးများ ဆိုင်ရာသဘောတူစာချုပ်) UNCRPD ဆိုင်ရာ အသိပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲကို တက်ရောက်အင်အား (၄၈) ဦးတက်ရောက်ခဲ့ပါသည်။ | |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များမှ နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် တစ်ဦးလျှင် ကျပ် ၃၀၀၀၀/- နှုန်းဖြင့် ထောက်ပံ့ခဲ့ပြီး COVID -19 Economic Relief Plan (CERP) အစီအစဉ်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအား တစ်ဦးလျှင် ကျပ် ၃၀၀၀၀/- နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခြင်းအား (၃၄၁)ဦး တက်ရောက်ခဲ့ပါသည်။ | |

| စဉ် | ဆောင်ရွက်ချက်များ | မှတ်ချက် |
|---|---|---|
| ၅ | (၁၉-၁-၂၀၂၁) ရက်နေ့တွင် မြိတ်ခရိုင်လူမှုဝန်ထမ်းရုံးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မသန်းစွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အသိပညာပေး Talk Show ပြုလုပ်ခဲ့ကာ IPRD Page နှင့် MOI Webpartal တွင် လွှင့်တင်ခဲ့ပါသည်။ | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်အတွင်းရှိ (ကော့သောင်း၊ ဘုတ်ပြင်း) မြို့နယ်များမှ မသန်စွမ်းသူ (၄၂၆) ဦးအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တစ်ဦးလျှင် ကျပ် ၃၀၀၀၀/- နှုန်းဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ | |

## တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းရှိ ဒုတိယအကြိမ် ထပ်တိုးမသန်စွမ်းသူများစာရင်း

| စဉ် | မြို့နယ် | ကိုယ်အင်္ဂါမသန်စွမ်း | | | ဉာဏ်ရည်မသန်စွမ်း | | | အကြားအာရုံမသန်စွမ်း | | | အမြင်အာရုံမသန်စွမ်း | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြိတ် | ၃၁၅ | ၂၄၂ | ၅၅၇ | ၃၀ | ၃၀ | ၆၀ | ၈၃ | ၇၄ | ၁၅၇ | ၃၆ | ၄၁ | ၇၇ | ၄၆၄ | ၃၈၇ | ၈၅၁ |
| ၂ | ပုလော | ၁၇၃ | ၁၂၀ | ၂၉၃ | ၃၂ | ၂၆ | ၅၈ | ၃၈ | ၄၆ | ၈၄ | ၁၈ | ၂၃ | ၄၁ | ၂၆၁ | ၂၁၅ | ၄၇၆ |
| ၃ | တနင်္သာရီ | ၁၀၆ | ၆၁ | ၁၆၇ | ၁၃ | ၁၁ | ၂၄ | ၁၅ | ၂၀ | ၃၅ | ၁၇ | ၁၃ | ၃၀ | ၁၅၁ | ၁၀၅ | ၂၅၆ |
| ၄ | ကျွန်းစု | ၁၄၁ | ၅၀ | ၁၉၁ | ၆ | ၄ | ၁၀ | ၁၇ | ၉ | ၂၆ | ၂၁ | ၂၇ | ၄၈ | ၁၈၅ | ၉၀ | ၂၇၅ |
| စုစုပေါင်း | | ၇၃၅ | ၄၇၃ | ၁၂၀၈ | ၈၁ | ၇၁ | ၁၅၂ | ၁၅၃ | ၁၄၉ | ၃၀၂ | ၉၂ | ၁၀၄ | ၁၉၆ | ၁၀၆၁ | ၇၉၇ | ၁၈၅၈ |

# ပဲခူးတိုင်းဒေသကြီး
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ပဲခူးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးအနေဖြင့် အစီရင်ခံသည့် ကာလအတွင်း မသန်စွမ်းသူများနှင့် ပတ်သက်၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်

(က) မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်း
(ခ) ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများအတွက် အထူးထောက်ပံ့ပေးခြင်း
(ဂ) Talk Show အစီအစဉ်များ ဆောင်ရွက်ခြင်း
(ဃ) အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပခြင်း
(င) ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်အရ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသော မသန်စွမ်းအမျိုးသမီးငယ်များအား ကူညီဆောင်ရွက်ပေးခြင်း
(စ) ECI (ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတိုင်းတာ စစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း) ဝန်ဆောင်မှုမတိုင်မီ ချင့်ချိန်တွက်ဆခြင်းနှင့် လေ့လာစိစစ်ခြင်း လုပ်ငန်းစီမံချက် ဆောင်ရွက်ခြင်း

**မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်း**

၂။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ COVID-19 စီးပွားရေးကုစားမှု အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၈) မြို့နယ်မှ ထောက်ပံ့ကြေးတစ်ကြိမ်မျှ မရရှိသေးသည့် မသန်စွမ်းသူများအား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအတွင်း အောက်ပါအတိုင်းထောက်ပံ့ပေးအပ်ခဲ့ပါသည်။

| စဉ် | ခရိုင် | မြို့နယ် | မသန်စွမ်းသူဦးရေ | ထောက်ပံ့ငွေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ပဲခူး | ပဲခူး | ၁၄၂၃ | ၃၀၀၀၀/- | |
| ၂ | ပဲခူး | သနပ်ပင် | ၈၂၁ | ၃၀၀၀၀/- | |
| ၃ | ပဲခူး | ကဝ | ၆၅၁ | ၃၀၀၀၀/- | |
| ၄ | ပဲခူး | ဝေါ | ၈၄၈ | ၃၀၀၀၀/- | |
| ၅ | ပဲခူး | ဒိုက်ဦး | ၂၀၀၈ | ၃၀၀၀၀/- | |
| ၆ | ပဲခူး | ညောင်လေးပင် | ၁၉၈၀ | ၃၀၀၀၀/- | |
| ၇ | ပဲခူး | ကျောက်တံခါး | ၃၂၃ | ၃၀၀၀၀/- | |
| ၈ | ပဲခူး | ရွှေကျင် | ၁၁၉ | ၃၀၀၀၀/- | |
| ၉ | တောင်ငူ | တောင်ငူ | ၂၈၄ | ၃၀၀၀၀/- | |
| ၁၀ | တောင်ငူ | ကျောက်ကြီး | ၄၈၅ | ၃၀၀၀၀/- | |
| ၁၁ | တောင်ငူ | ထန်းတပင် | ၃၀၇ | ၃၀၀၀၀/- | |
| ၁၂ | တောင်ငူ | ရေတာရှည် | ၁၀၂၉ | ၃၀၀၀၀/- | |

| စဉ် | ခရိုင် | မြို့နယ် | မသန်စွမ်းသူဦးရေ | ထောက်ပံ့ငွေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁၃ | တောင်ငူ | ဖြူး | ၁၀၀၀ | ၃၀၀၀၀/- | |
| ၁၄ | တောင်ငူ | အုတ်တွင်း | ၉၀၇ | ၃၀၀၀၀/- | |
| ၁၅ | သာယာဝတီ | လက်ပံတန်း | ၁၂၉၅ | ၃၀၀၀၀/- | |
| ၁၆ | သာယာဝတီ | သာယာဝတီ | ၁၀၈၆ | ၃၀၀၀၀/- | |
| ၁၇ | သာယာဝတီ | မိုးညို | ၁၀၆၃ | ၃၀၀၀၀/- | |
| ၁၈ | သာယာဝတီ | မင်းလှ | ၂၅၃ | ၃၀၀၀၀/- | |
| ၁၉ | သာယာဝတီ | အုတ်ဖို | ၄၀၅ | ၃၀၀၀၀/- | |
| ၂၀ | သာယာဝတီ | ဇီးကုန်း | ၁၀၅ | ၃၀၀၀၀/- | |
| ၂၁ | သာယာဝတီ | နတ်တလင်း | ၄၁၀ | ၃၀၀၀၀/- | |
| ၂၂ | သာယာဝတီ | ကြို့ပင်ကောက် | ၂၄၀ | ၃၀၀၀၀/- | |
| ၂၃ | ပြည် | ပြည် | ၂၃၀ | ၃၀၀၀၀/- | |
| ၂၄ | ပြည် | ပေါက်ခေါင်း | ၃၀၈ | ၃၀၀၀၀/- | |
| ၂၅ | ပြည် | သဲကုန်း | ၁၉၅ | ၃၀၀၀၀/- | |
| ၂၆ | ပြည် | ပေါင်းတည် | ၂၁၇ | ၃၀၀၀၀/- | |
| ၂၇ | ပြည် | ရွှေတောင် | ၄၂၇ | ၃၀၀၀၀/- | |
| ၂၈ | ပြည် | ပန်းတောင်း | ၄၀၂ | ၃၀၀၀၀/- | |
| စုစုပေါင်း | | | ၁၈၈၂၁ | ၅၆၄,၆၃၀,၀၀၀/- | |

၃။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ထောက်ပံ့ရန်ကျန်ရှိသည့် မသန်စွမ်းသူများအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း အောက်ပါအတိုင်းထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

| စဉ် | ခရိုင် | မြို့နယ် | မသန်စွမ်းသူဦးရေ | ထောက်ပံ့ငွေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ပဲခူး | ပဲခူး | ၅၁ x ၃၀၀၀၀ | ၁၅၃၀၀၀၀/- | |
| ၂ | တောင်ငူ | တောင်ငူ | ၄၂၀ x ၃၀၀၀၀ | ၁၂၆၀၀၀၀၀/- | |
| စုစုပေါင်း | | | ၄၇၁ x ၃၀၀၀၀ | ၁၄,၁၃၀,၀၀၀/- | |

**ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများအတွက် အထူးထောက်ပံ့ခြင်း**

၄။ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းအနေဖြင့် ပဲခူးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း အလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူးထံသို့ ကိုဗစ်-၁၉ ကာကွယ်ရေး ပစ္စည်းများဖြစ်သော Hand Gel ဘူးသေး (၁၀၀)ဘူးနှင့် Mask (၁၀၀)ခုအား ပေးအပ်ခဲ့ပါသည်။

၅။ Quarantine Center သို့ ရောက်ရှိလာသည့် မသန်စွမ်းသူများအား ထောက်ပံ့ပေးအပ်ခြင်းအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ Quarantine Center သို့ ရောက်ရှိသည့် မသန်စွမ်းသူ (၂၇) ဦးအား တစ်ဦးလျှင် (၃၀၀၀၀/-) နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွင်း (၈၁၀,၀၀၀/-) ထောက်ပံ့ပေးအပ်ခဲ့ပါသည်။
၆။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရန် ဆောင်ရွက်ပေးမှုအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ထိခိုက်လွယ်အုပ်စုများဖြစ်သော မသန်စွမ်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ မသန်စွမ်းသူစာရင်းများ ပေးပို့ကူညီခဲ့ပါသည်။

## Talk Show အစီအစဉ်များ ဆောင်ရွက်ခြင်း

၇။ ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးနှင့် ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ မသန်စွမ်းသူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများကို Talk Show အစီအစဉ်များအား တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များတွင် မသန်စွမ်းသူများနှင့်ပတ်သက်သည့် အသိပညာများအား ဖြန့်ဝေပေးလျက်ရှိပါသည်။

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပခြင်း

၈။ တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို Zoom Application သုံး၍ Virtual စနစ်ဖြင့် တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးတွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့၌ ကျင်းပခဲ့ပါသည်။
၉။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသော မသန်စွမ်းအမျိုးသမီးငယ်များအား အောက်ပါအတိုင်း ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

| စဉ် | အမည် | အသက် | နေရပ်လိပ်စာ(မြို့နယ်) | မသန်စွမ်းမှု | ထောက်ပံ့ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မအေးအေးစန်း | ၁၅ | ဒုံဇရစ်၊ ရွှေကျင်မြို့နယ် | အမြင်အာရုံ | ၅၀၀၀၀/- | တရားရင်ဆိုင်စရိတ် + အသက်မွေးဝမ်းကျောင်းစရိတ် |
| ၂ | မခင်ဝေဦး(ခ) ရွှေမိ | ၂၇ | ဇလုတ်ကြီး၊ ရွှေကျင်မြို့နယ် | ဆွံ့အ နား မကြား | ၃၄၀၀၀၀/- | တရားရင်ဆိုင်စရိတ် + အသက်မွေးဝမ်းကျောင်းစရိတ် |
| ၃ | မနှင်းအိစိုး | ၁၈ | ဗျက်ကြီးကျေးရွာ၊ ဒိုက်ဦးမြို့နယ် | ကိုယ်အင်္ဂါ | ၂၀၀၀၀၀/- | တရားရင်ဆိုင်စရိတ် + အသက်မွေးဝမ်းကျောင်းစရိတ် |
| ၄ | မနှင်းပွင့်ဖြူ | ၁၈ | ၁၈ ရပ်ကွက်၊ တောင်ငူ | အကြားအာရုံ | ၁၀၀၀၀၀/- | တရားရင်ဆိုင် စရိတ် |
| ၅ | မသင်းသင်းမော် | ၁၄ | ဝွေးတောက်ခင်ကျေးရွာ၊ အုတ်တွင်း | အကြားအာရုံ | ၄၀၀၀၀၀/- | တရားရင်ဆိုင်စရိတ် + အသက်မွေးဝမ်းကျောင်းစရိတ် |

| စဉ် | အမည် | အသက် | နေရပ်လိပ်စာ(မြို့နယ်) | မသန်စွမ်းမှု | ထောက်ပံ့ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၆ | မခင်သန်းနု | ၂၀ | သဖန်းကိုင်ကျေးရွာ၊ ပေါက်ခေါင်းမြို့ | အကြားအာရုံ၊ | ၃၀၀၀၀၀/- | တရားရင်ဆိုင်+ ကိုယ်ဝန် အာဟာရ |
| ၇ | မနီနီလှိုင် | ၁၈ | ဈေးရပ်ကွက်၊ ပြည်မြို့ | ကိုယ်အင်္ဂါ | ၁၀၀၀၀၀/- | တရားရင်ဆိုင် စရိတ် |

**ECI (ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတိုင်းတာစစ်ဆေးခြင်းနှင့်ပြန်လည်ထူထောင်ခြင်း) ဝန်ဆောင်မှု မတိုင်မီချင့်ချိန်တွက်ဆခြင်းနှင့် လေ့လာစိစစ်ခြင်း လုပ်ငန်းစီမံချက်ဆောင်ရွက်ခြင်း**

၁၀။ ကလေးသူငယ်များ၏ မသန်စွမ်းဖြစ်ခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျခြင်းကို လျှော့ချနိုင်ရန် ရည်ရွယ်၍ ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ အသက် (၃) နှစ်နှင့်အောက် ကလေးသူငယ်များအား ပုံမှန်ဖွံ့ဖြိုးမှု ရှိ/မရှိ ဆန်းစစ်သည့် ECI(ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတိုင်းတာ စစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း) ဝန်ဆောင်မှုမတိုင်မီ ချင့်ချိန်တွက်ဆခြင်းနှင့် လေ့လာစိစစ်ခြင်း လုပ်ငန်းစီမံချက်ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီမံချက်လုပ်ငန်းများကို ခေတ္တရပ်နားထားရပါသည်။

# မကွေးတိုင်းဒေသကြီး
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## နိဒါန်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်တွင် အဖွဲ့ဝင် (၅၇)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီသည် မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို အများပြည်သူများသိရှိနိုင်ရေးနှင့်အသိပညာမြင့်မားလာစေရေးတို့အတွက်ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကော်မတီကို ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ( ၃၀ )ရက်တွင် အဖွဲ့ဝင် (၁၉)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအမျိုးသားကော်မတီကို ၂၀၂၁ခုနှစ် မေလ ( ၄ )ရက်နေ့တွင် အဖွဲ့ဝင် (၅၉)ဦးဖြင့် အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ မကွေးတိုင်းဒေသကြီး မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကော်မတီအား ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့တွင် အဖွဲ့ဝင်(၁၈)ဦးဖြင့် ပြန်လည်ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

## မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့ပေးအပ်နိုင်မှုအခြေအနေ

၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မကွေးတိုင်း ဒေသကြီးအတွင်းရှိ မသန်စွမ်းသူဦးရေ ( ၄၅၅၂၇ )ဦးအနက်မှ ( ၃၇၀၇၉ )ဦးအား ထောက်ပံ့ပေး အပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ရန်ကျန်ရှိသော ပွင့်ဖြူမြို့နယ်အတွင်းရှိ (ထပ်တိုး)မသန်စွမ်းသူဦးရေ (၄၇၀) ဦးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်မှ (၂၄.၄.၂၀၂၁)ရက်နေ့တွင် ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ (မှတ်တမ်း ဓာတ်ပုံများအား နောက်ဆက်တွဲ(ခ)ဖြင့်တင်ပြထားပါသည်။)

## သီးခြားထောက်ပံ့နိုင်မှုအခြေအနေ

၃။ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီးအတွင်းရှိ ထောက်ပံ့ကြေးမရရှိသေးသော မသန်စွမ်းသူများအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် – ၃၀၀၀၀ိ/-(ကျပ်သုံးသောင်းတိတိ) နှုန်းဖြင့် စုစုပေါင်း မသန်စွမ်းသူဦးရေ – ၁၁၄၃၄ ဦးအား ကိုဗစ်ကာလအတွင်းစီးပွားရေးကုစားမှု အစီအစဉ်အရ (၂.၉.၂၀၂၀)ရက်နေ့တွင် ထောက်ပံ့ငွေကျပ် – ၃၄၃,၀၂၀,၀၀ဝ/- (ကျပ်သုံးထောင်လေးရာသုံးသိန်းနှစ်သောင်းတိတိ)အား ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါသည်။

## အခမ်းအနားကျင်းပနိုင်မှုအခြေအနေ

၄။ ၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားအား မကွေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးကြီးကြပ်မှုအောက်ရှိ မကွေးမူလတန်းကြိုကျောင်း ခန်းမတွင်ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မသန်စွမ်းသူများအတွက် သွားလာရေးအဆင်ပြေချောမွေ့စေရန် စုစုပေါင်းတန်ဖိုးငွေ – ၂,၆၀၈,၀၀ဝ/-(ကျပ်နှစ်ဆယ့်ခြောက်သိန်းရှစ်ထောင်တိတိ)တန်ဖိုးရှိအထောက်အကူပြုကိရိယာများဖြစ်သော ဝှီးချဲ၊တစ်ဖက်ထောက်နှင့် ချိုင်းထောက်များအား ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါသည်။ (မှတ်တမ်းဓာတ်ပုံများ အားနောက်ဆက်တွဲ (ဂ)ဖြင့်တင်ပြထားပါသည်။)

**အခြားဆောင်ရွက်ချက်များ**

၅။ အခြားဆောင်ရွက်ချက်များအနေဖြင့် မကွေးတိုင်းဒေသကြီး၊ မြင်ကင်းကျေးရွာ၊ မယ်လှတောင် ကျေးရွာအုပ်စုရှိ ကိုယ်အင်္ဂါမသန်စွမ်းသူ အဘွားဒေါ်သန်းစိန်၊ အသက်(၈၉)နှစ်အား ပိုးချဲ့နှင့် ထောက်ပံ့ငွေကျပ် – ၂၈၅,၀၀၀/– (ကျပ်နှစ်သိန်းရှစ်သောင်းငါးထောင်တိတိ)အားလည်းကောင်း၊ နတ်မောက်မြို့နယ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူ မောင်မင်းသန်းထိုက်အောင်၊ အသက် (၁၀)နှစ်အား ပိုးချဲ့နှင့်ထောက်ပံ့ငွေကျပ် – ၃၆၀,၀၀၀/– (ကျပ်သုံးသိန်းခြောက်သောင်းတိတိ)အား ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါသည်။ (မှတ်တမ်းဓာတ်ပုံများ အားနောက်ဆက်တွဲ(ဃ)ဖြင့်တင်ပြထားပါသည်။)

**ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ**

၆။ မကွေးတိုင်းဒေသကြီးအတွင်း ထောက်ပံ့ရန်ကျန်ရှိသော(ထပ်တိုး)မသန်စွမ်းသူဦးရေ(၈၄၄၈) ဦးအား ထောက်ပံ့နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိနေပါသည်။





လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ မကွေးတိုင်းဒေသကြီးခရီးစဉ်၌ ပွင့်ဖြူမြို့နယ် အတွင်းရှိ မသန်စွမ်းသူ (၄၇၀)ဦးအတွက် ထောက်ပံ့ငွေပေးအပ်နေမှု မှတ်တမ်းဓာတ်ပုံ





အဘွားဒေါ်သန်းစိန်၊ အသက်(၈၉)နှစ် ကိုယ်အင်္ဂါမသန်စွမ်းအား
ဝှီးချဲ့နှင့် ထောက်ပံ့ငွေပေးအပ်နေမှုမှတ်တမ်းဓာတ်ပုံ



မောင်မင်းသန်းထိုက်အောင်၊ အသက်(၁၀)နှစ်အတွက်
ဝှီးချဲ့နှင့် ထောက်ပံ့ငွေပေးအပ်နေမှု မှတ်တမ်းဓါတ်ပုံ

## မန္တလေးတိုင်းဒေသကြီး
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေအရ မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၂၉) ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၀) ဖြင့် ဖွဲ့စည်းခဲ့ပြီး၊ ခရိုင်(၇)ခုနှင့် မြို့နယ် (၂၈) မြို့နယ်တို့တွင်လည်း ဖွဲ့စည်း၍ သက်ဆိုင်ရာခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ၊ ခရိုင်၊ မြို့နယ်တာဝန်ခံများမှ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူစုစုပေါင်း (၁၂၁၁၄)ဦးအား တစ်ဦးလျှင် ၃၀၀၀၀/- သုံးသောင်းနှုန်းဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း COVID-19 (CERP) စီးပွားရေးကုစားမှု အစီအစဉ်အရ ပြန်လည်ထူထောင်ရေးဦးစီးဌာနဘတ်ဂျက်ဖြင့် ထောက်ပံ့ရန်ကျန်ရှိသည့် မသန်စွမ်းသူစုစုပေါင်း (၂၆၃၁၅)ဦးအား တစ်ဦးလျှင် ၃၀၀၀၀/- သုံးသောင်းနှုန်းဖြင့်လည်းကောင်း ထောက်ပံ့ငွေများပေးအပ်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း (၂၀၁၈-၂၀၁၉)ခုနှစ်မှ (၂၀၁၉-၂၀၂၀)ခုနှစ်အတွင်း မသန်စွမ်းသူစုစုပေါင်း (၃၈၄၂၉)ဦးတို့အား တစ်ဦးလျှင် (၃၀၀၀၀/-) သုံးသောင်းနှုန်းဖြင့် တစ်ကြိမ် အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၃။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် COVID-19 (CERP)စီးပွားရေးကုစားမှု အစီအစဉ်အရ ဒုတိယ အကျော့ ထောက်ပံ့ရန်ကျန်ရှိသည့် မသန်စွမ်းသူများအား မန္တလေးခရိုင်တွင် မသန်စွမ်းသူ (၄၃၂၈)ဦး၊ ကျောက်ဆည်ခရိုင်တွင် မသန်စွမ်းသူ (၂၇၃၁) ဦး၊ မိတ္ထီလာခရိုင်တွင် မသန်စွမ်းသူ (၃၇၆၇)ဦးတို့အား (၁) ဦးလျှင် ၃၀၀၀၀/- သုံးသောင်းနှုန်းဖြင့် မသန်စွမ်းသူစုစုပေါင်း (၁၀၈၂၆)ဦးတို့အား ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းရုံးများနှင့် ချိတ်ဆက်၍ ထောက်ပံ့ငွေများအား ပေးအပ်ခဲ့ပါသည်။

၄။ ယခုလက်ရှိ မသန်စွမ်းသူများအား ထောက်ပံ့ရန်ကျန်ရှိသော ခရိုင်များမှာ ရမည်းသင်းခရိုင်တွင် မသန်စွမ်းသူ(၂၁၆၉)ဦး၊ ပြင်ဦးလွင်ခရိုင်တွင် မသန်စွမ်းသူ(၃၄၈၀)ဦး၊ မြင်းခြံခရိုင်တွင် မသန်စွမ်းသူ (၃၉၅၅)ဦး၊ ညောင်ဦးခရိုင်တွင်မသန်စွမ်းသူ (၁၈၄၃) ဦး၊ မသန်စွမ်းသူစုစုပေါင်း (၁၁၄၄၇) ဦး ကျန်ရှိပါသည်။

၅။ မန္တလေးတိုင်းဒေသကြီးအတွင်း (၂၀၁၇-၂၀၁၈)ခုနှစ်မှ (၂၀၂၀-၂၀၂၁)ခုနှစ်ထိ စာရင်းကောက်ခံ ရရှိခဲ့သော မသန်စွမ်းသူ အမျိုးအစား(၄)မျိုးစာရင်းမှာ -

| | | | |
|---|---|---|---|
| (က) | အမြင်အာရုံချို့တဲ့သူ | = | (၇၆၈၁) - ဦး |
| (ခ) | အကြားအာရုံချို့တဲ့သူ | = | (၈၆၁၉) - ဦး |
| (ဂ) | ဉာဏ်ရည်မသန်စွမ်းသူ | = | (၇၆၅၀) - ဦး |
| (ဃ) | ကိုယ်အင်္ဂါမသန်စွမ်းသူ | = | (၃၆၇၅၂) - ဦး |
| | **စုစုပေါင်း** | **=** | **(၆၀၇၀၂) - ဦး ရှိပါသည်။** |

၆။ ထို့အပြင် COVID-19 (CERP)စီးပွားရေးကုစားမှုအစီအစဉ်အရ COVID-19 ကာလအတွင်း မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်လျက်ရှိရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ (၂၀၃၀) အစီအစဉ်၏ အဓိကစည်းမျဉ်းဖြစ်သည့် Leaving No One Behindအရ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးကြီးကြပ်မှု

အောက်ရှိ ဌာနငယ်၊ သင်တန်းကျောင်းများမှ ကိုယ်အင်္ဂါ မသန်စွမ်းသူ (၂၉)ဦး၊ အမြင်အာရုံချို့တဲ့သူ(၁)ဦး၊ အကြားအာရုံချို့တဲ့သူ(၂၃၉)ဦး၊ ဉာဏ်ရည်မသန်စွမ်းသူ(၉၈)ဦး၊ စုစုပေါင်း (၃၆၇)ဦးအား (၁)ဦးလျှင် ၃၀၀၀၀ိ/- သုံးသောင်းနှုန်းဖြင့် သက်ဆိုင်ရာ ကျောင်းအုပ်များမှတစ်ဆင့် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများအား လူမှုဝန်ထမ်းဦးစီးဌာနဘတ်ဂျက်ဖြင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

၇။ ယခုလက်ရှိ COVID-19 ကာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ community Positive Centerနှင့် Treatment Center များမှ မသန်စွမ်းသူ(၅၂)ဦးအား (၁)ဦးလျှင် ၃၀၀၀၀ိ/- သုံးသောင်း နှုန်းဖြင့် ၁,၅၆၀,၀၀၀ိ/- ကျပ်တစ်ဆယ့်ငါးသိန်းခြောက်သောင်းတိတိအား လူမှုဝန်ထမ်းဦးစီးဌာန ဘတ်ဂျက်ဖြင့် ထောက်ပံ့ငွေများပေး အပ်ခဲ့ပါသည်။

၈။ ၂၀၂၀-ပြည့်နှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများကွန်ရက်မှ ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီးအတွင်း (၂၈)မြို့နယ်ရှိ မသန်စွမ်းသူများအားလုံးပါဝင်သည့် မသန်စွမ်းသူများ၏ စွမ်းရည်များကို ဖော်ထုတ်နိုင်ရန်အတွက် Yes I Can ခေါင်းစဉ်နှင့် Video Clip ဖြင့် ပြိုင်ပွဲကို Online မှတစ်ဆင့် မသန်စွမ်းအဖွဲ့ အစည်းများ၊ မသန်စွမ်းအရေးကို စိတ်ပါဝင်စားသော အရပ်ဘက်အဖွဲ့အစည်းများ စုစုပေါင်း(၂၁)ဖွဲ့မှ ပြိုင်ပွဲဝင် (၆၆)ဦး ယှဉ်ပြိုင်ခဲ့ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူ(၃)ဦးကို ဆုများချီးမြှင့်ခဲ့ပါသည်။

၉။ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးကြီးကြပ်မှုအောက်ရှိ နားမကြားသောကလေးများ ကျောင်း (၁) ကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(၁)ကျောင်းနှင့် INGOs, NGOs,CSO , CBO များ၊ မသန်စွမ်းအဖွဲ့ အစည်းများနှင့်ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အောက်ပါအတိုင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) မန္တလေးမြို့ ၊ နားမကြားသောကလေးများကျောင်း၌ အသက် ( ၆ ) နှစ်မှ ( ၁၈ ) နှစ်အထိ ကျန်းမာ သန်စွမ်း၍ ဉာဏ်ရည်ပြည့်မီသူ နားမကြားသူကလေးများအား လူမျိုး၊ ဘာသာမရွေးလက်ခံခြင်း၊ သွားလာရေးခက်ခဲသောဒေသများရှိ ကလေးများအားအဆောင်နေကျောင်းသားအဖြစ် လက်ခံပေး ခြင်း၊ ပညာသင်ကြားမှု အနေဖြင့် အခြေခံပညာ၊ မူလတန်းအဆင့်မှ ဆဌမတန်းအထိ ကျောင်းသား/ သူများကို မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်းတွင် လက်ခံသင်ကြားပေးပြီး သတ္တမ တန်းမှ ဒသမတန်းအထိ ကျောင်းသား/ သူများကို လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ်အရ အမှတ်(၃၄)အခြေခံပညာ အထက်တန်းကျောင်းသို့ တက်ရောက်၍ သင်ကြားနိုင်ရန်ဆောင်ရွက် ပေးခြင်း၊ ကွန်ပျူတာ၊ စက်ချုပ်သင်တန်းများသင်ကြားပေးခြင်း၊ ကလေးများကိုယ်ပိုင်အချိန် အတွက် ကြက်တောင်ရိုက်ခြင်း၊ ခြင်းလုံး၊ ဘောလုံးကစားစေခြင်း၊ အပန်းဖြေပျော်ပွဲရွှင်ပွဲများ ဆောင်ရွက်ပေးခြင်း၊ အထွေထွေ ဗဟုသုတရရှိစေရန် ကျောင်းတွင်း စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ ယဉ်ကျေးလိမ္မာဆောင်ရွက်ပေးခြင်း၊The Leprosy Mission Myanmar မှ ခန္ဓာကိုယ်သန်စွမ်းရန် လိုအပ်သော ကလေးများအား Physiotherapy လေ့ကျင့်ခန်းများပြုလုပ်ပေးခြင်း၊ ဂျပန်နိုင်ငံ Kyoshin Co,Ltd မှ မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်းသို့ နှစ်စဉ်အလှူငွေများ လှူဒါန်းလျက်ရှိရာ(၂၂)ကြိမ်အထိ အလှူငွေပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ နားမကြားသော ကလေးများ ကျောင်းတွင် ဝန်ထမ်းများနှင့်မိဘများအား စကားပြောလေ့ကျင့် နည်းများသင်ကြားပေးခြင်း၊ နားကြပ်ထိန်းသိမ်းနည်းများ သင်ကြားပေးခြင်း၊ ပြည်ထောင်စုနေ့ အကြောင်းအရာများအား လက်သင်္ကေတပြ ဘာသာစကားဖြင့်ဟောပြောခြင်း၊ မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားတွင် နားမကြားကလေးများမှ အကပဒေသာများဖြင့် ဖျော်ဖြေခြင်း၊ ဘာသာရေးနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဓမ္မဂိရိဝိပဿနာ ဆရာကြီးဦးဂိုအင်ကာအဖွဲ့မှ နားမကြားကလေးများအား အာနာပါနသတိ သင်တန်းပေးခြင်း၊ ရန်ကုန်၊ မန္တလေး နားမကြားသောကလေးများကျောင်းရှိ

ဆရာ၊ ဆရာမများနှင့် နားမကြားသူများ ပူးပေါင်း၍ Sign Language စကားလုံးဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊ အခြေခံသင်္ကေတ/သင်ကြားမှု ပညာအနေဖြင့် နားမကြားသောကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဆပ်ပြာဆီ သင်တန်းပို့ချပေးခြင်း၊ မုန့်လုပ်နည်းသင်တန်းပေးခြင်း၊ လတ်တလောဖြစ်ပွားနေသော COVID-19 ကပ်ရောဂါနှင့် ပတ်သက်၍ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားချက်များကို ရှင်းလင်းပြောပြခြင်း၊ ကျောင်းအုပ် ဆရာမကြီးမှ ဦးဆောင်၍ ဝန်ထမ်းများအား အသံပိုင်းဆိုင်ရာ(Audiology)နည်းပညာဖြစ်သော နားကြားမှုနှုန်းစမ်းသပ်ခြင်း၊ နားကြားမှုနှုန်းနှင့် နားကြပ် Fitting ပြုလုပ်ခြင်း၊ စကားပြောလေ့ကျင့် သင်ကြားနည်းတို့အား သင်ကြားပို့ချခြင်း၊ ပညာရေးအနေဖြင့် ကျောင်းသား/သူများအတွက် သင်ထောက်ကူပစ္စည်းများပြုလုပ်ခြင်း၊ Sign Language ဘာသာစကားများ လက်တွေ့သင်ကြားပို့ချခြင်း၊ United Kingdom မှ Mrs Susan Brought နှင့် အဖွဲ့ဝင် (၂) ဦးတို့သည် နားမကြားကလေးများအား နားကြားမှု နှုန်းစမ်းသပ်ပေးခြင်းနှင့် နားကြပ်တပ်ဆင်ပေးခြင်း များဆောင်ရွက်ပေးလျက်ရှိပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့်မြန်မာနိုင်ငံအထူး ပညာရေးအသင်းတို့ ပူးပေါင်း၍ ဉာဏ်ရည်မသန်စွမ်းကလေးများအား ပြုစုပျိုးထောင်ပေးမည့် အခြေခံဆရာဖြစ် သင်တန်းများပေးခြင်း၊ အထူးပြုစုစောင့်ရှောက်ရန် လိုအပ်သောကလေးများအတွက် ပြုစုပျိုးထောင်သင်ကြားပေးမည့်ဆရာ၊ ဆရာမများ မွေးထုတ်ပေးမည့် ဆရာဖြစ်သင်တန်းများဖွင့်လှစ်ခြင်း၊ မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးနှင့် လေ့ကျင့်သင်ကြားရေး အခြေခံသင်တန်းများပေးခြင်း၊ Sign Language သင်တန်းများအားလည်းကောင်း၊ မသန်စွမ်းကျောင်းများမှ မိဘများအား မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးသင်တန်းများကို နားမကြားသောကလေးများကျောင်းတွင်လည်းကောင်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ဌာနငယ်၊ သင်တန်းကျောင်းများမှ ဆရာ/ဆရာမများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းနှင့် နားမကြားသောကလေးများကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများအား မသန်စွမ်းသူများ အခွင့်အရေးနှင့် UNCRPD ဆိုင်ရာ ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချ ပေးခြင်း၊ မသန်စွမ်းကျောင်းများနှင့် မသန်စွမ်းအဖွဲ့ အစည်းများအား ဝန်ဆောင်မှုပေးသူများက မသန်စွမ်း အသိပညာပေး သင်တန်းများပေးခြင်း၊ မသန်စွမ်းအမျိုးသမီး ခေါင်းဆောင်မှုသင်တန်းများပေးခြင်း၊ မသန်စွမ်းမှုဆိုင်ရာအသိပညာပေးခြင်း၊ ပရဟိတအဖွဲ့များနှင့် မသန်စွမ်းအဖွဲ့အစည်းများအား မသန်စွမ်းမှုအကျုံးဝင်ခြင်းဆိုင်ရာ သင်တန်းများပေးခြင်း၊ The Leprosy Mission Myanmar ၊ ရွှေမင်းသားဖောင်ဒေးရှင်း၊ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း၊ H.I အသင်းအဖွဲ့ နှင့်ပူးပေါင်း၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ အသက် (၆) နှစ်မှ (၁၈) နှစ်ထိ Down Syndrome, Cerebral palsy, Intellectual Disabilities, Autism, Epilepsy, A.D.H.D (Attention Deficit Hyperactive Disorder) တို့အား အသက်လိုက်လေ့လာဆန်းစစ်ပြီး အတန်းပညာခွဲ၍ လေ့ကျင့်သင်ကြားပေးခြင်း၊ ဉာဏ်ရည်မမီသော ကလေးများအား အခြေခံစာရေးစာဖတ်နှင့် သင်္ချာဘာသာရပ်အား အထူးပညာရေး စနစ်အနေဖြင့် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ကလေးတိုင်းမိမိကိုယ်ကို လူ့ပတ်ဝန်းကျင်တွင် ရပ်တည်နိုင်ရန် စာပေပညာသင်ကြားခြင်းနှင့် ပြင်ပဗဟုသုတနှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် အက၊ ပန်းချီ၊ လက်မှု၊ ပုံပြော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများနှင့် ကစားခြင်းများသင်ကြားပေးခြင်း၊ မိဘ၊ ဆရာ၊ ဆရာမများနှင့် ဆက်သွယ်သည့် စာအုပ်များထားရှိပြီး ကလေးများ၏ တစ်လအတွင်း ဆောင်ရွက်ချက်များ၊ တိုးတက်မှုအခြေအနေအား မိဘများထံ အသိပညာပေးခြင်းနှင့် မိဘဆရာပူးပေါင်းဆောင်ရွက်ခြင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင်

ကလေးများအား သက်မွေးပညာသင်ကြားနိုင်ရေးအတွက် မုန့်ဖုတ်ခြင်း၊ ခြင်းယက်ခြင်း၊ အကြိုသက်မွေး သင်တန်းများ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဦးဆောင်၍ မသန်စွမ်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘများအား မသန်စွမ်းမှုအမျိုးအစားအလိုက် အသိပညာပေးခြင်းနှင့် အထူး လိုအပ်ချက်ရှိသော ကလေးများပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်းများ ကျင်းပခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ (ဈေး၊ကစားကွင်း၊ ပန်းခြံ၊ ယာဉ်ရပ်နားစခန်း၊ စာသင် ကျောင်းများ၊ဘာသာရေးအဆောက်အဦ)များတွင် မသန်စွမ်းသူများအတွက် အတားအဆီးကင်း သောနေရာ (Barrier Free Zone)များ ဖန်တီးပေးနိုင်ရေးအတွက် တိုင်းဒေသကြီး မသန်စွမ်းသူ များ၏ အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် ထည့်သွင်း ဆွေးနွေးပြီး စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးဆောက်လုပ် ရေးလုပ်ငန်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ဃ) မသန်စွမ်းသူများ၏ အရေးဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မသန်စွမ်း သူများလူမှုဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာကော်မတီအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားများ၊ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကျင်းပခြင်း၊ မသန်စွမ်းသူများအကျုံးဝင်မှုမြှင့် တင်ရေးဆိုင်ရာ ဆက်စပ်ပတ်သက်သူများ အလုပ်ရုံဆွေးနွေးပွဲများကို မိတ်ဖက်အဖွဲ့အစည်းများ နှင့်အတူ ပူးပေါင်းကျင်းပဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၀။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း

(ခ) မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း

(ဂ) ရွှေမင်းသားဖောင်ဒေးရှင်း

(ဃ) Myanmar Deaf Society

(င) Handicap International

(စ) The Leprosy Mission Myanmar

(ဆ) Special Olympic

(ဇ) အလင်းသစ်မသန်စွမ်းသူများအသင်းတို့ဖြစ်ပါသည်။

၁၁။ မန္တလေးတိုင်းဒေသကြီးအတွင်း မသန်စွမ်းမှုအမျိုးအစားအလိုက် စုပေါင်းဆောင်ရွက်နိုင်သော စင်တာ (သို့မဟုတ်) သင်တန်းကျောင်း ထူထောင်ပေးနိုင်ပါက မသန်စွမ်းအမျိုးအစားအလိုက် သတင်းအချက်အလက် များ၊ သက်မွေးပညာ၊ မသန်စွမ်းမှုနှင့်ဆက်စပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင် မည်ဖြစ်သောကြောင့် တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ပေးနိုင်ရန် စီမံကိန်းများချမှတ်အကောင်အထည်ဖော် ခြင်း၊ ဘဏ္ဍာငွေများခွဲဝေချထားပေးခြင်းများကို ဆောင်ရွက်နိုင်ပါက ပိုမိုအဆင်ပြေနိုင်ကြောင်း အကြံပြုတင်ပြ အပ်ပါသည်။

၁၂။ မန္တလေးတိုင်းဒေသကြီးအနေဖြင့် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးမှူးရုံးမှတင်ပြထားသည့် မသန်စွမ်း သူများ အမှီအခိုကင်းစွာမိမိဘဝမိမိရပ်တည်နိုင်ရေးအတွက် အတန်းပညာ / သက်မွေးဝမ်းကျောင်းပညာများ

သင်ကြားနိုင်ရန် ရည်ရွယ်၍ အမြင်အာရုံချို့တဲ့သူများအတွက် ရိုးရာလက်နှိပ် ပညာသင်တန်းကျောင်း(၁) ကျောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရှေ့လာမည့် (၅) နှစ်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း နှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ(၁)ခု၊ မသန်စွမ်းသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရန် မြေနေရာရရှိရေးအတွက် ယခင်မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ တင်ပြတောင်းခံထားပြီးဖြစ်ပါသည်။

၁၃။ မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီအနေဖြင့် မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်အတွက် ဥပဒေ၊ နည်းဥပဒေ၊ ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် မသန်စွမ်းသူများ လူ့အဖွဲ့အစည်းတွင် ပူးပေါင်းပါဝင်နိုင်၍ ကျရာအခန်းကဏ္ဍများ၌ ပါဝင်ဆောင်ရွက်နိုင်ပြီး နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူများအနေနှင့်လည်း ဖွံ့ဖြိုးရေးအသီးအပွင့်များကို နိုင်ငံသားအားလုံးနှင့် တန်းတူခံစားကြရမည်ဖြစ်ပါသည်။





(၂၉-၅-၂၀၂၁)ရက်နေ့မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ လူမှုရေးပင်စင်နှင့် မသန်စွမ်းသူ (မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်)များအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနား



COVID-19 စီးပွားရေး ကုစားမှုအစီအစဉ်အရ မသန်စွမ်းသူများအားထောက်ပံ့ငွေ ပေးအပ်ခြင်း



ပြည်ကြီးတံခွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ မသန်စွမ်းထောက်ပံ့ငွေ ပေးအပ်ခြင်း



COVID-19 စီးပွားရေးကုစားမှုအစီအစဉ်
(CERP)အရ မသန်စွမ်းသူများအား
ထောက်ပံ့ငွေပေးအပ်ခြင်း



မသန်စွမ်းမှုအမျိုးအစားအလိုက် အသိပညာ
ပေးခြင်းနှင့် အထူးလိုအပ်ချက်ရှိသောကလေးများ
ပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်း




မသန်စွမ်းမှုအမျိုးအစားအလိုက် အသိပညာ
ပေးခြင်းနှင့် အထူးလိုအပ်ချက်ရှိသော ကလေးများ
ပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်း




မသန်စွမ်းမှုအမျိုးအစားအလိုက် အသိပညာ
ပေးခြင်းနှင့် အထူးလိုအပ်ချက်ရှိသော ကလေးများ
ပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်း



အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့
အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများ၏
စွမ်းရည်များကို ဖော်ထုတ်နိုင်ရန်အတွက်
Video Clip ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း




နားမကြားသောကလေးများအား
နားကြားမှုစမ်းသပ်ပေးခြင်းနှင့်
နားကြပ်တပ်ဆင်ပေးခြင်း




နားမကြားသောကလေးများကျောင်းရှိ
ဝန်ထမ်းများနှင့် နားမကြားသူများပူးပေါင်း၍
Sign Language စကားလုံးဆွေးနွေးပွဲ




နားမကြားသောကလေးများအား
အာနာပါနသတိ သင်တန်းပေးခြင်း




နားမကြားသောကလေးများအတွက်
ဆပ်ပြာဆီလုပ်နည်းသင်တန်း



မသန်စွမ်းကလေးများ
ကြွက်သားကြီးငယ်လေ့ကျင့်ခြင်း






မသန်စွမ်းကလေးများ ကျောင်းတွင်းလှုပ်ရှားမှုမှတ်တမ်း

## မွန်ပြည်နယ်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ မွန်ပြည်နယ်ကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ (လျာထား) စာရင်းကို (၂၅.၈.၂၀၂၁) ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ တင်ပြထားပြီးဖြစ်ပါသည်။

၂။ မွန်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ထောက်ပံ့သည့်ရန်ပုံငွေဖြင့် မသန်စွမ်းသူတစ်ဦးလျှင် ကျပ် (၃၀၀၀၀/-) မသန်စွမ်းသူလူဦးရေ စုစုပေါင်း (၁၁၇၃၈) ဦးကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်မှ ထောက်ပံ့ရန် ကျန်ရှိသူ မသန်စွမ်းသူ (၂၃၀) ဦးအတွက် တစ်ဦးလျှင်ကျပ် (၃၀၀၀၀/-) နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် (၆၉၀၀၀၀၀/-) သိန်းကို (၁၂.၅.၂၀၂၁) ရက်နေ့တွင် သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် ထောက်ပံ့ငွေများကို လွှဲပြောင်းထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၄။ ကိုဗစ်-၁၉ တတိယလှိုင်းကာလအတွင်း ထောက်ပံ့ရန်ကျန်ရှိသော မသန်စွမ်းသူ မော်လမြိုင်မြို့နယ်မှ (၁) ဦး၊ ကျိုက်မရောမြို့နယ်မှ (၄၉၀) ဦး ၊ စုစုပေါင်း (၄၉၁) ဦးတို့အတွက် တစ်ဦးလျှင် ကျပ် (၃၀၀၀၀/-) နှုန်းဖြင့် ထောက်ပံ့ပေးနိုင်ပါရန် မသန်စွမ်းသူများစာရင်း ပြန်လည်စိစစ်ပေးရန် ကျိုက်မရောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ကျိုက်မရောမြို့နယ်မှ မသန်စွမ်းစိစစ်စာရင်း ပြန်လည်ရရှိပါက ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

၅။ ကိုဗစ်-၁၉ ကာလအတွင်း Quarantine Center များသို့ဆေးကုသမှုခံယူရန် ရောက်ရှိလာကြသော မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ကျပ်(၃၀၀၀၀/-) နှုန်းဖြင့် ထောက်ပံ့ပေးနိုင်ရေး စာရင်းကောက်ယူခဲ့ရာ မသန်စွမ်းသူ (၂) ဦးရရှိခဲ့ပြီး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၆။ ကိုဗစ်-၁၉ ကာလဖြစ်သောကြောင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ လူငယ်သင်တန်းကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသော အထူးပြုစုစောင့်ရှောက်ရန် လိုအပ်သောကလေးများ လေ့ကျင့်သင်ကြားရေးကျောင်းမှာ ပိတ်ထားဆဲဖြစ်ပါသည်။

၇။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်နှင့် သထုံမြို့နယ်တို့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ အသက် (၅) နှစ်အောက် ကလေးများ၊ ဖွံ့ဖြိုးမှုနှောင့်နှေးလျက်ရှိသော ကလေးသူငယ်များအား စောစီးစွာ သိရှိခြင်းဖြင့် မသန်စွမ်းမှုလျော့ချနိုင်ရေးအတွက် ရှေးဦးအစွယ်တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ရှေ့ပြေးဝန်ဆောင်မှု လုပ်ငန်း Early Childhood Intervention (ECI) စီမံချက်ကို ကိုဗစ်-၁၉ ကာလအတွင်း ရပ်တန့်ထားခဲ့သော်လည်း ယခုအခါ ပြန်လည် ဆောင်ရွက်နိုင်ရေးအတွက် စေတနာ့ဝန်ထမ်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် အရာထမ်း၊ အမှုထမ်းများအား Online ဖြင့် သင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။




မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်မှ မသန်စွမ်းသူ (၂၃၀) ဦးအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းဓာတ်ပုံမှတ်တမ်း




မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်နှင့် မွန်ပြည်နယ်မသန်စွမ်းသူများအသင်း၊ ရွှေမင်းသားဖောင်ဒေးရှင်းမြန်မာ၊ (UNFPA)၊ Abilis foundation မှ မွန်ပြည်နယ် (၁၀) မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား အိမ်တိုင်ရာရောက်သွားရောက် ထောက်ပံ့ငွေများပေးအပ်မှု



မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်နှင့် မွန်ပြည်နယ်မသန်စွမ်းသူများအသင်း၊ ရွှေမင်းသားဖောင်ဒေးရှင်းမြန်မာ၊ (UNFPA)၊ Abilis foundation တို့မှ ကျိုက်ထိုမြို့နယ်မသန်စွမ်းသူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်မှု



မွန်ပြည်နယ်မသန်စွမ်းသူများအသင်းနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) မြန်မာနိုင်ငံအရပ်ဘက်အဖွဲ့အစည်းများပူးပေါင်း၍ ကျိုက်ထိုမြို့နယ်ရှိ စစ်မှုထမ်းဟောင်းရုံးနှင့် တောင်ပိုင်းမမ္မာရုံတွင် ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေးခက်ခဲသူများအား အခြေခံစားသောက်များ ထောက်ပံ့ပေးအပ်မှု



မွန်ပြည်နယ်မသန်စွမ်းသူများအသင်းနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) မြန်မာနိုင်ငံအရပ်ဘက်အဖွဲ့အစည်းများပူးပေါင်း၍ ပေါင်မြို့နယ်၊ အလုပ်ကျေးရွာတွင် ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေးခက်ခဲသူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်မှု




မွန်ပြည်နယ်မသန်စွမ်းသူများအသင်းနှင့်ရွှေမင်းသား
ဖောင်ဒေးရှင်း(မြန်မာ) မြန်မာနိုင်ငံအရပ်ဘက်
အဖွဲ့အစည်းများပူးပေါင်း၍ (ကျိုက်ထိုမြို့နယ်၊
သိမ်ဇရပ်မြို့) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌
ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေး
ခက်ခဲသူများအား စားနပ်ရိက္ခာထောက်ပံ့ပေးအပ်မှု



မွန်ပြည်နယ် ၊ ကျိုက်ထိုမြို့နယ်တွင်
အသက်(၁၈)နှစ်အထက် မသန်စွမ်းသူများအား
ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း



မွန်ပြည်နယ်မသန်စွမ်းသူများအသင်းနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) မြန်မာနိုင်ငံအရပ်ဘက်အဖွဲ့အစည်းများ
ပူးပေါင်း၍ ကျိုက်ထိုမြို့နယ်ရှိ စစ်မှုထမ်းဟောင်းရုံးတွင် ကိုဗစ်-၁၉ ကာလအတွင်း
စားဝတ်နေရေးခက်ခဲသူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်မှု



မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်နှင့် မွန်ပြည်နယ်မသန်စွမ်းသူများအသင်း၊
ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၊ (UNFPA)၊ Abilis foundation မှ မွန်ပြည်နယ် (၁၀) မြို့နယ်အတွင်းရှိ
မသန်စွမ်းသူများအား အိမ်တိုင်ရာရောက်သွားရောက် ထောက်ပံ့ငွေများပေးအပ်

## ရခိုင်ပြည်နယ်
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ COVID–19 မသန်စွမ်းသူများထောက်ပံ့ခြင်း ပထမအကြိမ်တွင် မင်းပြားမြို့နယ်၊ စစ်တွေမြို့နယ်၊ မြေပုံမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်းမှ မသန်စွမ်းသူ ၂၈ ဦးအား Abilis Foundation နှင့် KBZ တို့၏ ပံ့ပိုးမှုဖြင့် တစ်ဦးလျှင် ၅၀၀၀၀/–ကျပ်နှုန်းဖြင့် ၁,၄၀၀,၀၀၀/–အား ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း ထောက်ပံ့ပေးခဲ့ပါသည်။

၂။ COVID–19 မသန်စွမ်းသူများကို ထောက်ပံ့မှုဒုတိယအကြိမ်တွင် ရခိုင်ပြည်နယ်အတွင်း ခိုးကိုးရာမဲ့ မသန်စွမ်းသူ ကျောက်တော်မြို့နယ်မှ ၁၇ ဦးနှင့် မင်းပြားမြို့နယ်မှ ၁ ဦး၊ စုစုပေါင်း ၁၈ ဦးအား တစ်ဦးလျှင် ၃၀၀၀၀/–ကျပ်နှုန်းဖြင့် ၅၄၀,၀၀၀/–အား ၂၀၂၁ ခုနှစ် ၊ ဧပြီလအတွင်း ထောက်ပံ့ပေးခဲ့ပါသည်။

၃။ COVID–19 မသန်စွမ်းသူများထောက်ပံ့ခြင်း တတိယအကြိမ်တွင် Abilis Foundation ၏ ပံ့ပိုးကူညီမှုဖြင့်ရခိုင်ပြည်နယ်အတွင်းရှိ မြန်မာနိုင်ငံနားမကြားသူများအသင်း(MDCDA)မှ မင်းပြားမြို့နယ်၊ စစ်တွေမြို့နယ်၊ မြေပုံမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၇၀ ဦးအား တစ်ဦးလျှင် ၃၀၀၀၀/–ကျပ်နှုန်းဖြင့် ၂,၁၀၀,၀၀၀/ အား ၂၀၂၁ ခုနှစ်၊ ဇွန်လအတွင်း ထောက်ပံ့ပေးခဲ့ပါသည်။

၄။ မသန်စွမ်းသူများ ထောက်ပံ့ခြင်း စတုတ္ထအကြိမ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူ ၉ ဦးအား COVID–19 ပူးပေါင်းကော်မတီနှင့် UNOPH မှ တစ်ဦးလျှင် ၅၀၀၀၀/–ကျပ်နှုန်းဖြင့် ၄၅၀,၀၀၀/–၂၀၂၁ခုနှစ်၊ ဇူလိုင်လအတွင်း ထောက်ပံ့ပေးခဲ့ပါသည်။

၅။ ၂၀၂၁ခုနှစ်၊ ဇွန်လအတွင်း ICRC အဖွဲ့အစည်းမှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်း ၁၀ မျိုးပါ Dignity Kit များကို မသန်စွမ်းသူ တစ်ဦးလျှင် တစ်ခုနှုန်းဖြင့် စစ်တွေမြို့နယ်ရှိ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၊ ရွှေမင်းသားဖောင်ဒေးရှင်းနှင့် မေတ္တာဝတီမျက်မမြင် ကျောင်းတို့အတွက် ၁၄၀ ခု၊ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ် မသန်စွမ်းသူများအသင်းအတွက် ၂၀၀ ခု၊ ပုဏ္ဏားကျွန်းမြို့နယ် မသန်စွမ်းသူများ ရှေ့ဆောင်အသင်းအတွက် ၅၀ ခု၊ ကျောက်တော်မြို့နယ် မသန်စွမ်းသူများ အသင်းအတွက် ၅၀ ခု၊ မြောက်ဦးမြို့နယ် မသန်စွမ်းသူများရှေ့ဆောင် အသင်းအတွက် ၅၀ ခုနှင့် မင်းပြားမြို့နယ် မသန်စွမ်းသူများ အစည်းအရုံးအတွက် ၄၀၀ ခု၊ စုစုပေါင်း ၉၄၀ ခုအား ပေးအပ်ဆောင်ရွက်ခဲ့ပါသည်။

၆။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွင်း မေတ္တာဖောင်ဒေးရှင်းနှင့် RSDO (Rakhine State Disability Organization )တို့ ပူးပေါင်းပြီး မင်းပြားမြို့နယ်အတွင်းရှိ အမ်းသာရွာတိုက်ပွဲရှောင်စခန်း၊ နရမ်းတိုက်ပွဲရှောင်ရန်စခန်း၊ သူဌေးကုန်းတိုက်ပွဲရှောင်စခန်း၊ ဓညဝတီတိုက်ပွဲရှောင်ရန်စခန်း၊ ပုံညရာမတိုက်ပွဲရှောင်စခန်း၊ ဇေယျာသုခတိုက်ပွဲရှောင်စခန်းနှင့် အလိုတော်ပြည့် တိုက်ပွဲရှောင်စခန်းစသည့် တိုက်ပွဲရှောင်စခန်း ၇ ခုမှ မသန်စွမ်းသူ ၁၀ ဦးအပါအဝင် လူဦးရေ ၆၈၀၀၊ အိမ်ထောင်စု ၁၂၇၀ တို့အတွက် အသုံးအဆောင်ပစ္စည်းများနှင့် စားစရာများ ထောက်ပံ့ပေးအပ် ဆောင်ရွက်ခဲ့ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးအောက်ရှိ မသန်စွမ်းကျောင်းများ၏ဆောင်ရွက်နေမှုအခြေအနေ

၁။ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်တွင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ၊ နားမကြားသောကလေးများကျောင်း၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းဟူ၍ မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်သည့်သင်တန်းကျောင်း (၅)ကျောင်းရှိပြီး စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ တည်ထောင်ထားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထောက်ပံ့ကြေးပေးနေသည့် မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ(၄)ခုရှိကာ ၎င်းကျောင်းများတွင် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာတို့အား သင်ကြားပေးလျက်ရှိပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းကျောင်းများအား (၁.၆.၂၀၂၁)ရက်နေ့မှစ၍ ဖွင့်လှစ်ခဲ့ရာ နားမကြားသောကလေးများကျောင်းတွင် KGမှGrade-4အထိကျောင်းသား(၁၉)ဦးအား လက်ခံခဲ့ပြီး ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင် အနှိပ်သင်တန်းလေးဦး၊ ကြိမ်ထိုး သင်တန်း နှစ်ဦး၊ တက္ကသိုလ်တက်ရောက်နေသူ သုံးဦး၊ ပဉ္စမတန်းနှစ်ဦး၊ စတုတ္ထတန်းနှစ်ဦး၊ တတိယတန်း တစ်ဦးနှင့် သူငယ်တန်းတစ်ဦးတို့ တက်ရောက်ခဲ့ပါသည်။ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တွင် ကလေး(၁၁)ဦးအား လက်ခံစောင့်ရှောက်ခဲ့ပြီး မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် (၁.၇.၂၀၂၁)ရက်နေ့တွင်သင်တန်းများ ဖွင့်လှစ်နိုင်ရေးနိုင်ငံပိုင် သတင်းစာတွင်ခေါ်ယူခဲ့သော်လည်း ကိုဗစ်–၁၉ အခြေအနေကြောင့် (၁၈.၆.၂၀၂၁)ရက်နေ့တွင် ကျောင်းများ ခေတ္တပြန်လည်ပိတ်ခဲ့ပါသည်။

(ဂ) မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာတွင် မသန်စွမ်းကလေး(၁၁၂)ဦးအား စောင့်ရှောက် ပေးလျက်ရှိပြီး ၎င်းတို့၏ပညာရေး၊ ကျန်းမာရေး၊ စားသောက်ရေးနှင့် အသက် မွေးဝမ်း ကျောင်းပညာတို့အား သင်ကြားပေးလျက်ရှိပါသည်။

(ဃ) (၂၆.၆.၂၀၂၁)ရက်နေ့တွင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာမှ အသက် (၁၈) နှစ်အထက် ကလေး(၆၂)ဦးအား သန်းခေါင်စာရင်းပြုလုပ်ပေးပြီး (၃.၇.၂၀၂၁)ရက်နေ့ တွင် မှတ်ပုံတင်(၅၄)ဦးအား ပြုလုပ်ပေးခဲ့ပါသည်။

(င) ကလေးများအား စာအိတ်ခေါက်ခြင်း၊ ပန်းထိုးခြင်း၊ ဆပ်ပြာဆီပြုလုပ်ခြင်း သင်ကြားပေးလျက်ရှိပါသည်။

(စ) မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေး ဂေဟာမှကလေး(၄၆)ဦး ကိုဗစ်–၁၉ကာကွယ်ဆေး ထိုးနှံပြီး ဖြစ်ပါသည်။

## ၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမသန်စွမ်းအဖွဲ့အစည်းများ၏ဆောင်ရွက်မှုအခြေအနေ

(က) ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူများအတွက် အခြေခံစားနပ်ရိက္ခာများ ထောက်ပံ့ပေးလျက်ရှိရာ (၄.၄.၂၀၂၁)ရက်နေ့မှ (၂၂.၆.၂၀၂၁)ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း(၂၉) မြို့နယ်မှ လူဦးရေ(၆၆၂)ဦးအား ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နှင့် အာလူးများ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

(ခ) မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ မသန်စွမ်းသူများ၏အခွင့်အရေးနှင့် ပတ်သက်၍ ရေဒီယိုအစီအစဉ် ထုတ်လွှင့်ခြင်း(၁၃၂)ကြိမ်၊ မသန်စွမ်းအမျိုးသမီးများကော်မတီ စွမ်းရည်မြှင့် သင်တန်းCEDAW တစ်ကြိမ်၊ အမျိုးသမီးများ အကြမ်းဖက်မှုပပျောက်ရေးအတွက်သင်တန်းတစ်ကြိမ်၊ မသန်စွမ်းအမျိုးသမီးများအတွက် ခေါင်းဆောင်မှုသင်တန်းသုံးကြိမ်၊ မသန်စွမ်းအမျိုးသမီးများ အတွက် Online Platform Training သင်တန်းနှစ်ကြိမ်၊ အမျိုးသမီးကော်မတီမှ Strategic Planning Workshop နှင့် Mental Health Support Trainingတို့အားတစ်ကြိမ်စီပြုလုပ်ခဲ့ပါသည်။

(ဂ) (AARJapan)နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ ဦးဆောင်၍ Online Disability Inclusion Training သင်တန်းတစ်ကြိမ်ဖွင့်လှစ်ခဲ့ပါသည်။

(ဃ) မသန်စွမ်းနွမ်းပါးသူများအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ကူညီပေးလျက်ရှိပါသည်။

၃။ **မေရီချက်(ပ်)မင်းနားမကြားသော ကလေးများကျောင်း၏ဆောင်ရွက်မှုအခြေအနေ**

(က) (၇.၂.၂၀၂၀) ရက်နေ့မှ (၉.၂.၂၀၂၁) ရက်နေ့အထိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ဖွင့်လှစ်ထား သည့် နားမကြားသောကလေးများကျောင်းမှ ဝန်ထမ်းများအားလုံး ကိုဗစ်-၁၉ ကာလအတွင်း ဝန်ထမ်းများ သင်ကြားရေး မြှင့်တင်ပေးသည့်အနေဖြင့် Awareness Of Gender Based Violence Workshop ပြုလုပ်ခဲ့ပါသည်။

(ခ) (၁၆.၃.၂၀၂၀) ရက်နေ့မှ (၂၀.၃.၂၀၂၀) ရက်နေ့အထိ မေရီချက်(ပ်)မင်းနားမကြားသော ကလေးများ ကျောင်းမှ ဆရာ/ဆရာမများမှ ကျောင်းသင်ခန်းစာများကို အထောက်အကူပြုစေရန်အတွက် ဝေါဟာရများ သရုပ်ဖော်ဗွီဒီယိုရိုက်ကူးခြင်းအား ဆောင်ရွက်ခဲ့ပါသည်။

(ဂ) နားမကြားကျောင်းတွင်ရှိသည့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/ သူများအား သက်ဆိုင်ရာ ကျောင်းများတွင် စခန်းသွင်း၍ သင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဃ) နားမကြားကျောင်းမှကလေးများနှင့် (၇.၄.၂၀၂၀)ရက်နေ့တွင် မသန်စွမ်းသူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာဗွီဒီယိုကို ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် ပူးပေါင်းရိုက်ကူးခဲ့ရာ မသန်စွမ်းကလေး (၄) ဦး ပါဝင်သရုပ်ဆောင်ခဲ့ပါသည်။

(င) နားမကြားကလေးများအား မုန့်ဖုတ်သင်တန်း၊ Shiatsu ခေါ် သဘာဝကုထုံးအနှိပ်သင်တန်း၊ ကြိမ်ထိုးခြင်း၊ အလှပြင်သင်တန်း၊ လက်မှုပစ္စည်းများပြုလုပ်ခြင်းသင်တန်း၊ ပန်းချီပညာသင်တန်း တို့ကို သင်ကြားပေးလျက်ရှိပါသည်။

(စ) (၁.၁.၂၀၂၁)ရက်နေ့မှစ၍ Sign Language စိတ်ပါဝင်စားသူများ လေ့လာနိုင်ရန်အတွက် Facebook Page မှ Basic Sign Language ကို အခါအားလျော်စွာ ထုတ်လွှင့်ပေးလျက်ရှိပါသည်။

(ဆ) (၂၂.၁.၂၀၂၁) ရက်နေ့တွင် အကြားအာရုံမသန်စွမ်းသူများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ Talk Showအား ဒဂုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းရိုက်ကူးခဲ့ပါ သည်။

၄။ **ခဝဲခြံမျက်မမြင်ကျောင်းများ၏ဆောင်ရွက်နေမှုအခြေအနေ**

(က) ခဝဲခြံမျက်မမြင်ကျောင်းအနေဖြင့် ပညာရေးကျောင်းများပိတ်ထားသော်လည်း ကိုဗစ်-၁၉ စည်းကမ်း ချက်များနှင့်အညီ ကွန်ပျူတာ၊ အနှိပ်ပညာ၊ မုန့်ဖုတ်လုပ်ငန်း၊ Crystal ထိုးခြင်း၊ ကြိမ်(သို့) ဝါးတို့ဖြင့် လက်မှုပစ္စည်းပြုလုပ်ခြင်းများအား သင်ကြားပေးခြင်း၊ နေ့စဉ်နေထိုင်မှုကျွမ်းကျင်စေရန် ကလေးတစ်ဦးချင်း၏ နေ့စဉ်ဆောင်ရွက်ရမည့် အစီအစဉ်တို့အတွက် သင်ကြားပေးခြင်းနှင့် စစ်တုရင် သင်ကြားပေးခြင်းများ ဆောင်ရွက်ပေးပါသည်။

(ခ) ခဝဲခြံမျက်မမြင်ကျောင်းမှ အသက် (၁၈) နှစ်အထက် ကလေး(၄၅)ဦး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ပါသည်။

**မသန်စွမ်းအထူးပညာရေးကျောင်းများ၏ဆောင်ရွက်နေမှုအခြေအနေ**

၅။ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖွင့်လှစ်ထားသည့် မသန်စွမ်းအထူးပညာရေးကျောင်းများမှ တည်ထောင်ခွင့်ပြုမိန့် လျှောက်လွှာလာရောက်ထုတ်ယူထားသည့် (၂၄) ကျောင်း အနက်(၁၅)ကျောင်းမှာ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားလာပါသဖြင့် စစ်ဆေးနိုင်ရန်အတွက် ဦးစီးဌာနသို့ တင်ပြထား ပြီးဖြစ်ကာ ကိုဗစ်-၁၉ကူးစက်မှုကြောင့် ကျောင်းများခေတ္တပိတ်ထားပါသည်။

**အထွေထွေ**

၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ (၈၇) ဦးအား တစ်ဦးလျှင် ကျပ်(၃၀၀၀၀/-) နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခုအချိန်အထိ မသန်စွမ်းဦးရေ (၂၀၃၈၈) ဦးအား ထောက်ပံ့ ထားပြီးဖြစ်ပါသည်။

**လူတိုင်းအကျုံးဝင်ပညာရေးသင်ကြားနေပုံ**



ကျောင်းတွင်းမူလတန်းပညာသင်ကြားနေပုံ



ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ အနှိပ်အသက်မွေးဝမ်းကျောင်းပညာသင်ကြားခြင်း



ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကလေးများအဆင့်မြင့် ကွန်ပျူတာသင်တန်း သင်ကြားမှု(တက္ကသိုလ် ကျောင်းသား/ သူများ) Hardware A+,Software Insatllation, Networking N+,Internet , E-mail



ခဝဲခြံမျက်မမြင်ကျောင်းမှ ကလေးများ ကွန်ပျူတာသင်ကြားပေးနေပုံ



ခဝဲခြံမျက်မမြင်ကျောင်းမှကလေးများ၏
လက်မှုသက်မွေးပညာမုန့်ဖုတ်လုပ်ငန်းလုပ်ကိုင်နေပုံ



ခဝဲခြံမျက်မမြင်ကျောင်းမှ ကလေးများ
Crystal ထိုးခြင်းသင်ကြားနေပုံ



မေရီချက်မင်း နားမကြားသော
ကလေးများ အားကစားအစီအစဉ်



မေရီချက်မင်း နားမကြားသော
ကလေးများ အားကစားအစီအစဉ်



မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာမှ
မသန်စွမ်းကလေးများ ကိုဗစ် -၁၉
ကာကွယ်ဆေးထိုးနေပုံ



မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာမှ
မသန်စွမ်းကလေးများအား
သန်းခေါင်စာရင်းနှင့်မှတ်ပုံတင်ပြုလုပ်ပေးနေပုံ

# ရှမ်းပြည်နယ်
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ



မသန်စွမ်းသူများနေ့ အခမ်းအနား Zoom Meeting မြင်ကွင်းပုံ



လူကြိုက်အများဆုံး ဓာတ်ပုံ ပထမဆု



လူကြိုက်အများဆုံး ဓာတ်ပုံ ဒုတိယဆု



လူကြိုက်အများဆုံး ဓာတ်ပုံ တတိယဆု



ဒိုင်ရွေးချယ်သော ဓာတ်ပုံ ပထမဆု



ဒိုင်ရွေးချယ်သော ဓာတ်ပုံ ဒုတိယဆု



ဒိုင်ရွေးချယ်သော ဓာတ်ပုံ တတိယဆု



လူကြိုက်အများဆုံးနှင့် ဒိုင်ရွေးချယ်သော ဓာတ်ပုံနှစ်သိမ့်ဆုများ



ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ ညွှန်ကြားရေးမှူး ဦးထွန်းဦးမှ သူငယ်တော်ယေရှုကျောင်း မသန်စွမ်းနှင့် မိဘမဲ့ဂေဟာသို့ ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥများအား ထောက်ပံ့ပေးအပ်မှုမှတ်တမ်း

# ရေဝတီတိုင်းဒေသကြီး
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ အခြားအဖွဲ့အစည်းများမှ အချက်အလက်တို့ကို ပြည့်စုံစွာ ရရှိနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စက်တင်ဘာ (၃၀) ရက်နေ့ နောက်ဆုံးထား၍ ညှိနှိုင်းတောင်းခံရန်၊ | ရေဝတီတိုင်းဒေသကြီးအတွင်း မသန်စွမ်းသူတစ်ဦးလျှင် (၃) သောင်းနှုန်းဖြင့် ကနဦး ထောက်ပံ့ကြေးအဖြစ် ၂၀၁၈–၂၀၁၉ ခုနှစ်တွင်(၂၄၂၂၀)ဦးအတွက် ငွေကျပ် (၇၂၆၆ ၀၀၀၀၀/–) (ကျပ်ခုနှစ်ထောင့်နှစ်ရာခြောက်ဆယ့်ခြောက်သိန်းတိတိ)၊ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် (၂၅၉၈၆)ဦး အတွက် ငွေကျပ် (၇၇၉၅၈၀၀၀၀/–) (ကျပ်ခုနှစ်ထောင့်ခုနှစ်ရာ ကိုးဆယ့်ငါးသိန်းရှစ်သောင်းတိတိ) အား ထောက်ပံ့ပေးပြီးဖြစ်ပါသည်။ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဝန်ကြီးခရီးစဉ်၌ ပုသိမ်ခရိုင်မှ မသန်စွမ်းသူ (၃၄၁၇)ဦး၊ ဟသ်ာတခရိုင်မှ မသန်စွမ်းသူ(၂၀၇၁)ဦး၊ စုစုပေါင်း (၅၄၈၈)ဦးအတွက် ငွေကျပ် (၁၆၄၆၄၀၀၀၀/–)(ကျပ်တစ်ထောင့်ခြောက်ရာလေးဆယ့်ခြောက်သိန်းလေးသောင်းတိတိ) ကို ထောက်ပံ့ပေးခဲ့ပါသည်။ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအားထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်ရန် နှင့် မသန်စွမ်းသူ မှတ်ပုံတင်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပါသည်။ |

# မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်မှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ တိုင်းဒေသကြီး၊ ပြည်နယ် မသန်စွမ်းသူများအသင်း၏ အလုပ်အမှုဆောင်စာရင်းများအား အသင်းချုပ်သို့ ပေးပို့ရန်အတွက် ထပ်ဆင့် ရုံးစာဖြင့်ပေးပို့ရန်နှင့် အသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မသန်စွမ်းသူများ အသင်းများ၏ ရှေ့လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက်ခြင်း။

၂။ အသင်းချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် မသန်စွမ်းသူများအသင်းများ ပူးပေါင်း၍ မသန်စွမ်းသူများ ကိုဗစ်–၁၉ ဆေးထိုးနှံမှု အခြေအနေအရပ်ရပ်အား ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ အစီရင်ခံပေးပို့ခြင်း။

၃။ ကိုဗစ်–၁၉ ကာလတွင် နိုင်ငံတော်အတွင်း မသန်စွမ်းသူများအတွက် လိုအပ်သော ချိတ်ဆက်ဆောင်ရွက်မှု များအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း။

၄။ တိုင်းဒေသကြီး၊ ပြည်နယ်မသန်စွမ်းသူများအသင်းမှ အလုပ်အမှုဆောင်စာရင်းများအား ရယူပူးပေါင်း ဆောင်ရွက်ခြင်း။

၅။ အသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မသန်စွမ်းသူများအသင်းများနှင့် မိတ်ဖက်မသန်စွမ်းသူများအသင်း အဖွဲ့များတို့ ချိတ်ဆက်၍ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန် စွမ်းသူများနေ့နှင့်အကြိုလှုပ်ရှားဆောင်ရွက်မှုများအား ပူးပေါင်းဆောင်ရွက်ခြင်း။